# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၀၂၆)


## ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များနှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သတ်မှတ်ရက်များတွင် ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ Quarantine Center များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသည့် မဲဆန္ဒရှင်ပြည်သူများ၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေး မဆုံးရှုံးစေရန်အလို့ငှာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၂၉.၁၀.၂၀၂၀ ရက်နေ့မှစတင်၍ သတ်မှတ်နေရာများအလိုက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးအတွက် ဆန္ဒမဲပေးရာတွင် ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာရန်၊ Social Distancing နှင့်အညီ စနစ်တကျလိုက်နာ ဆောင်ရွက်ရန်နှင့် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ပါးစပ်၊ နှာခေါင်းစည်း (Mask) ၊ Face Shield များ၊ ရေမလိုလက်သန့်ဆေးရည်များကိုလည်း စနစ်တကျသုံးစွဲနိုင်ရန် ထားရှိပေးမည် ဖြစ်ပါသည်။

၄။ နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး ပစ္စည်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆန္ဒမဲကောက်ယူသည့် နေရာအလိုက် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၅။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ လိုက်ပါဆောင်ရွက်ကြမည့်သူများ အနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့်အညီ ဖြစ်စေရေး စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသောကြောင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆန္ဒမဲပေးကြရန်နှင့် ကြိုတင်ဆန္ဒမဲပေးရန် စီစဉ်ထားသည့် နေရာအဆောက်အဦသို့ လာရောက်သည့်အချိန်တွင်လည်း နိုင်ငံရေးပါတီတံဆိပ်ပါ အဝတ်အစားများ၊ အသုံးအဆောင်များ ဝတ်ဆင်သုံးစွဲ၍ လာရောက်ခြင်း မပြုပါရန် အသိပေး ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ထပ်မံရောက်ရှိ



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အောက်တိုဘာ ၂၅ ရက်က ထပ်မံရောက်ရှိလာစဉ်။ သတင်းစဉ်

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အထူးလေယာဉ်များသည် နံနက် ၃ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ နံနက် ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ နံနက် ၈ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ည ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း ရောက်ရှိကြသည်။

*စာမျက်နှာ ၄ ကော်လံ ၃* ◆


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ရွေးကောက်ပွဲ၊ ကိုဗစ်နှင့် မြန်မာ့အနာဂတ်ခရီး

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ကာကွယ် ကုသနိုင်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံအဖို့ ကြီးမားသည့် စိန်ခေါ်မှုဟု ဆိုရပါမည်။ ရောဂါပိုးကူးစက်ခံရသော လူနာ၊ ပိုးကူးစက်ခံရသူနှင့် တိုက်ရိုက်ထိတွေ့ထားသူ၊ ရောဂါပိုးရှိနိုင်သော သံသယလူနာ စသည့်အရေအတွက်နှင့် ထိုအရေအတွက်ကို ထားရှိနိုင်မည့် ဆေးရုံများ၊ သီးခြားခွဲထားသည့် ကန့်သတ်ဌာနများ အရေအတွက်က လုံလုံလောက်လောက် မျှမျှတတမဖြစ်သောကြောင့် နေရာဌာနကျပ်တည်းသည့် ပြဿနာက ယနေ့ရင်ဆိုင်နေရသော အကြီးဆုံး ပြဿနာတစ်ခု ဖြစ်နေသည်။

ဤသည်က ပြဿနာများစွာထဲက တစ်ခုမျှသာဟု ဆိုရပါမည်။ နေရာအကျပ်အတည်းပြဿနာက ရောဂါပိုးထိန်းချုပ်မှုတွင် ကြီးစွာသော အခက်အခဲဟုဆိုရသော်လည်း ရောဂါပိုး ကူးစက်ခံရပြီးသူများကို ကျွေးမွေးရသည်ကအစ အခြေအနေအရ လိုအပ်သော အောက်ဆီဂျင်ပေးရသည်များ၊ ဆပ်ပြာရည်၊ လက်သန့်ဆေးရည်နှင့် ပိုးသတ်ဆေးရည်များ၊ ပီပီအီးဟုခေါ်သည့် အကာအကွယ်ဝတ်စုံများ စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရသည်များကလည်း မလွယ်ကူလှသော လိုအပ်ချက်များဖြစ်ပါသည်။ ကိုဗစ်ရောဂါပိုး ပြန့်ပွားမှုသည် ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံအတွက် အကြီးမားဆုံး ပြဿနာအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

သို့သော်၊ အခြားသော ရင်ဆိုင်ရမည့်အရေးတစ်ခုရှိနေသည်။

ကိုဗစ်ရောဂါပိုးပြန့်ပွားမှုနှင့် တန်းတူညီမျှဆိုသလို အရေးကြီးသော ရင်ဆိုင်ရမည့်အရေးမှာ ရွေးကောက်ပွဲဖြစ်ပါသည်။ ယခုအခါ နောက်ထပ် ရက်သတ္တနှစ်ပတ်သာ လိုတော့သော အထွေထွေရွေးကောက်ပွဲက အသင့်စောင့်နေပြီ ဖြစ်၍။ ပြည်သူလူထုဘက်ကလည်း ဒီမိုကရေစီအရေးအတွက် အရေးကြီးသော အဆင့်တစ်ဆင့်အဖြစ် သဘောထားကာ နိုဝင်ဘာရွေးကောက်ပွဲတွင် မဲထည့်ကြရန် အသင့်ပြင်နေကြပြီဖြစ်၍။

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု စည်းကမ်းများနှင့်အညီ ရွေးကောက်ပွဲကို မည်သို့မည်ပုံ စနစ်တကျ ကျင်းပမလဲဆိုသည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မတီက စီမံဆောင်ရွက်နေပြီ ဖြစ်၍။

ဤအစီအမံ အပြင်အဆင်သည် မြန်မာနိုင်ငံတွင်း လက်ငင်းရင်ဆိုင်နေရသော ကိုဗစ်ရောဂါပြန့်ပွားမှု ထိန်းချုပ်ကာကွယ်ရေးနှင့် အထွေထွေရွေးကောက်ပွဲဟူသည့် လုပ်ငန်းရပ်ကြီးနှစ်ခုကို အန္တရာယ်အနည်းပါးဆုံးဖြစ်အောင် မည်သို့အကောင်အထည်ဖော်ကြမည်ဆိုခြင်းကို ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကိုဗစ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးက နိုင်ငံသားတို့၏ အသက်ဘေးအန္တရာယ်ကင်းရှင်းရေးကို အရေးအကြီးဆုံး ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။ ထိုဆောင်ရွက်မှုတွင်လည်း အထက်တွင်ဖော်ပြခဲ့သလို နေရာထိုင်ခင်းအခက်အခဲမှအစ အစားအသောက်၊ ဆေးဝါး၊ သောက်ရေသုံးရေနှင့် ရေဆိုးမိလ္လာဖြေရှင်းရေး၊ အမှိုက်စွန့်ပစ်ရေးမှအစ မြောက်မြားလှစွာသော အရေးပေါ်ကိစ္စတို့ကို ရှိသမျှသော စွမ်းအင်၊ ရှိသမျှသော အထောက်အပံ့၊ ရနိုင်သမျှသော လူသူအင်အားတို့ဖြင့် ဖြေရှင်းနေရခြင်းဖြစ်ပါသည်။

ထို့အတူ ရွေးကောက်ပွဲဆိုသည်ကလည်း ယခု မဆောင်ရွက်လျှင်လည်း နောင်အချိန်တစ်ခုခုတွင် မဖြစ်မနေ အကောင်အထည်ဖော်ရမည့် တာဝန်တစ်ခုအနေဖြင့် တည်ရှိနေပါသည်။ ကိုဗစ်ရောဂါ၏ ခြိမ်းခြောက်နေမှုက မည်သည့်အချိန်တွင် ရာနှုန်းပြည့် ပြီးစီးအေးချမ်းမည်ကို ခန့်မှန်းရန်လည်း ခက်ခဲလှပေသည်။

နိုင်ငံတကာတို့၏ နမူနာတို့ကို လေ့လာရင်း၊ ပြည်တွင်း အနေအထားကို တွက်ဆရင်း၊ ကျန်းမာရေးဆိုင်ရာ ပညာရှင်တို့၏ ညွှန်ကြားချက်များကို လိုက်နာရင်း ဆောင်ရွက်ရမည့် အတော်ပင်ခက်ခက်ခဲခဲ အကောင်အထည်ဖော်ရမည့် ရွေးကောက်ပွဲဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ လက်ငင်း မဖြစ်မနေ ရင်ဆိုင်ရမည့်ကိစ္စတို့ကို အကောင်းဆုံးပြင်ဆင်ရင်ဆိုင်ကြရင်း လိုအပ်သမျှသော အကာအကွယ်နှင့် စီမံမှုတို့ကိုလည်း ချမှတ်ပြဋ္ဌာန်းကြရမည်သာ ဖြစ်ပါသည်။ အခက်အခဲများ အကျပ်အတည်းများဆိုသည်က ရှိနေတတ်သည့် လောကသဘာဝပင်ဖြစ်လေရာ၊ ထိုအခက်အခဲများကို ပြည်သူလူထု၏ စနစ်တကျ နေထိုင်မှု၊ စနစ်တကျ မဲပေးမှုစသည်တို့ဖြင့် အောင်မြင်အောင် ကျော်လွှားဖြတ်သန်းရမည်သာ။

အုပ်ချုပ်ရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက် စီမံခန့်ခွဲနေသည့် ကျန်းမာရေးဆိုင်ရာပညာရှင်နှင့် တာဝန်ရှိသူများ၊ လက်တွေ့ရင်ဆိုင် တိုက်ပွဲဝင်နေကြသော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်း၊ ပရဟိတအင်အားစုများ အစရှိသည့် ပြည်သူ့သူရဲကောင်းများနှင့် စည်းကမ်းလိုက်နာ သေဝပ်သော ပြည်သူလူထုအင်အားတို့က ကိုဗစ်ရောဂါကူးစက် ပြန့်ပွားနေမှုကို ထိန်းချုပ်နိုင်ရေးနှင့်အတူ လွတ်လပ်တရားမျှတသော အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် အထောက်အပံ့ ဖြစ်ပါစေသား။ ။

## ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ကာတွန်းပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ကြီး၏ သာယာလှပမှုများ၊ အေးချမ်းပျော်ရွှင်မှုများ၊ ကြည်နူးဝမ်းမြောက်ဖွယ်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများ၊ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ပုံများ စသည်တို့ကို ဖော်ညွှန်းရေးဆွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။

**ကာတွန်းပြိုင်ပွဲ**

ကာတွန်းပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် ကာတွန်းတစ်ပုံသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ကာတွန်းများကို လက်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့်ဖြစ်စေ ရေးဆွဲယှဉ်ပြိုင်နိုင်ပြီး A3 အရွယ်စာရွက်ဖြင့် ရေးဆွဲပေးပို့ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲဝင်သည့် ကာတွန်းကို ဆေးရောင်စုံခြယ်၍ ယှဉ်ပြိုင်နိုင်သော်လည်း ရောင်စုံခဲတံ၊ ရောင်စုံ ဖယောင်းနှင့် အဏုမြူဆေးရောင်စုံတို့ကို အသုံးမပြုရပါ။

**ပေးပို့ရန်**

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်ကာတွန်းကို ကိုယ်တိုင်ရေးကာတွန်းဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကာတွန်းများကို နိုဝင်ဘာလ (၁၆) ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက်၊ ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်သည်။

သတင်းစဉ်

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်အစီအစဉ်တွင် အိတ်ချ်ပီဗီကာကွယ်ဆေး စတင်ထည့်သွင်းခြင်း မြို့နယ်အဆင့်ဖွင့်ပွဲ ကျင်းပ

**ကျုံပျော် အောက်တိုဘာ ၂၅**

ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်အစီအစဉ်တွင် အိတ်ချ်ပီဗီ ကာကွယ်ဆေး စတင်ထည့်သွင်းခြင်း မြို့နယ်အဆင့် ဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။**(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်း ဗီဒီယို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ အိတ်ချ်ပီဗီကာကွယ်ဆေး စတင်ထည့်သွင်းခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားချက်နှင့် ကာကွယ်ဆေးစတင်ထိုးနှံခြင်း ပညာပေးဗီဒီယိုတို့ကို ပြသပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက ကျုံပျော်မြို့နယ်အတွင်း ဆောင်ရွက်သွားမည့် အဆိုပါ ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီက ဆေးထိုးလုပ်ငန်းအောင်မြင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်သူအားလုံး ပူးပေါင်းပါဝင်လာရန် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ကျုံပျော်မြို့နယ်တွင် အဆိုပါ အိတ်ချ်ပီဗီ ကာကွယ်ဆေးကို ၁.၉.၂၀၁၀ မှ ၃၁.၈.၂၀၁၁ အတွင်း မွေးဖွားသည့် အသက် ကိုးနှစ်မှ ၁၀ နှစ်အထိ မိန်းကလေးပေါင်း ၂၂၄၆ ဦးကို ထိုးနှံပေးသွားမည်ဖြစ်ပြီး မိန်းကလေး တစ်ဦးအတွက် အိတ်ချ်ပီဗီ ကာကွယ်ဆေးတစ်ကြိမ်စာ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဒေါ်လာ ကုန်ကျကြောင်း၊ ပထမအကြိမ်ထိုးနှံအပြီး ၁၂ လ ခြားကာ ဒုတိယအကြိမ် ထိုးနှံပေးသွားမည် ဖြစ်သဖြင့် ကာကွယ်ဆေး အပြည့်အဝရရှိရန် နှစ်ကြိမ် ထိုးနှံရန် လိုအပ်ကြောင်း၊ မြို့နယ်အတွင်း ဆေးထိုးစုရပ်ပေါင်း ၁၅၅ ခုတွင် ဆေးထိုးအဖွဲ့ပေါင်း ၅၄ ဖွဲ့ဖြင့် အောက်တိုဘာ ၂၁ ရက်မှ စတင်ကာ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

# ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ အပတ်စဉ်တင်ပြဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ အပတ်စဉ် တင်ပြဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများ၏ (၉၀) ရာခိုင်နှုန်းသည် ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါစသည့် နာတာရှည်အခံရောဂါ ရှိနေသူများ ဖြစ်သည့်အပြင် သေဆုံးသူ အများစုသည် အသက်အရွယ်ကြီးသူအမျိုးသားများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ နာတာရှည်ရောဂါအခံရှိသူများနှင့် အသက်အရွယ်ကြီးသူများ အနေဖြင့် မိမိအိမ်တွင်သာ နေထိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်ရသည့် တစ်အိမ်တည်းနေသူများထံမှတစ်ဆင့် ရောဂါကူးစက်ခံရနေမှုများကို တွေ့ရှိရပါကြောင်း။

### အထူးသတိပြု လိုက်နာ

ထိုသို့ နာတာရှည်ရောဂါရှိသူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် တစ်အိမ်တည်း နေထိုင်သူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ သီးခြားစားသောက်ခြင်း၊ အချိန်ခြား၍ စားသောက်ခြင်းနှင့်ဖြစ်နိုင်ပါက သီးခြားအိပ်စက်ခြင်းတို့ကို အထူးသတိပြုလိုက်နာဆောင်ရွက်ကြရန် မြို့နယ်၊ ရပ်ကွက်များတွင် လက်ကိုင်အသံချဲ့စက်များ အသုံးပြုကာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ကြစေလိုပါကြောင်း၊ အသိပေးနှိုးဆော်မှုများအပြင် အသွားအလာ ကန့်သတ်ရာနေရာ (Quarantine Site) များ၊ လတ်တလော အနံ့ပျောက်လက္ခဏာ ရှိသူများထားရှိရာ စင်တာများ၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသမှုဌာနများတွင် ရောက်ရှိနေသည့် မကူးစက်တတ်သော ရောဂါအခံရှိသူများတွင် သောက်လက်စဆေးဝါးများ မပြတ်လပ်စေရေးအတွက် မိမိတို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းတို့အားလည်း အခြားရောဂါအခံမရှိသူများနှင့် ကွဲပြားရန်နှင့် မြင်သာစေရန် တစ်နည်းနည်းဖြင့် အမှတ်အသား ပြုလုပ်ကာ ၎င်းတို့ကို ရောဂါအခြေအနေကို အထူးစောင့်ကြပ်ကြည့်ရှုရမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ အပတ်စဉ် တင်ပြဆွေးနွေးပွဲ တက်ရောက်စဉ်။ သတင်းစဉ်

### လေ့လာဆန်းစစ်သုံးသပ်

ဝန်ကြီးဌာနမှ မကူးစက်တတ်သောရောဂါ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ အဆိုပါစင်တာများနှင့် ဆေးရုံများသို့ ဆေးဝါးများ ဖြန့်ဝေထားသည် ဆိုသော်လည်း ရောက်ရှိမှု ရှိ၊ မရှိနှင့် ရောက်ရှိပါကလည်း ၎င်းလူနာများ သောက်သုံးမှု ရှိ၊ မရှိ အခြေအနေကိုလည်း ဆန်းစစ်သုံးသပ်ကာ လိုအပ်သလို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ အခြားနိုင်ငံများတွင် ကိုဗစ်-၁၉ နှင့် နာတာရှည်ရောဂါအခံရှိသူတို့ ဆက်စပ်သေဆုံးမှု အခြေအနေများကိုလည်းကောင်း၊ ကုသမှုကုထုံးများကိုလည်းကောင်း လေ့လာဆန်းစစ်သုံးသပ်စေလိုပါကြောင်း။

### နေ့စဉ်သုံးသပ်လျက်ရှိ

ယခုအချိန်၌ အသွားအလာကန့်သတ်ထားရာနေရာ၊ လတ်တလော အနံ့ပျောက်လက္ခဏာရှိသူများ ထားရှိရာ စင်တာများနှင့် ဆေးရုံသို့ ရောက်ရှိလာသူများ နည်းပါးလာစေရေးနှင့် ကူးစက်ပျံ့နှံ့မှု ကျဆင်းစေရန်အတွက် အဓိကလုပ်ဆောင်ရမည်မှာ ပြည်သူ့ကျန်းမာရေး နည်းဗျူဟာများအနက် ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများပင်ဖြစ်သဖြင့် ဤကိစ္စအား ပိုမိုအားဖြည့် ဆောင်ရွက်စေလိုပါကြောင်း၊ အသွားအလာကန့်သတ်ထားရာနေရာ၊ လတ်တလောအနံ့ပျောက်လက္ခဏာရှိသူများ ထားရှိရာစင်တာများ၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများ၌ လူနာများအား ခုတင်နေရာချကာ စနစ်တကျထားရှိနိုင်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နေ့စဉ်ဆွေးနွေးလုပ်ဆောင်နေသည့် အဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါနေရာများ၌ လူနာများဆိုင်ရာ သတင်းအချက်အလက်များကို ပြုစုရာတွင်လည်း လွယ်ကူလျင်မြန် ရိုးရှင်းသည့်ပုံစံများဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ယင်းမှ ထွက်ပေါ်လာသည့် သတင်းအချက်အလက်များကိုလည်း ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ နေ့စဉ်သုံးသပ်လျက်ရှိပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှု ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသမှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းထားရှိမှုများကို သဘောတူပါသဖြင့် ဆက်လက်၍ အသေးစိတ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုတင်ပြဆွေးနွေးရာတွင် လက်ရှိ အခြေအနေအရပ်ရပ်အား ခြုံငုံသုံးသပ်မှုများနှင့် လိုအပ်ချက်များအား ရှင်းလင်းစွာဖြင့် တင်ပြကြရန် ဖြစ်ကြောင်း ပြောကြားသည်။

> **"ကိုဗစ်-၁၉ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် အဓိကဆောင်ရွက်ရမည့်အချက်မှာ မိမိတို့ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းနည်းဗျူဟာများကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ပံ့ပိုးပါဝင်မှုများဖြင့် အထူးအားဖြည့်ဆောင်ရွက်ရမည့် အချက်ဖြစ်"**

### မွမ်းမံပြင်ဆင်ထားရှိ

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ လူနာများကုသမှုပေးနေသည့် ဆေးရုံနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများအလိုက် စောင့်ကြည့် လူနာခုတင်များ၊ ကိုဗစ်-၁၉ လူနာခုတင်၊ အောက်ဆီဂျင်ပေးကုသမှုဆောင်ရွက်နိုင်သည့် လူနာခုတင်များ၊ အထူး ကြပ်မတ်ကုသဆောင်များ အရေအတွက်၊ လက်ရှိတက်ရောက် ကုသမှုခံယူနေသည့် အရေအတွက်နှင့် လူနာများကုသရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာ တိုးသီရိအောင် က ဓာတ်ခွဲစစ်ဆေးမှုနှင့် ဓာတ်ခွဲအတည်ပြု လူနာတွေ့ရှိမှု အခြေအနေများ၊ အသွားအလာကန့်သတ်ထားရှိမှု အခြေအနေများနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒ ခြုံငုံသုံးသပ်မှုများကို လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကူးစက်) ဒေါက်တာထွန်းတင်က ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုချက်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုးက ရပ်ကွက်များနှင့် ဈေးများ၌ ရပ်ကွက်တွင် နေထိုင်သူများကလည်းကောင်း၊ ဈေးများတွင် ဈေးရောင်းချသူနှင့် ဈေးဝယ်သူများကလည်းကောင်း အသံချဲ့စက်ငယ်များဖြင့် ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေခြင်း၊ အချင်းချင်း အသိပညာပေးနှိုးဆော်ခြင်း (Peer Education) ပုံစံဖြင့် ဆောင်ရွက်သွားရန် အကြံပြုချက်နှင့် ထိုသို့အသိပညာပေးရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာ အချက်အလက်များကို လွယ်ကူရိုးရှင်းစေရေး မွမ်းမံပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က အကျဉ်းထောင်နှင့် အချုပ်ထောင်အချို့တွင် ကိုဗစ်-၁၉ ဖြစ်ပွားတွေ့ရှိမှု အခြေအနေနှင့် အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဈေးများတွင် ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်းအပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနများရှိ ကျန်းမာရေးဌာနများ ပါဝင်ဆောင်ရွက်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်သွားရေးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ပုဂ္ဂလိကဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်ခြင်းနှင့် ဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသမှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းထားရှိမှုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း တင်ပြကြသည်။

### အတတ်နိုင်ဆုံးပံ့ပိုးသွားမည်

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆုံးဖြတ်ဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအချိန်၌ ကိုဗစ်-၁၉ ကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် အဓိကဆောင်ရွက်ရမည့်အချက်မှာ မိမိတို့ ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းနည်းဗျူဟာများကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ပံ့ပိုးပါဝင်မှုများဖြင့် အထူးအားဖြည့်ဆောင်ရွက်ရမည့် အချက်ဖြစ်ပါကြောင်း၊ လက်ကိုင်အသံချဲ့စက်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ၌ ရပ်ကွက်သူ/သားများ၊ ဈေးရောင်းသူများ၊ ဈေးဝယ်သူများ၊ စက်ရုံ/ အလုပ်ရုံအလုပ်သမားများက ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေခြင်းဖြင့်လည်းကောင်း၊ မိမိနေအိမ်နှင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများက အချင်းချင်း ကျန်းမာရေး အသိပညာများ မျှဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှု မများပြားသေးသည့် တိုင်းဒေသကြီး/ပြည်နယ်များ အနေဖြင့်လည်း မိမိတိုင်းဒေသကြီး/ ပြည်နယ်များ၌ ဖြစ်တော့မည်ဟူသော ပုံစံဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ နှီးနွှယ်ဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတစေတနာရှင်များနှင့် ပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများကို အလေးထား ဆောင်ရွက်စေလိုပါကြောင်း၊ လိုအပ်သည်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးပံ့ပိုးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် Rapid Test Kit ဖြင့် ရောဂါပိုး ရှိ/မရှိ စစ်ဆေးနေမှုများကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်မည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကျန်းမာရေးစစ်ဆေးပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှု ပြတ်တောက်ခြင်းမရှိစေရေးနှင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုမရှိစေရန် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်မည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နှင့် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း ဇီးရိုးမိုင်တို့ရှိ စစ်ဆေးရေးဂိတ်များတွင် ကိုဗစ် -၁၉ ရောဂါပိုး ရှိ / မရှိ စစ်ဆေးနေမှုများနှင့် ပိုးတွေ့လူနာတွေ့ရှိပါက သက်ဆိုင်ရာ ရောဂါကုသရေးဌာနသို့ မပို့ဆောင်မီ ယာယီကျန်းမာရေး စောင့်ရှောက်ထားရှိမည့် အဆောင်ကို ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများကို နှုတ်ဆက်အားပေးပြီး လိုအပ်သည်များကို ညွှန်ကြားခဲ့သည်။

ဇီးရိုးမိုင် စစ်ဆေးရေးဂိတ်တွင် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ယနေ့အထိ ၁၅၀၀ ခန့် စစ်ဆေးပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၁၀ ဦးကျော်နှင့် အုပ်စု နှစ်စုခွဲပြီး နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိတစ်နေ့လျှင် သုံးကြိမ်ဖြင့် အလှည့်ကျစစ်ဆေးပေးလျက်ရှိကြောင်း လှည်းကူးမြို့နယ် ဆရာဝန်ကြီး ဒေါက်တာရန်နိုင်ဆွေထံမှ သိရသည်။

ထိုသို့စစ်ဆေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုများဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီတို့က ဆောင်ရွက်ခြင်းဖြစ်ပြီး ရောဂါပိုး ရှိ /မရှိ စစ်ဆေးရာတွင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ပေးသွင်းရပြီး ကျန်းမာရေးထောက်ခံစာ တစ်ပါတည်း ပေးအပ်ခဲ့ကာ ရောဂါပိုးမတွေ့ရှိသူများသည် ၇၂ နာရီ၊ ၃ ရက်ကျော်ပါက ထပ်မံစစ်ဆေးရမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Max Highway Co., Ltd နှင့် ဧရာဝတီဖောင်ဒေးရှင်းတို့မှ ဆောက်လုပ်လှူဒါန်းသည့် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာရှိ တိုင်းဒေသကြီး အဝင် /အထွက် လုံခြုံရေးနှင့် ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးရေးစခန်း (လှည်းကူး)တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



---

# ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ ဆက်သွယ်သည့် သခွပ်မြစ်တံတားသစ် တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် နှင့် ကော့မှူးမြို့နယ်ချင်း ဆက်သွယ်ထားသော ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်း လမ်းပေါ်ရှိ သခွပ်မြစ်တံတားအသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့-၃၊ တံတားအထူးအဖွဲ့ (၁၁) မှ တာဝန်ယူတည်ဆောက်လျက်ရှိရာ လက်ရှိအချိန်တွင် တံတားတစ်စင်းလုံး၏ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၂၁ ခုနှစ် မတ်လကုန်တွင် အချောသပ်လုပ်ငန်းများ အားလုံးဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝေအောင် ထံမှ သိရသည်။



သခွပ်မြစ်တံတားသည် ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်း လမ်းပေါ်တွင် တည်ရှိသော လမ်းပိုင်းဖြစ်ပြီး နေ့စဉ်ယာဉ်အစီးရေ ၅၀၀ ကျော် ကူးသန်းသွားလာလျက်ရှိသည်။ ယခင်တံတားဟောင်းမှာ နှစ်ကာလ ကြာရှည်မှုနှင့် တံတားကြံ့ခိုင်မှု အားနည်းလာခြင်းကြောင့် တံတားအသစ်တည်ဆောက်ခြင်း စီမံကိန်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

သခွပ်မြစ်တံတား အသစ်မှာ အရှည် ၄၉၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆လက်မ စုစုပေါင်း အကျယ် ၃၁ ပေရှိပြီး ရေလမ်းကင်းလွတ်အမြင့် ၂ မီတာ၊ ရေလမ်း ကင်းလွတ် အကျယ် ၂၉ ဒသမ ၂၆ မီတာ၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် + သံမဏိရက်မ (အပေါ်ထည်) ဖြစ်ကာ တံတားအောက်ထည်မှာ သံကူကွန်ကရစ် အချင်း ၁ ဒသမ ၀ မီတာ ဘိုးပိုင်ဖြင့် တည်ဆောက်လျက်ရှိရာ တံတားစီမံကိန်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂၅၀၃ သန်း ကုန်ကျမည်ဖြစ်သည်။

အဆိုပါ သခွပ်မြစ်ကူးတံတားသစ် တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ အချင်းချင်းချိတ်ဆက် သွားလာနိုင်မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်မှုနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

**နိုင်လင်းကျော်(ဒလ)၊ ဓာတ်ပုံ-တံတားအထူးအဖွဲ့(၁၁)**

---

## စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်ရေးနှင့် သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်ရေးနှင့် သောက်သုံးရေ လိုအပ် ချက်များ ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက Virtual Meeting စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လက်ရှိမိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေ ပေးဝေထားသည့် အခြေအနေနှင့်လာမည့် နွေစပါးနှင့် အခြားသီးနှံများအတွက် ရေပေးဝေမည့် အခြေအနေများ၊ နွေစပါးရေပေး ရာသီမတိုင်မီ ရေပေးဝေရန် ခက်ခဲသည့် တူးမြောင်းများနှင့် အဆောက်အအုံများ အချိန်မီပြင်ဆင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လက်ရှိရေအသုံးချသူများအဖွဲ့ ( Water User Groups) များ ဖွဲ့စည်းနိုင်မှုအခြေအနေနှင့် ရေအသုံးချသူများအသင်း (Water User Associations) အဖြစ် တိုးတက်ဖွဲ့စည်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် ရန်ပုံငွေဖြင့် စီမံဆောင်ရွက်မည့် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကြုံတွေ့ရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများအား ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြသည်။

**ညီညီသန်း (နေပြည်တော်)**

---

◆ *ရှေ့ဖုံးမှ*

အထောက်အကူပစ္စည်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ တစ်ဆင့် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အောက်တိုဘာ ၂၅ ရက်က ထပ်မံရောက်ရှိလာစဉ်။ သတင်းစဉ်

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၃၆ / ၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၃၆/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ အရ လူ ၃၀ ဦး ဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့်ကိစ္စရပ်များတွင် “ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန်(SOP)နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းအပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း” ကိစ္စရပ်ကို ထပ်မံဖြည့်စွက်သည့် အမိန့်အား ၆-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၁/၂၀၂၀ နှင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်အမှတ် ၁၀၁/၂၀၂၀ တွင် ဖော်ပြထားသည့် **ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းကိစ္စရပ်များအတွက် စုဝေးခြင်းပြုနိုင်သည့် လူအရေအတွက်၊ နေရာနှင့် စပ်လျဉ်း**၍ သတ်မှတ်ခွင့်ပြုချက်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၆-၉-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ပါ စည်းကမ်းချက်နှင့်ကိုက်ညီစေရန် ၆-၁၁-၂၀၂၀ ရက်နေ့ ည ၁၂ နာရီအချိန်ထိသာ အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၃၇ / ၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၃၇/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019- COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ ဖြင့် လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် မဲရုံများအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်ကိုက်ညီစွာ ဆောင်ရွက်နိုင်ရန် လူ ၃၀ ဦးထက်ပို၍ စုဝေးခြင်းကို ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဟုမ္မလင်းမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ ခန္တီးမြို့နှင့် တမူးမြို့တို့တွင် ၁ ဒသမ ၅၄ လက်မစီ၊ စစ်တွေမြို့တွင် ၁ ဒသမ ၄၅ လက်မ၊ ပူတာအိုမြို့နှင့် ကျောက်တော်မြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မြောက်ဦးမြို့နှင့် မာန်အောင် မြို့တို့တွင် ၁ ဒသမ ဝ၂ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**



# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံးတို့မှ ပူးပေါင်းစီစဉ်သည့် (၇) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။**(အပေါ်ပုံ)**

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၂၈ ဦး၊ ပနားမားမှ ၁၄ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၇၂ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၄ ဦး လိုက်ပါခဲ့ကြသည်။ ထို့ပြင် ပြည်ပနိုင်ငံအရပ်ရပ်၌ စာချုပ်သက်တမ်းကျော်လွန်၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၃ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် စင်းလုံးငှားကယ်ဆယ်ရေး လေယာဉ်ဖြင့် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ နံနက်၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကိုးပေခွဲခန့်တွင် ရောက်ရှိ နေသည်။ အဆိုပါ မြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့်တွင် ရောက်ရှိ နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကနီမြို့နယ်နှင့် မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လယ်ယာကဏ္ဍအရှိန်မြှင့်တင်ရေးအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်၏ အကျိုးကျေးဇူး

ဝင်းလှိုင်ဦး

**ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်- ၁၉ ရောဂါကြောင့် လူမှုရေး၊ စီးပွားရေးရိုက်ခတ်မှုများ ရှိနေပါသည်။ ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် ကမ္ဘာတစ်ဝန်းရှိ လူဦးရေအများအပြားမှာ အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးလျက် လူမှုစီးပွားရေးနယ်ပယ်တွင် ထိခိုက်နစ်နာမှု အလွန်များပြားနေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ကိုဗစ်- ၁၉ ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို တိုင်းသူပြည်သား၊ တောင်သူလယ်သမားများပါ ခံစားနေရလျက်ရှိပါသည်။**

### ကိုဗစ်ကြောင့် စိုက်ပျိုးမှုနှုန်း မလျော့ကျရေး ကြိုးစား

ကပ်ရောဂါဆိုးကြီး၏ ရိုက်ခတ်မှုကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကုစားနိုင်ရန်အတွက် ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP)ကို ဆောင်ရွက်ခဲ့ပြီး ထိုအစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဗီနိုင်းများ၊ ပညာပေးစာစောင်များ၊ ပညာပေးစာအုပ်များ ဖြန့်ဝေခြင်း၊ ICT Based ပညာပေးလုပ်ငန်းများ ပြုလုပ်ခြင်း၊ မျိုးစေ့ထုတ်တောင်သူများအား ငွေကြေးထောက်ပံ့ခြင်း၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဓာတ်ခွဲခန်းအသစ်များ တည်ဆောက်ခြင်းနှင့် Home Gardening များ ဆောင်ရွက်နိုင်ရန် မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာများထောက်ပံ့ခြင်း စသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးလျက်ရှိသည်။

လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုဖြစ်စဉ်များကြောင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုကျဆင်းခြင်း မဖြစ်စေရေးအတွက် တောင်သူများ လိုက်နာဆောင်ရွက်နိုင်ရန် တောင်သူများထံအရောက် Mobile Extension စနစ်ဖြင့် သွားရောက်၍ ပညာပေးခြင်း၊ Viber Group နှင့် Messenger Group များမှ နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည်။

လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်လာနိုင်မှုများကို ကြိုတင် ကာကွယ်၊ တုံ့ပြန်သည့်အနေဖြင့် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပြီး စီးပွားဖြစ် စပါးမျိုးသန့်မျိုးစေ့ ကေတစ်သိန်း စိုက်ပျိုးထုတ်လုပ်သွားမည့်စီမံချက်ကို အသေးအနက်လုပ်ဆောင်ခဲ့သည်။

အဓိက ရည်ရွယ်ချက်များမှာ စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူများ လိုအပ်ချိန်တွင် လိုအပ်သည့်ပမာဏအတိုင်း အလွယ်တကူရရှိအသုံးပြုနိုင်စေရန်၊ ကိုဗစ်-၁၉ ရောဂါကြောင့် တောင်သူများ ဝင်ငွေထိခိုက်မှုမရှိစေရေး ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်တို့ ဖြစ်သည်။

### မျိုးစေ့ထုတ်တောင်သူများ ရွေးချယ်

မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်ကန်ပြီး အရည်အသွေးကောင်းသော မျိုးကောင်းမျိုးသန့်များထွက်ရှိရန် နည်းပညာအတိုင်း လိုက်နာလုပ်ဆောင်ကြမည့် တောင်သူများကို လိုအပ်မည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မျိုးစေ့ထုတ်သမဝါယမအသင်းများ၊ မျိုးစေ့ထုတ်တောင်သူ အစုအဖွဲ့များ၊ အကျိုးဆောင်တောင်သူများအား ရွေးချယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။



ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ဖြင့် ဆောင်ရွက်ထားသော မိုးစပါးမျိုးစေ့ထုတ် SRI စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

> **"လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်လာနိုင် မှုများကို ကြိုတင်ကာကွယ်၊ တုံ့ပြန်သည့်အနေဖြင့် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အဓိက လိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ဆောင်ရွက်ခဲ့ပြီး စီးပွားဖြစ် စပါးမျိုးသန့်မျိုးစေ့ ကေတစ်သိန်း စိုက်ပျိုးထုတ်လုပ်သွားမည့်စီမံချက်ကို အလေးအနက် လုပ်ဆောင်ခဲ့"**

မျိုးစေ့ထုတ်တောင်သူများ ရွေးချယ်သတ်မှတ်ရာတွင် မျိုးစေ့ထုတ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ခြင်း၊ ဌာနနှင့် မျိုးစေ့ထုတ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသည့် အကျိုးဆောင်တောင်သူဖြစ်ခြင်း၊ မျိုးစေ့ထုတ်တောင်သူ အစုအဖွဲ့ (သို့မဟုတ်) မျိုးစေ့ထုတ် သမဝါယမအသင်းဝင် တောင်သူဖြစ်ခြင်း၊ မျိုးသန့်မျိုးပွားမျိုးစေ့ (RS) ကို အသုံးပြုစိုက်ပျိုးသူဖြစ်ခြင်း၊ ကျွမ်းကျင်သူ ဌာနဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခြင်းကို လက်ခံလိုက်နာသူဖြစ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနက ထောက်ခံထားသည့် မျိုးစေ့ထုတ် စိုက်ပျိုးနည်းစနစ်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သည့် တောင်သူဖြစ်ခြင်းနှင့် ရရှိလာသော စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်(CS)များကို မျိုးစေ့အရည်အသွေး စစ်ဆေးခြင်းခံယူ၍ ထောက်ခံချက်ရယူကာ တောင်သူများထံသို့ မျိုးအဖြစ် ဆက်လက်ဖြန့်ဖြူးပေးပြီး ဖြန့်ဖြူးမှုမှတ်တမ်းကို စနစ်တကျ ပြုစုထားနိုင်သူဖြစ်ခြင်း စသည့် သတ်မှတ်ချက်များဖြင့် ရွေးချယ်ခဲ့သည်။

### စိုက်ပျိုးနည်းစနစ်များ နည်းပညာပေး

တောင်သူများအနေဖြင့် မျိုးစေ့ထုတ်စိုက်ပျိုးရာတွင်- မိမိတို့ ရေမြေအနေအထားနှင့် စိုက်ပျိုးသည့်မျိုးအရ သင့်လျော်မည့် တစ်ကေ ကောက်ကွက်ဝင်ဆံ့နိုင်ရန် လိုအပ်မည့် ပင်ကြား၊ တန်းကြားကို ရွေးချယ်စိုက်ပျိုးရန်၊ ပေါင်ပျိုးစနစ်၊ SRI စနစ်များ အပါအဝင် အစိုတမန်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးရန် (သို့မဟုတ်) ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်၊ ကောက်ကွက်တစ်ကွက်လျှင် လက်ဆနှစ်ပင်ထက် မများစေရန်၊ ခြောက်တန်းတစ်တန်းလုပ်စနစ်ကို ကျင့်သုံးစိုက်ပျိုးရန်၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းကို စတင်စိုက်ပျိုးသည်မှ အပင်သက်တမ်းတစ်လျှောက်လုံး ဆောင်ရွက်ရန်နှင့် မျိုးရောမှုမရှိစေရန် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ သန့်စင်ခြင်း၊ မျိုးစေ့သန့်စင်စက်ဖြင့် သန့်စင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းများအထိ စနစ်တကျဆောင်ရွက်ရန် စသည်တို့ကို ပညာရှင်များက နည်းပညာပေးခဲ့သည်။

CERP အစီအစဉ်အရ စပါးမျိုးစေ့ထုတ် ကေတစ်သိန်း စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်တွင် ပါဝင်သူများအား တစ်ကေလျှင် အပင်ပြုစုခြင်း လုပ်ခငွေကျပ် ၇၅၀၀၀၊ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ခငွေကျပ် ၅၀၀၀၀၊ မျိုးစေ့သန့်စင်ခြင်း လုပ်ခငွေကျပ် ၁၅၀၀၀ နှင့် အရည်အသွေးကောင်း မျိုးဖြစ်ပါက မျိုးစေ့ဖိုး ငွေကျပ် ၁၀၅၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၅၀၅၀၀၊ အထွက်ကောင်းမျိုးဖြစ်ပါက မျိုးစေ့ဖိုး ငွေကျပ် ၈၅၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၄၈၅၀၀ တို့ကို ထောက်ပံ့ခဲ့သည်။

နိုင်ငံနှင့်အဝန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၌ တောင်သူ ၂၉၅၁၀ အား ထောက်ပံ့ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်းကို တောင်သူလက်ဝယ် အရောက် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။ မျိုးစေ့ထုတ်စိုက်ခင်းများမှ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့်များကို ဒေသခံတောင်သူများ အချင်းချင်း ဖြန့်ဝေသည့် နည်းစနစ်၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ရောင်းချပေးသည့် စနစ်များဖြင့် ဈေးကွက်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားကြမည် ဖြစ်သည်။

### နိုင်ငံသားများ စားနပ်ရိက္ခာဖူလုံရေးအလေးထား

စီမံချက်အရ မူလအခြေခံ စပါးဈေးသတ်မှတ်ချက်သည် တင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀၀ ဖြစ်သော်လည်း မျိုးစေ့အဖြစ် ထွက်ရှိပါက စပါးတစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ဝင်ငွေရရှိမည်ဖြစ်ရာ သာမန်စိုက်ပျိုးခြင်းထက် ဝင်ငွေနှစ်ဆခန့် ပိုမိုရရှိနိုင်မည်ဖြစ်သည်။

မျိုးစေ့ထုတ် ကေ တစ်သိန်းမှ တစ်ကေလျှင် ပျမ်းမျှ ၇၅ တင်းနှုန်းဖြင့် မျိုးစေ့တင်းပေါင်း ၇ ဒသမ ၅ သန်း ထွက်ရှိလာမည်ဖြစ်ရာ စိုက်ကေ ၇ ဒသမ ၅ သန်းကို မျိုးကောင်းမျိုးသန့်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်မည် ဖြစ်သကဲ့သို့ သဘာဝဘေး ကြုံလာပါကလည်း အရန်မျိုးများ အဖြစ် အလွယ်တကူ စုဆောင်းနိုင်မည်ဖြစ်သည်။

မျိုးစေ့ထုတ် ကေတစ်သိန်း စိုက်ပျိုးခြင်းသည် ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း မျိုးစေ့ထုတ်ကဏ္ဍကို မြှင့်တင်နိုင်ခြင်း၊ တောင်သူများအား ဝင်ငွေပိုမိုရရှိစေခြင်း၊ နည်းပညာတိုးတက်လာခြင်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာခြင်းနှင့် နိုင်ငံအတွက်လိုအပ်သော မျိုးစေ့ဈေးကွက်ကို ဖော်ဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပြီး တောင်သူများနှင့်တကွ ဆန်စပါးကို အဓိကစားသုံးကြသည့် နိုင်ငံသားများအတွက် စားနပ်ရိက္ခာဖူလုံစေမှုကိုလည်း များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများ သောက်သုံးရေရရှိရေး ငွေကျပ် ၆၈၈ ဒသမ ၈၁၃ သန်း လျာထားလုပ်ဆောင်ပေးမည်

**မုံရွာ အောက်တိုဘာ ၂၅**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများ ရေရရှိရေး လုပ်ငန်းများအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၆၈၈ ဒသမ ၈၁၃ သန်းကို လျာထားလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခရိုင်များရှိ ကျေးရွာ ၄၆ ရွာတွင် သောက်သုံးရေရရှိရေးအနေဖြင့် တွင်းတိမ်တစ်တွင်း၊ တွင်းနက် ၃၄ တွင်း၊ လက်တူးတွင်း တစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်း ငါးခုနှင့် အခြားနည်းလမ်းတို့ဖြင့် ရေရရှိရေးလုပ်ငန်း ခြောက်ခုတို့ဖြင့် ကျေးလက်ဒေသများ ရေရရှိရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ ကျေးရွာလေးရွာတွင် တွင်းနက် သုံးတွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်းနှစ်ခုကိုလည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ် သုံးခုမှ ကျေးရွာငါးရွာတွင် တွင်းနက်ငါးတွင်းကို လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုမှ ကျေးရွာသုံးရွာတွင် တွင်းနက် နှစ်တွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေး လုပ်ငန်းတစ်ခုကိုလည်းကောင်း၊ ကသာခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ ကျေးရွာခုနစ်ရွာတွင် တွင်းနက် လေးတွင်းနှင့် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း သုံးခုကို လည်းကောင်း၊ ကောလင်းခရိုင်အတွင်းရှိ မြို့နယ်သုံးခုမှ ကျေးရွာခုနစ်ရွာတွင် တွင်းနက် ခြောက်တွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း တစ်ခုကို လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုရှိ ကျေးရွာနှစ်ရွာတွင် တွင်းနက်နှစ်တွင်းကို လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ ကျေးရွာခြောက်ရွာတွင် တွင်းတိမ်တစ်တွင်း၊ တွင်းနက် လေးတွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်းတစ်ခုကို လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုမှ ကျေးရွာငါးရွာတွင် တွင်းနက် လေးတွင်း၊ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းတစ်ခုကိုလည်းကောင်း၊ တမူးခရိုင်အတွင်းရှိ မြို့နယ်တစ်ခုမှ ကျေးရွာနှစ်ရွာတွင် တွင်းနက် တစ်တွင်းနှင့် အခြားရေရရှိရေး လုပ်ငန်းတစ်ခုကို လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုမှ ကျေးရွာနှစ်ရွာတွင် တွင်းနက်တစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း တစ်ခုကို လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုမှ ကျေးရွာသုံးရွာတွင် တွင်းနက် နှစ်တွင်း၊ လက်တူးတွင်းတစ်တွင်းတို့ကို လည်းကောင်း တူးဖော်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများအားလုံးပြီးစီးပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၄၆ ရွာရှိ အိမ်ခြေ ၅၇၇၈ အိမ်မှ လူဦးရေ ၃၁၅၁၉ ဦးတို့ သောက်သုံးရေ အလုံအလောက်ရရှိမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

ဝင်းဦး(ဇေယျာတိုင်း)

## ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုမှ မိုးစပါးများ ဝယ်ယူလျက်ရှိ

**ဇီးကုန်း အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုသည် တောင်သူလယ်သမားများ လတ်တလောကြုံတွေ့နေသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် အသင်းပိုင်ငွေကြေးဖြင့် စပါးတင်း ၂၀၀၀၀ ဝယ်ယူရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သမဝါယမ အသင်းပိုင် စပါးအခြောက်ခံစက်များ အသုံးပြု၍ စပါးတစ်တင်းလျှင် ၃၀၀ နှုန်းဖြင့် အခြောက်ခံပေးခြင်း၊ ယာယီသိုလှောင်ရုံအတွင်း ခေတ္တသိုလှောင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း မြို့နယ်အလိုက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းသင်ကြားနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း မရမ်းကုန်း မြို့နယ် ( အမက-၂ )ခန်းမ ဆောင်၌ ကျင်းပသော ရပ်/ကျေး မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာသင်တန်းသို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အဖွဲ့ဝင် ဦးဆန်းမြင့်အောင်နှင့် ဦးဖုန်းမြင့်၊ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အတွင်းရေးမှူး ဦးဝင်းနိုင်တို့က ယနေ့ မွန်းလွဲ ၁ နာရီတွင် သင်တန်းသို့ ရောက်ရှိကွင်းဆင်း စစ်ဆေးခဲ့သည်။(ယာပုံ)



ရွေးကောက်ပွဲ ကာလသည် ရက်ပိုင်းမျှသာ ကျန်တော့သည်ဖြစ်ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်း လမ်းညွှန်ချက်များနှင့် အညီ မဲရုံများ၌ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ကြရမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်သူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မင်တို့ပေးသူ၊ လုံခြုံရေး စသည်ဖြင့်လုပ်ငန်းစဉ်များသည် မဲရုံမဖွင့်မီ၊ မဲရုံဖွင့်ချိန်မှ ပိတ်သိမ်းချိန်အထိအရေးကြီးသည်ဖြစ်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား ယခင်လတွင် ရက်သတ္တတစ်ပတ်ကြာမျှ ရွေးကောက်ပွဲဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို ဆရာဖြစ် သင်ကြားပို့ချပေးခဲ့ပြီဖြစ်ကြောင်း ရန်ကုန်အနောက်ပိုင်း ခရိုင် ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



# ကျောင်းကုန်းမြို့တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ ဖြန့်ဝေပေး

**ကျောင်းကုန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံသုံးပစ္စည်းများ ဖြန့်ဝေခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် တွေ့ဆုံဆွေးနွေးမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား မိမိတို့၏ လုပ်ငန်းတာဝန်များ ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မဲရုံသုံးပစ္စည်းများထုတ်ပြီးလျှင်လုံခြုံစိတ်ချရမည့်နေရာတွင် ထားစေလိုကြောင်း ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအုန်းကြိုင်က ကြိုတင်ဆန္ဒမဲပေးခြင်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးကြိုတင်ပြင်ဆင်ထားရှိရန်နှင့် မဲရုံမှူးနှင့် ဒုမဲရုံမှူးတို့က မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်စုမြတ်ထိုက်က ဖြန့်ဝေပေးမည့် မဲရုံသုံးပစ္စည်းများနှင့် ကိုဗစ်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများထုတ်ပေးမည့် အရေအတွက်ကို ရှင်းလင်းပြောကြားပြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးစိုးလွင်မော်က ကြိုတင်ဆန္ဒမဲပေးပုံ အဆင့်ဆင့်နှင့် ကြိုတင်ဆန္ဒမဲ နေအိမ်သို့ လိုက်လံကောက်ခံရာတွင် ဆောင်ရန်/ ရှောင်ရန်များ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ရှိ ရပ်ကွက်/ ကျေးရွာ ၃၆ အုပ်စုအား မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မဲရုံသုံးပစ္စည်းများ ထုတ်ပေးသည်။

အောက်တိုဘာ ၂၆ ရက်တွင် မဲဆန္ဒနယ်အမှတ်(၂)ရှိ ရပ်ကွက်/ ကျေးရွာ ၃၂ အုပ်စုသို့ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးက သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# လဟယ်မြို့တွင် မဲရုံဆိုင်ရာ ပညာပေးသင်တန်းပို့ချ

**လဟယ် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား မဲရုံဆိုင်ရာပညာပေးသင်တန်းကို လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လဟယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပါခင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဓာတ်လမ်းတိုဗီဒီယိုများ ပြသသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး များဖြစ်သည့် ဒေါ်သန်းသန်းဝင်းက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ဆွေးနွေးခြင်းနှင့် ဒေါ်နှင်းဟေမာန်လွင်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်းပို့ချသည်။

အဆိုပါသင်တန်းတွင် လဟယ်မြို့နယ်အတွင်းရှိ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ချင်းပြည်နယ် ရေရှားပါးသည့်ကျေးရွာများ ရေရရှိရေးဆောင်ရွက်မှုပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၅**

ချင်းပြည်နယ်အတွင်း ရေရှားပါးသည့် ကျေးရွာများတွင် ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ဟားခါး)မှ သိရသည်။


နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်း ခွင့်ပြုရန်ပုံငွေ ၄၁ ဒသမ ၇၅ သန်းဖြင့် ရွှေဟားခါး ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သည့် သောက်သုံးရေသိုလှောင်ရန် ရေဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန်နှစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တွန်းဇံမြို့နယ်အတွင်း ခွင့်ပြုရန်ပုံငွေ ၁၄၉ ဒသမ ၁၀၇ သန်းဖြင့် New Asia Star Khant ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရေရှားပါးသည့် အိမ်ခြေ ၃၀၀ အတွက် လီတာ ၂၀၀ ဆံ့ ဖိုင်ဘာရေတိုင်ကီ အလုံး ၃၀၀နှင့် ရေတံလျှောက်အခု ၃၀၀ တပ်ဆင်ခြင်း လုပ်ငန်းများမှာ ရာနှုန်းပြည့် ပြီးစီးခဲ့ပြီး ဒေသခံပြည်သူများ အနေဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိအသုံးပြုနေပြီ ဖြစ်သည်။


ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သော သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ချင်းပြည်နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကျေးရွာများအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး(ပြည်ထောင်စု/ပြည်နယ်)ရန်ပုံငွေဖြင့် သောက်သုံးရေသွယ်ယူခြင်း(၁၉၅/၃)မိုင်၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် ၅၃ ကန်၊ ဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန်နှစ်ကန်၊ လီတာ ၂၀၀၀ ဆံ့ ဖိုင်ဘာရေပုံးအလုံး ၃၀၀၊ အဝီစိစက်ရေတွင်း(တွင်းနက်) သုံးတွင်းတို့အား ခွင့်ပြုရန်ပုံငွေ ၂၀၄၄ ဒသမ ၀၀၂ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ချင်းပြည်နယ် မြို့နယ် ကိုးမြို့နယ်ရှိ ကျေးရွာ ၂၅ ရွာ၊ လူဦးရေ ၇၈၂၅ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ရေရှားပါးသည့် ကျေးရွာများသို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ဟားခါး)မှ သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**




အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။



# လက္ခဏာပြတာနဲ့ ဆေးရုံကိုသွားဖို့ အရေးကြီး



အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါရတဲ့ပြည်သူများဟာ သုံးသောင်းကျော်သွားပါပြီ။ အဲဒီသုံးသောင်းကျော်သွားတဲ့ အထဲမှာဆိုရင် ၄၅ ရာခိုင်နှုန်းလောက်က ဆေးရုံပြန်ဆင်းပါပြီ။ ကုသပြီးတော့ ပြန်ပြီးကျန်းမာလာပြီ။ ဆေးရုံပြန်ဆင်းသွားပြီဖြစ်ပါတယ်။ ဒါပေမယ့် ဒီထဲမှာ အသေအပျောက်ကလည်း ရှိပါတယ်။ အဲဒါ ၇၀၀ ကျော်ပြီဆိုတော့ ၂ ဒသမ ၄ ရာခိုင်နှုန်းလို့ ပြောနိုင်ပါတယ်။ ဒီလိုသေဆုံးတဲ့ပြည်သူတွေရဲ့ အခြေအနေကို ကြည့်လိုက်တဲ့အခါ ၉၅ ရာခိုင်နှုန်းလောက်က အခြေခံ အခြားရောဂါတွေ ရှိတဲ့သူတွေဖြစ်တယ်ဆိုတာ မြင်ရပါတယ်။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့က အင်မတန် အရေးကြီးပါတယ်။ အခြေခံကျန်းမာရေးချို့ယွင်းချက်ရှိသူများ၊ အားနည်းချက်ရှိသူများအနေနဲ့ ပိုပြီးတော့ သတိထားဖို့ လိုပါတယ်ဆိုတာ ထပ်တလဲလဲပြောနေတဲ့ကိစ္စ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း သေဆုံးသူများအနေနဲ့ဆိုရင် ၁၉ ရာခိုင်နှုန်းက အသက်ဆုံးရှုံးပြီးမှ၊ အသက်ပျောက်ပြီးမှ ဆေးရုံကိုရောက်လာတာပါ။ အဲဒီလိုအသက်ပျောက်ပြီး ဆေးရုံကို ရောက်လာတဲ့အခါ စမ်းသပ်ကြည့်တော့မှ ကိုဗစ်ရောဂါပိုးရှိတယ်ဆိုတာ တွေ့ရပါတယ်။ ၁၉ ရာခိုင်နှုန်းဆိုတာ မနည်းပါဘူး။ အသေအပျောက်ထဲက ၁၉ ရာခိုင်နှုန်းက သေဆုံးပြီးမှ ဆေးရုံကိုရောက်လာတာဆိုတော့ စောစောစီးစီး ဒီရောဂါလက္ခဏာ ပြတာနဲ့ ဆေးရုံကိုသွားဖို့ သက်ဆိုင်ရာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကိုသွားဖို့ အရေးကြီးတယ်ဆိုတာ ထပ်ပြီးတော့လည်း သတိပေးချင်ပါတယ်။


**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## COVID–19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် အောက်တိုဘာ ၂၅

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

## ခေါင်လန်ဖူးမြို့နယ်တွင် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး



**ခေါင်လန်ဖူး အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံအသီးသီး၌ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲ ၃၆ ဦးတို့ကို Rapid Test Kit ဖြင့် ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိကို အောက်တိုဘာ ၂၄ ရက်က စစ်ဆေးပေးသည်။

ထိုသို့ စစ်ဆေးပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဂွမ်ဆိုင်းလီနှင့် ကျန်းမာရေးမှူး ဦးသက်နိုင်ထွန်း တို့က ခေါင်လန်ဖူး မြို့မရဲစခန်းတွင် သွားရောက် စစ်ဆေးခဲ့ရာ အထူးရဲ ၃၆ ဦးလုံး ကိုဗစ်–၁၉ ရောဂါပိုး မတွေ့ရှိကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**




## ၂၅-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၂၉၉၅၁ | ၅၅၄၁၉၉၁ | ၂၃၀၀၈၅ |
| ၂။ | အိန္ဒိယ | ၇၈၆၆၇၄၀ | ၇၀၇၈၁၂၃ | ၁၁၈၅၉၃ |
| ၃။ | ဘရာဇီး | ၅၃၈၁၂၂၄ | ၄၈၁၇၈၉၈ | ၁၅၆၉၂၆ |
| ၄။ | ရုရှား | ၁၅၁၃၈၇၇ | ၁၁၃၈၅၂၂ | ၂၆၀၅၀ |
| ၅။ | စပိန် | ၁၁၁၀၃၇၂ | စိစစ်ဆဲ | ၃၄၇၅၂ |
| ၆။ | ပြင်သစ် | ၁၀၈၆၄၉၇ | ၁၀၉၄၈၆ | ၃၄၆၄၅ |
| ၇။ | အာဂျင်တီးနား | ၁၀၈၁၃၃၆ | ၈၈၁၁၁၃ | ၂၈၆၁၃ |
| ၈။ | ကိုလံဘီယာ | ၁၀၀၇၇၁၁ | ၉၀၇၃၉၇ | ၃၀၀၀၀ |
| ၉။ | မက္ကဆီကို | ၈၈၆၈၀၀ | ၆၄၆၇၃၉ | ၈၈၇၄၃ |
| ၁၀။ | ပီရူး | ၈၈၆၂၁၄ | ၈၀၃၈၄၆ | ၃၄၀၉၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၈၉၇၁၂ | ၃၁၃၇၆၄ | ၁၃၂၉၉ |
| ဖိလစ်ပိုင် | ၃၇၀၀၂၈ | ၃၂၈၀၃၆ | ၆၉၇၇ |
| စင်ကာပူ | ၅၇၉၇၀ | ၅၇၈၄၄ | ၂၈ |
| မြန်မာ | ၄၄၇၇၄ | ၂၄၉၂၀ | ၁၀၉၅ |
| မလေးရှား | ၂၆၅၆၅ | ၁၇၁၃၄ | ၂၂၉ |
| ထိုင်း | ၃၇၃၆ | ၃၅၃၀ | ၅၉ |
| ဗီယက်နမ် | ၁၁၆၈ | ၁၀၅၇ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၇ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၂ | ၀ |

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၈၆ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၄-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၆၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၈၆)ဦး တွေ့ရှိ** ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၅-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၁၇၂) ခု | (၃၀၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၄၈) ခု | (၇၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၆၂) ခု | (၃၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၉) ခု | (၇၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၉၂) ခု | (၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၁) ခု | (၁၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၀၇၄) ခု | (၂၇၆) ဦး |
| စုစုပေါင်း | ( ၁၁,၆၉၂) ခု | (၉၈၆) ဦး |

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၂၅-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၁,၆၉၂) ဦး | (၆၀၅,၈၄၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၈၆) ဦး | (၄၄,၇၇၄) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၁,၂၁၂) ဦး | (၂၄,၉၂၀) ဦး |
| သေဆုံးလူနာ | (၂၉) ဦး | (၁,၀၉၅) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၂၉) ဦးအနက် ရောဂါအခံရှိသူ (၂၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၁,၄၃၇) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၇:၃၀)နာရီ

၁။ (၂၄-၁၀-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၂၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း | ၁၀၇ |
| | | မင်္ဂလာဒုံ | ၉၅ |
| | | မရမ်းကုန်း | ၉၃ |
| | | လှိုင်သာယာ | ၈၈ |
| | | မြောက်ဥက္ကလာပ | ၇၂ |
| | | ဒလ | ၄၁ |
| | | ဒေါပုံ | ၃၆ |
| | | အင်းစိန် | ၃၆ |
| | | သန်လျင် | ၃၂ |
| | | တောင်ဥက္ကလာပ | ၃၁ |
| | | ဗဟန်း | ၃၁ |
| | | တာမွေ | ၂၉ |
| | | လှိုင် | ၂၆ |
| | | လှည်းကူး | ၂၆ |
| | | လသာ | ၂၅ |
| | | သာကေတ | ၂၄ |
| | | သဃ်န်းကျွန်း | ၂၂ |
| | | မင်္ဂလာတောင်ညွန့် | ၂၁ |
| | | ကျောက်တန်း | ၂၀ |
| | | အလုံ | ၁၉ |
| | | ပုဇွန်တောင် | ၁၈ |
| | | ကြည့်မြင်တိုင် | ၁၇ |
| | | လမ်းမတော် | ၁၇ |
| | | မှော်ဘီ | ၁၄ |
| | | ရွှေပြည်သာ | ၁၃ |
| | | ဗိုလ်တထောင် | ၁၂ |
| | | ရန်ကင်း | ၁၂ |
| | | သုံးခွ | ၁၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | ဆိပ်ကြီးခနောင်တို | ၁၀ |
| | | တွံတေး | ၉ |
| | | ပန်းဘဲတန်း | ၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈ |
| | | ကျောက်တံတား | ၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ထန်းတပင် | ၅ |
| | | ကမာရွတ် | ၅ |
| | | တိုက်ကြီး | ၄ |
| | | ခရမ်း | ၃ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ကော့မှူး | ၂ |
| | | စုစုပေါင်း | ၁,၀၇၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၁ |
| | | အောင်မြေသာစံ | ၁၅ |
| | | တောင်သာ | ၁၃ |
| | | ချမ်းအေးသာဇံ | ၁၃ |
| | | အမရပူရ | ၉ |
| | | ချမ်းမြသာစည် | ၅ |
| | | မြင်းခြံ | ၅ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | နွားထိုးကြီး | ၁ |
| | | သာစည် | ၁ |
| | | မိုးကုတ် | ၁ |
| | | စုစုပေါင်း | ၈၇ |
| ၃။ | ရခိုင်ပြည်နယ် | မြောက်ဦး | ၃ |
| | | အမ်း | ၃ |
| | | စစ်တွေ | ၂ |
| | | တောင်ကုတ် | ၂ |
| | | မောင်တော | ၂ |
| | | ကျောက်ဖြူ | ၁ |
| | | ကျောက်တော် | ၁ |
| | | ဘူးသီးတောင် | ၁ |
| | | မင်းပြား | ၁ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | လက်ပံတန်း | ၃၂ |
| | | ရေတာရှည် | ၃၁ |
| | | ပဲခူး | ၂၈ |
| | | သဲကုန်း | ၁၆ |
| | | မင်းလှ | ၁၁ |
| | | ပန်းတောင်း | ၅ |
| | | ရွှေတောင် | ၅ |
| | | ကဝ | ၃ |
| | | အုတ်ဖို | ၂ |
| | | ကြို့ပင်ကောက် | ၂ |
| | | ကျောက်ကြီး | ၂ |
| | | နတ်တလင်း | ၁ |
| | | စုစုပေါင်း | ၁၃၈ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၂၇ |
| | | ကျိုက်လတ် | ၁၃ |
| | | မအူပင် | ၉ |
| | | လေးမျက်နှာ | ၆ |
| | | လပွတ္တာ | ၅ |
| | | ပုသိမ် | ၅ |
| | | ဘိုကလေး | ၂ |
| | | ညောင်တုန်း | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | မြောင်းမြ | ၁ |
| | | ဖျာပုံ | ၁ |
| | | စုစုပေါင်း | ၇၁ |
| ၆။ | မွန်ပြည်နယ် | ရေး | ၃ |
| | | မော်လမြိုင် | ၂ |
| | | စုစုပေါင်း | ၅ |
| ၇။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | နတ်မောက် | ၁ |
| | | စုစုပေါင်း | ၃ |
| ၈။ | နေပြည်တော် | လယ်ဝေး | ၃ |
| | | စုစုပေါင်း | ၃ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၅ |
| | | ရေဦး | ၂ |
| | | ပုလဲ | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၁၁ |
| | | ဘားအံ | ၂ |
| | | လှိုင်းဘွဲ့ | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၂။ | ချင်းပြည်နယ် | တီးတိန် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | ကချင်ပြည်နယ် | ဖားကန့် | ၃ |
| | | စုစုပေါင်း | ၃ |
| | (၂၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၂၃) ဦး |

မှတ်ချက်။ (၂၄-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၂၃) ဦးတွင် အနံ့မရရှိသူ (၃၃၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# သီတင်းကျွတ်လအခါသမယ ဆင်ယင်ကျင်းပကြသည့် မြန်မာ့ရိုးရာ ဘာသာရေးထုံးတမ်းစဉ်လာများ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

### သီတင်းကျွတ်လ ဆိုသည်မှာ

မြန်မာ့သမိုင်း၌ သီတင်းကျွတ်လကို ပုဂံခေတ်ကျောက်စာများတွင် ‘သန္တူလ (အသံထွက်-သန်တူလ)’ ဟု ရေးသားခဲ့သည်။ ‘သန်’ ဆိုသည်မှာ ‘ကောက်ပင်’ဟု အဓိပ္ပာယ်ရပြီး ‘တူ’ ဆိုသည်မှာ ‘ထောင်မတ်သည်၊ ပေါက်ပွားသည်’ ဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ ကောက်ပင်များ ထောင်မတ်ပေါက်ပွားသောကာလဟု အဓိပ္ပာယ်ဖွင့်ဆိုကြောင်း စာပေများတွင် လေ့လာမိရ၏။

အင်းဝခေတ်စာပေများတွင်မူ ‘သီတင်းကျွတ်’ ဟု စတင်သုံးစွဲခဲ့ကြပြီး ‘သီတင်း’ ဆိုသည်မှာ ‘နေထိုင်ခြင်း’ ဟု အဓိပ္ပာယ်ရကာ ဝါတွင်းသုံးလကာလပတ်လုံး သီတင်းသုံးနေထိုင်ခြင်းမှ ကျွတ်လွတ်သော အချိန်အခါဖြစ်ကြောင်း ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ရာသီပန်းမှာ ကြာဖြူပန်း (Nymphaea Lotus) ဖြစ်သည်။ သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) ရောက်သည့်အခါ လသည် နေနှင့် ဆန့်ကျင်ဘက်ဖြစ်ရာ ကမ္ဘာတစ်ဖက်ခြမ်းသို့ ရောက်ရှိနေသဖြင့် နေအလင်းရောင်ကြောင့် ထိုနေ့ညတွင် လသည် အပြည့်အဝ လင်းလက်တောက်ပလျက် ရှိသည်။ အမေရိကန် ရိုးရာအနေဖြင့်မူ ထိုညတွင် ထိန်ထိန်သာနေသော လမင်းကြီးကို မုဆိုးလမင်း Full Hunter's Moon ဟု ခေါ်ဆိုသမုတ်ကြပြီး အခြားတွင်လည်း Full Traveller Moon (ခရီးသွားလ)နှင့် Blood Moon (သွေးရောင်လွှမ်းသောလ) များဟုလည်း ခေါ်ဆိုကြကြောင်း ဖတ်ရသည်။



ရွှေတိဂုံစေတီတော်၌ ယမန်နှစ် သီတင်းကျွတ်လပြည့်ညက ဘုရားဖူးလာပြည်သူများဖြင့် စည်ကားစွာ တွေ့ရစဉ်။
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

### အဘိဓမ္မာအခါတော်နေ့နှင့် မီးထွန်းပွဲတော်

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့ရှိရာ ဣသိပတနမိဂဒါဝုန်တောအုပ်သို့ ကြွချီတော်မူပြီးနောက် တရားဦး ဓမ္မစကြာကို ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူခဲ့သည်။ ထို့နောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့် ညနေပိုင်းတွင် တာဝတိံသာနတ်ပြည်သို့ မယ်တော်မိနတ်သားအား တရားဟောရန် ကြွချီတော်မူခဲ့လေသည်။ တရားဟောရခြင်းမှာ မယ်တော်ဖြစ်ခဲ့ဖူးသူ သန္တုသိတနတ်သားကို မွေးကျေးဖူးဆပ်ရန်ဖြစ်သည်။ တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သား အပါအဝင် နတ်၊ ဗြဟ္မာအပေါင်းတို့ကို တစ်နေ့နှင့်တစ်ရက် (လူ့သက်တမ်း၌ ဝါတွင်းသုံးလပတ်လုံး) အဘိဓမ္မာတရားတော်ကို နေ့ညမစဲ တရားဟောတော်မူရာ သီတင်းကျွတ်လပြည့်နေ့၌ တရားစခန်းသိမ်းလေသည်။ ထို့ကြောင့် နတ်ပြည်မှ လူ့ပြည်ဖြစ်သော သင်္ကဿနဂိုရ်မြို့သို့ ပြန်လည်ဆင်းသက်ကြွချီတော်မူရာ လူ့ပြည်မှ မင်းနှင့်တကွ ပရိသတ်အပေါင်းတို့က မြတ်စွာဘုရားရှင်ကို ဆီမီးနံ့သာများဖြင့် ထွန်းညှိပူဇော် ကြိုဆိုခဲ့ကြသည့် အစဉ်အလာရှိခဲ့သည်။ ထိုနေ့ကို ‘အဘိဓမ္မာ အခါတော်နေ့’ ဟု သတ်မှတ်ခေါ်ဆိုကြပြီး နှစ်စဉ်နှစ်တိုင်း မြတ်စွာဘုရားရှင်ကို ရည်စူး၍ ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်လေသည်။

သို့အတွက် ကျွန်ုပ်တို့ကိုယ်စီအနေဖြင့်လည်း မိမိတို့နေထိုင်ရာ အိမ်၊ ဌာနအသီးသီးတွင် သီတင်းကျွတ်လပြည့်နေ့ညရောက်တိုင်း ထိန်ထိန်သာနေသည့် လမင်းကြီးနှင့်အတူ နတ်ပြည်မှ ဆင်းသက်လာသည့် မြတ်စွာဘုရားကို ရည်မှန်းကာ ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည်။ ထို့ပြင် ဘုရားစေတီများတွင်လည်း ဆီမီးတစ်ထောင်ပူဇော်ခြင်းများကို မြန်မာ့ရိုးရာဂီတဖြစ်သည့် အိုးစည်၊ ဗုံမောင်းများ တီးမှုတ်လျက် ကခုန်မြူးထူး၍ ပျော်ပျော်ပါးပါး ပြုလုပ်ပူဇော်ဆင်ယင်ကျင်းပလာခဲ့သည်မှာ ဘာသာရေးအစဉ်အလာတစ်ခုအဖြစ် ရှိနေခဲ့ပြီး ဖြစ်ပါသည်။

### သီတင်းကျွတ်လပြည့်နေ့၊ ပဝါရဏာပွဲတော်နှင့် ဆရာ၊ မိဘများအား ကန်တော့သည့် အလေ့အထ

သီတင်းကျွတ်လပြည့်နေ့တွင် သာသနာ့ဝန်ထမ်း ရဟန်းတော်များက ပဝါရဏာပွဲတော် ကျင်းပလေ့ရှိသည်။ သိက္ခာတော်၊ ဝါတော်အကြီးဆုံးဖြစ်သော မထေရ်ကြီးက လက်ဝဲဘက်ပခုံးပေါ်တွင် ကေသီသင်္ကန်းကို တင်လျက် ဆောင့်ကြောင့်ထိုင်ပြီးလျှင် “ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ပင့်ဖိတ်ပါ၏။ တပည့်တော်၏အပြစ်ကို မြင်လျှင်သော်လည်းကောင်း၊ ကြားလျှင်သော်လည်းကောင်း၊ သံသယရှိလျှင်သော်လည်းကောင်း တပည့်တော်အား သနားသဖြင့် ပြော၍ဆို၍ သတိပေးပါ၊ အပြစ်ကိုရှု၍ ကုစားပါမည်” ဟု သုံးကြိမ်တိုင်တိုင် သံဃာများကို ဖိတ်ကြားတိုက်တွန်း၍ ကျန်သံဃာတော်တို့က သာဓုသုံးကြိမ် ခေါ်ကြရသည်။ ပဝါရဏာပွဲတော်နည်းတူ မိဘ၊ ဘိုးဘွား၊ သက်ကြီး ဝါကြီး၊ ဆရာများအား ကန်တော့ကြသည့် အလေ့အထ စတင်ဖြစ်ထွန်းပေါ်ပေါက်လာ ထိုပဝါရဏာနည်းတူ ကျွန်ုပ်တို့ သာမန်ပုထုဇဉ် လူသားများမှာလည်း မိမိတို့ထက်ကြီးမြင့်သော သက်ကြီးရွယ်အိုများ၊ မိဘဘိုးဘွားများကို အပြစ်မှ ခွင့်လွှတ်စေကြောင်း ဝန်ချ၍ ကန်တော့ကြသည်မှာ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ သီတင်းကျွတ်ပွဲတော်၏ အနှစ်သာရပင်ဖြစ်လေသည်။ ထို့အတွက်ပင် ကျွန်ုပ်တို့ ငယ်စဉ်ကတည်းကပင် သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း မိဘများက ဖယောင်းတိုင်၊ အမွှေးတိုင်များ၊ အခြားကန်တော့ပစ္စည်း စားသောက်ဖွယ်ရာ၊ ဒေသထွက်သီးနှံလေးများဖြင့် မိမိတို့၏ ဘိုးဘွားများ၊ ဦးလေး၊ ဘကြီး၊ အဒေါ်တို့ကိုလည်းကောင်း၊ ဆရာ ဆရာမများကိုလည်းကောင်း နှစ်စဉ်ကန်တော့ခဲ့ကြသည့် အလေ့အထရှိခဲ့သည်။ မိမိတို့နှင့် ထိတွေ့ဆက်ဆံခဲ့ကြရသည့် တစ်နှစ်အတွင်း သက်ကြီးဝါကြီး၊ ဆရာသခင်၊ မိဘတို့အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးဖြင့် ပြစ်မှားခဲ့ကြသည်ရှိသော် အပြစ်မယူပြေပျောက်ရန် လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး ရှိခိုးကန်တော့ကြသည့်အခါ ကန်တော့ခံပုဂ္ဂိုလ်တို့ကလည်း ကြည်နူးဝမ်းမြောက် ပြန်လည်ဆုတောင်းမေတ္တာ ပို့သပေးကြသည့်ဓလေ့မှာ အလွန်ကောင်းမွန်သင့်လျော်သည့် မြန်မာ့ထုံးတမ်းစဉ်လာတစ်ခု ဖြစ်ခဲ့သည်။ ထိုနည်းတူစွာပင် ထိုကောင်းသည့်အမှု၊ အလေ့အကျင့်ကို အစဉ်အဆက် လက်ဆင့်ကမ်းခဲ့ကြသည်မှာ ယနေ့အထိဖြစ်သည်။

### နိဗ္ဗာန်ဈေးများလည်း ပေါ်ပေါက်၊ စတုဒိသာလည်း ကျွေးမွေးကြ

သီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်ကြသည့် အခြားသော ပွဲတော်တစ်ခုမှာ နိဗ္ဗာန်ဈေးဟုခေါ်သည့် ငွေကြေးပြည့်စုံသူ သို့မဟုတ် လှူချင်တန်းချင်သူများက မိမိတို့စိတ်စေတနာအလျောက် တတ်နိုင်သလောက် အခမဲ့ ကျွေးမွေးဝေငှကြသည့် အစဉ်အလာတစ်ခုလည်း ဖြစ်ထွန်းခဲ့သည်။ ထိုအစဉ်အလာမှာ ယနေ့တိုင် စွဲမြဲလျက် တတ်နိုင်သူတို့ကလည်း နိဗ္ဗာန်ဈေးများ ဖွင့်လှစ်ကာ လာလာသမျှသော လူတို့ကို အယုတ်၊ အလတ်၊ အမြတ်မရွေး စတုဒိသာကျွေးမွေးပွဲများ ပြုလုပ်ကျွေးမွေးလှူဒါန်းကြလေသည်။ ထိုအပြုအမူ အစဉ်အလာဓလေ့သည် မြန်မာ့ရိုးရာထုံးတမ်းစဉ်လာများထဲမှ အများနှစ်သက် ပျော်မွေ့ကြသည့် ကိစ္စတစ်ခုလည်း ဖြစ်ခဲ့သည်။

### အခြားပွဲလမ်းသဘင်များလည်း ဆင်ယင်ကျင်းပကြ

သီတင်းကျွတ်လပြည့်သည် မြန်မာတို့အတွက် ဘာသာရေးအနှစ်သာရ ပြည့်ထွန်းနေသည့် လဖြစ်သည့်အပြင် ရဟန်းသံဃာတော်များအတွက်လည်း ဝါလကင်းလွတ်သည့် လဖြစ်သောကြောင့် ဝါပန်စရာ မလိုဘဲ ခရီးသွားလာခွင့်ရကြလေသည်။ စိုစွတ်သောရာသီမှ လွတ်ကင်းသောကြောင့် ကုန်သည်၊ လယ်လုပ် ပြည်သူပြည်သားများအဖို့မှာလည်း ရောင်းဝယ်ဖောက်ကား သွားရေးလာရေး အဆင်ပြေသောလလည်း ဖြစ်သည့်အတွက် ငွေများရှင်ကြသဖြင့် ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲများ၊ အလှူအတန်းများ၊ စတုဒိသာကျွေးမွေးပွဲများဖြင့် စိတ်အေးချမ်းသာစွာ ကျင်းပလာနိုင်ခဲ့ကြသည်။

အထက်ပါ မြန်မာ့ရိုးရာ ကောင်းမှုကုသိုလ်ပြု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြစေလိုပါသည်။ သို့သော် ကမ္ဘာတစ်ဝန်းလုံးကို ထိခိုက်စေသော ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်တွင်မူ အထက်ပါ အစဉ်အလာပွဲတော်များကို ကျင်းပဆင်နွှဲကြရန် အခက်အခဲရှိကြမည်သာဖြစ်သည်။ မကျင်းပနိုင် ဖြစ်ကြပေလိမ့်မည်။ မီးထွန်းပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ စတုဒိသာပွဲတော်နှင့် ပွဲလမ်းသဘင်များ ကျင်းပကြရန် မဖြစ်နိုင်သော်လည်း ဘိုးဘွားများ၊ မိဘ၊ ဆရာသမားများကို ရိုသေစွာ ကန်တော့ကြသည့် အလေ့အထကိုတော့ အတိုင်အတာတစ်ခုအထိ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဘိုးဘွား၊ မိဘများအနေဖြင့်လည်း မိမိတို့၏ သားငယ် သမီးငယ်များ ချစ်စရာဘာသာရေး ပွဲတော်များကို ချစ်တတ် မြတ်နိုးတတ်စေရန် အစဉ်အလာများကို ပြောပြပေး၊ ကောင်းမွေအဖြစ် လက်ဆင့်ကမ်းပေးကြစေကြောင်း စာရေးသူအနေဖြင့် ဆန္ဒရှိမိပါသည်။ ။

## ကြည်နူးဖွယ်ခင်း ကျွတ်သီတင်း

❊ မိုးကုန်ဆောင်းစ၊ သာယာလှသည်
ဝါလလွတ်ကင်း ကျွတ်သီတင်း။

❊ ပန်းကြာဖူးပွင့်၊ မွှေးနံ့ဆင့်၍
တင့်တယ်ပဏာ၊ မြကန်သာဝယ်
ညို့ပြာဖြူနီ၊ လှသွေးညီလျက်
ခါမီတူလ၊ နှင်းရည်စနှင့်
ကြုံရဆုံရ ချမ်းမြေ့စွ။

❊ ရာသီဓလေ့၊ ရွှင်ကြည်မွေ့၍
ဆောင်းငွေ့ရိပ်သက်၊ ခါတော်ရက်ဝယ်
နှင်းစက်မှုန်ဝေ၊ ဆောင်ယူစေသို့
မြောက်လေနှော့သွေး စိမ့်စိမ့်အေး။

❊ ရှင်တော်ဗုဒ္ဓ၊ ဦးတင်သ၍
မွှေးမြထုံကြိုင်၊ နံ့သာတိုင်နှင့်
ပန်းခိုင်ဝေဆာ၊ လှူဒါန်းကာဖြင့်
ဆရာမိဘ၊ ဘိုးဘွားစတို့
များစွဂုဏ်အင် စိတ်မှာဆင်။

❊ ဝပ်တွားရှိကျိုး၊ လက်စုံမိုး၍
ရှိခိုးဦးခိုက်၊ ပူဇော်ထိုက်ဟု
နှုတ်၌ဆိုကာ၊ ကန်တော့ကာဖြင့်
မှန်စွာဝန်ချ၊ တောင်းပန်သည်
အေးမြမသွေ လန်းလန်းဝေ။

❊ ပျော်စည်သံဟည်း၊ မြိုင်မြိုင်တီး၍
ဆီမီးတစ်ထောင်၊ အလင်းဆောင်လျက်
လရောင်ထိန်မြူး၊ စိန္တေဦးဝယ်
စိန်ဖူးတော်မြတ်၊ တဖျပ်ဖျပ်လျှင်
ရင်သပ်မော်ဖူး၊ ကုသိုလ်ထူးသို့
ကြည်နူးဖွယ်ခင်း ကျွတ်သီတင်း။

**ဂျိန်း(မနောမြေ)**

# မိုင်းဆတ်မြို့၊ ထားဝယ်မြို့နှင့် ကော့သောင်းမြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၅၄၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**
မိုင်းဆတ်မြို့နယ်တွင် ယမန်နေ့က ငွေကျပ် ၂ ဒသမ ၅၄၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်တွင် သတင်းအရ မိုင်းဆတ်မြို့နယ် မိုင်းတွမ်း-မိုင်းဆတ်သွား ကားလမ်း ပါခါးကျေးရွာအနီးတွင် မိုင်းတွမ်းမှ မိုင်းဆတ်ဘက်သို့ အားဖျော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲခန့်တွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းအုပ်စု နမ့်ခမ်း(၁)အောက်ကျေးရွာရှိ လော်ချာနှင့် လော်ဖာတို့၏ နေအိမ်အားရှာဖွေရာ ၎င်းတို့အား မတွေ့ရှိဘဲ အဆိုပါနေအိမ်အတွင်းမှ အိုက်စ် ၁၂၄ ကီလို၊ ကဖင်း ၆၅၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရာတွင် အသုံးပြုသည့် သံမို WY စာတန်းပါ ၁၁ ချောင်းနှင့် စာတန်းမပါ ၁၁ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အားဖျော်(ခ)အားဖြိုး(၁၉နှစ်)၊ တိမ်းရှောင်သူ လော်ဖာ (၂၈နှစ်)၊ လော်ချာ (၃၀နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်လျက်ရှိကြောင်းနှင့် လော်ဖာမှာ တာချီလိတ်မြို့တွင် ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်က စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း ဖမ်းဆီးရမိခဲ့သည့်အမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦး ဖြစ်ကြောင်း သိရသည်။

ထို့အတူ ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၃)မှ ဒုရဲအုပ် ကျော်ဇောလင်း ဦးစီးပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးသတင်းအရ ထားဝယ်မြို့ ထိန်သစ်ရပ်ကွက် ကျွန်းမွေးလမ်း၌ စောင့်ဆိုင်းနေစဉ် သူရိန်စိုး(ခ)သားသား မောင်းနှင်လာသောဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိပြီး ၎င်း၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၂ ပြား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းအား ထားဝယ်မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။




မိုင်းဆတ်မြို့နယ်၌ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

အလားတူ ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စု(၃၄)မှ ဒုရဲအုပ် ဇင်မိုးဦး ဦးစီးပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ည ၆ နာရီက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်နေ ဇော်ဟိန်း၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ၎င်းနှင့်အတူ မာန်ပြည့်စုံ၊ သဇင်မိုးတို့ကိုတွေ့ရှိရပြီး WY စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိသဖြင့် ၎င်းတို့သုံးဦးကို ကော့သောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြောင်းမြမြို့နယ်၌ သဲတင်သင်္ဘောနစ်မြုပ် ရေလုပ်သားတစ်ဦး ပျောက်ဆုံး

**နေပြည်တော် အောက်တိုဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက သဲတင်သင်္ဘောနစ်မြုပ်၍ ရေလုပ်သားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ဖျာပုံကျေးရွာနေ သင်္ဘောမောင်း ဦးဝင်းလှိုင်(၅၀)နှစ်နှင့် တစ်ရွာတည်းနေ ရေလုပ်သား ဦးသိန်းဌေး (၄၆နှစ်)ပါ လေးဦးသည် ဦးဝင်းလှိုင်ပိုင် သဲတင်သင်္ဘောဖြင့် မြောင်းမြမြို့နယ် ကွဲခြံပေကုန်းကျေးရွာအနီး ရွှေးမြစ်အလယ်၌ သဲများစုပ်ယူတင်ဆောင်ပြီး ကွဲခြံပေကုန်းကျေးရွာ မြစ်ကမ်းစပ်သို့ ဆိုက်ကပ်စဉ် သင်္ဘောနောက်ပိုင်းနှင့် မြစ်ကြမ်းပြင်တိုက်မိ၍ သင်္ဘောနစ်မြုပ်ခဲ့သည်။ သင်္ဘောနစ်မြုပ်မှုကြောင့် ရေလုပ်သား ဦးသိန်းဌေးမှာ ရေနစ်ပျောက်ဆုံးခဲ့သောကြောင့် ဦးဝင်းလှိုင်ကို မြောင်းမြမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၁ စီး၊ သွင်းကုန် ၃၁၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၀၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၄၈၀ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Leo Beer (330ml) (1x24) (40Pkgs) အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဗန်းမောက်မြို့နယ်တွင် ဆိုင်ကယ်တိမ်းမှောက် အမျိုးသားနှစ်ဦးသေဆုံး

**ဗန်းမောက် အောက်တိုဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံပင်ကျေးရွာ စာသင်ကျောင်းအနီးတွင် အမျိုးသားနှစ်ဦး ဆိုင်ကယ်တိမ်းမှောက်သဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဗန်းမောက်မြို့နယ် ပင်ပုံရဲကင်းစခန်းမှူး ဒုရဲအုပ် ဆန်းလွင် ဦးစီးသောအဖွဲ့ ဆိုင်ကယ်တိမ်းမှောက်သဖြင့် လူနှစ်ဦး သေဆုံးနေကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဗန်းမောက်မြို့နယ် ရွှေနှစ်ကျေးရွာနေ ကျော်ဆန်း မောင်းနှင်ပြီး ပါသက်ကျေးရွာနေ ကျန်းကိုင်းနောက်မှ လိုက်ပါလာသော ဆိုင်ကယ်သည် မံပင်ကျေးရွာ စာသင်ကျောင်းအနီးရှိ တံတားပေါင်တန်းအား အရှိန်လွန်ကာ ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားရာ ကျော်ဆန်းနှင့် ကျန်းကိုင်းတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

## အဲဗာတန်တို့ အဝေးကွင်း၌ ဆောက်သမ်တန်ကိုရှုံးနိမ့်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၆) အောက်တိုဘာ ၂၅ ရက် တနင်္ဂနွေညပွဲစဉ်အဖြစ် ဆောက်သမ်တန်နှင့် အဲဗာတန်ပွဲတွင် နှစ်ဂိုး- ဂိုးမရှိဖြင့် အိမ်ရှင်ဆောက်သမ်တန်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်းပွဲချိန် ၂၇ မိနစ်၌ ဝက်ပ်ဒရောက်က ဆောက်သမ်တန်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၃၅ မိနစ်တွင် အဒမ်က ဒုတိယဂိုးသွင်းယူကာ ဆောက်သမ်တန်အသင်းနှစ်ဂိုးအသာဖြင့် ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် အဲဗာတန်အသင်း ချေပဂိုးပြန်လည်မသွင်းနိုင်ခဲ့ဘဲ ပွဲချိန် ၇၂ မိနစ်တွင် နောက်တန်းကစားသမားလူးကပ်စ်ဒစ်နေးကိုပါ တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။။ အိမ်ရှင် ဆောက်သမ်တန်အသင်းသည် တစ်ယောက်အသာဖြင့် လက်ကျန်အချိန်များတွင် ထပ်မံအနိုင်ဂိုးမသွင်းယူနိုင်ဘဲ ပထမပိုင်းရလဒ်နှစ်ဂိုး- ဂိုးမရှိဖြင့်သာပြီးဆုံးခဲ့သည်။ ယခုနှစ်ရာသီတွင် ရှုံးပွဲမရှိဖြင့် တစ်သင်းတည်းရပ်တည်နေသော အဲဗာတန်ကို ဆောက်သမ်တန်တို့ အိမ်ကွင်းတွင် ရပ်တန့်နိုင်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၆) တနင်္ဂနွေနံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် ရှက်ဖီးလ်ယူနိုက်တက်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် လီဗာပူးအသင်း အနိုင်ရရှိခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်အပြီး အဲဗာတန်နှင့် လီဗာပူးက ရမှတ် ၁၃ မှတ်စီ ရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် အဲဗာတန်က ဇယားထိပ်တွင် ဦးဆောင်နေသည်။ ဆောက်သမ်တန်က ရမှတ် ၁၀ မှတ်ရရှိထားပြီး ရှက်ဖီးလ်ယူနိုက်တက်သည် တစ်မှတ်သာ ရရှိထားသည်။ **သီဟ**

## မိုးကောင်းမြို့၌ လူသတ်မှုကျူးလွန်သူကို နာရီပိုင်းအတွင်း ဖမ်းမိ

**မိုးကောင်း အောက်တိုဘာ ၂၅**
ကချင်ပြည်နယ် မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်၌ အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က မိုးကောင်းမြို့ ကျွန်းတောရပ်ကွက် အုပ်စု(၉)ရှိ ဦးစိုးစိုးဦး (၃၂ နှစ်)၏ နေအိမ်တွင် ငှားရမ်းနေထိုင်သူ ခေါင်းကြီး(ခ)ညီညီအောင်(၂၈ နှစ်)နှင့် အိမ်ရှင်ဖြစ်သူ ဦးစိုးစိုးဦးတို့နှစ်ဦးသည် နေအိမ်တွင် စကားများရန်ဖြစ်ရာမှ ခေါင်းကြီး(ခ) ညီညီအောင်က အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဖြင့်ထိုးရာမှ ဦးစိုးစိုးဦးမှာ ရရှိသည့်ဒဏ်ရာဖြင့် အခင်းဖြစ်ရာနေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

လူသတ်မှုကျူးလွန်သူ ခေါင်းကြီး(ခ)ညီညီအောင်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ချစ်ထူးမောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေစုံစမ်းဖော်ထုတ်ခဲ့ရာ ည ၈ နာရီတွင် မိုးကောင်းမြို့နယ် မရမ်ကထောင်ကျေးရွာ၌ ဖမ်းဆီးရမိခဲ့၍ မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

● *ကျောဖုံးမှ*

ရက်သတ္တရှစ်ပတ်အထိ အနားယူရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထိုပွဲ၌ ပွဲချိန်ပြီးဆုံးခါနီးတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ဘိုင်ယန်မြူးနစ်အသင်းမှ အင်္ဂလန် ယူ-၁၇ ကစားသမား မူဆီလာ (၁၇နှစ်) သည် အသက် ၁၈ နှစ်မပြည့်မီတွင် ဘွန်ဒက်စ်လီဂါ၌ တစ်ဂိုးနှင့် အထက်သွင်းယူထားနိုင်သည့် ခုနစ်ဦးမြောက် ကစားသမားလည်းဖြစ်လာခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ အသက် ၃၂ နှစ်အရွယ်ရှိ လီဝမ်ဒေါစကီးသည် ယမန်နှစ်က ဘွန်ဒက်စ်လီဂါတွင် ၃၄ ဂိုး သွင်းယူထားနိုင်ပြီး ပြိုင်ပွဲအရပ်ရပ် ၄၇ ပွဲတွင် ၅၅ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ထို့အပြင် လီဝမ်ဒေါစကီးသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင်လည်း ပြိုင်ပွဲစုံ ၂၉၇ ပွဲ တွင် ၂၅၆ ဂိုးအထိ သွင်းယူထားနိုင်သူဖြစ်သည်။ **အောင်ဇော်**

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

## လာမည့်ဘောလုံးရာသီအတွက် မြန်မာနေရှင်နယ်လိဂ်ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**
လာမည့်ရာသီ ကျင်းပမည့်ပြိုင်ပွဲများ၊ ကျင်းပမည့်ကာလနှင့် ပြိုင်ပွဲဝင်အသင်းများအတွက် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အစည်းအဝေးတွင် အတည်ပြု ဆုံးဖြတ်သွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူးကျင်းပလျက်ရှိသည့် ပြိုင်ပွဲများအနက် ၂၀၂၀ ရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲကိုသာ ပြီးဆုံးအောင် ကျင်းပနိုင်ခဲ့ပြီး ကျန်ပြိုင်ပွဲများကို ဖျက်သိမ်းခဲ့ရသည်။

ထို့ပြင် ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပနေသည့်ကာလအတွင်း ချင်းယူနိုက်တက်နှင့် ဇွဲကပင်အသင်း ဖျက်သိမ်းသွားသလို ပြိုင်ပွဲအပြီးတွင်လည်း မကွေးအသင်း ထပ်မံဖျက်သိမ်းခဲ့ရာ MNL တွင် အသင်းကိုးသင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ တန်းတက်၊ တန်းဆင်းပြုလုပ်မည့် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကိုလည်း ပြီးဆုံးအောင် ကျင်းပနိုင်ခြင်း မရှိသောကြောင့် တန်းတက်အသင်းများကို ယင်းအစည်းအဝေးမှသာ အတည်ပြုရမည်ဖြစ်သည်။ အသင်းများ လျော့ကျသွားသောကြောင့် လာမည့်ရာသီတွင် MNL ပြိုင်ပွဲ၌ ထားရှိမည့် အသင်းအရေအတွက်၊ ပြိုင်ပွဲများအားလုံး ကျင်းပနိုင်ခြင်း မရှိ၍ တန်းတက်၊ တန်းဆင်းအသင်းများအတည်ပြုခြင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် လာမည့် ၂၀၂၁ ဘောလုံးရာသီ ပြန်လည်စတင်မည့်ကာလတို့ကို ယင်းအစည်းအဝေးမှသာ အတည်ပြုနိုင်မည်ဖြစ်သည်။ လိဂ်ကော်မတီအစည်းအဝေးကို ယခုလကုန်ပိုင်းတွင်မကျင်းပဖြစ်ပါက နိုဝင်ဘာတွင် ပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၂ ရာသီ ကျင်းပပြီးစီးထားပြီးဖြစ်သည်။ MNL ပြိုင်ပွဲ စတင်ချိန်တွင် အသင်းရှစ်သင်းဖြင့် ကျင်းပခဲ့ပြီး အသင်းအရေအတွက် တိုးမြှင့်ခဲ့ကာ နောက်ပိုင်းတွင် အသင်း ၁၂ သင်းဖြင့် ပုံမှန်ကျင်းပနေခြင်း ဖြစ်သည်။ **ညီမြတ်သော်တာ**

# အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ ရုံးအဖွဲ့အကြီးအကဲ ကိုဗစ်- ၁၉ ကူးစက်ခံရ

ဝါရှင်တန် အောက်တိုဘာ ၂၅

**အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်၏ ရုံးအဖွဲ့မှ အကြီးအကဲဖြစ်သူတွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း အောက်တိုဘာ ၂၄ ရက်တွင် မိုက်ပန့်စ်၏ အတွင်းရေးမှူးက ပြောကြားခဲ့သည်။**

ဒုတိယသမ္မတ၏ ဝန်ထမ်းအဖွဲ့ အကြီးအကဲဖြစ်သူ မက်ခ်ရှော့တွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း၊ သီးခြားခွဲနေထိုင်ကာ အသွားအလာကန့်သတ်မှုများ ခံယူနေပြီဖြစ်ပြီး ထိစပ်မိသူများကို ခြေရာခံမှုများလည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ရေး အတွင်းရေးမှူး ဒီဗင်အို မော်လီက ပြောသည်။

ဒုတိယသမ္မတတို့ ဇနီးမောင်နှံကို ကိုဗစ်- ၁၉ ရှိ မရှိ ဆေးစစ်ကြည့်ရာ ကူးစက်ခံရခြင်း မရှိဘဲ ကျန်းမာရေး အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် မစ္စတာရှော့နှင့် အနီးစပ်ဆုံး ထိတွေ့မိသူဟု ယူဆထားသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ လမ်းညွှန်ချက်များအတိုင်း ကျင့်သုံးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိုက်ပန့်စ်နှင့် နောက်ထပ်နီးစပ်သည့် နိုင်ငံရေး အကြံပေးတစ်ဦးဖြစ်သူ မာတီအော့ဘ်တွင်လည်း ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း အောက်တိုဘာ ၂၁ ရက်က တွေ့ရှိခဲ့သည်။

အစိုးရဝန်ထမ်း မဟုတ်သော်လည်း မာတီအော့ဘ်သည် ဒုတိယသမ္မတနှင့် မကြာခဏဆိုသလို ထိတွေ့မှု ရှိသည်ဟု ဘလွန်းဘာ့ဂ်သတင်းဌာနက ဖော်ပြထားသည်။

ဒုတိယသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ကေတီမီလာ တွင်လည်း မေလအတွင်းက ကိုဗစ်- ၁၉ ကူးစက်ခံရကာ ယခုအခါ ပြန်လည်ကျန်းမာလာပြီဟု သိရသည်။

ဆင်ဟွာ



ဒုတိယသမ္မတ၏ ဝန်ထမ်းအဖွဲ့ အကြီးအကဲဖြစ်သူ မက်ခ်ရှော့။

# အာဖဂန်နစ္စတန်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၈ ဦးသေဆုံး

**ကဘူးလ် အောက်တိုဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ပညာရေးစင်တာကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲမှု ပြုလုပ်ခဲ့ရာ ၁၈ ဦးထက်မနည်း သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အောက်တိုဘာ ၂၄ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူတစ်ဦး၏ အသေခံဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ဟန်ရှိသည်ဟု အာဖဂန်အစိုးရက ပြောသည်။

အသေခံဗုံးခွဲသူသည် ပညာရေး စင်တာအတွင်းသို့ မဝင်ရောက်မီ လုံခြုံရေး အစောင့်များ၏ အရှေ့တွင် ဗုံးဖောက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံ ရဲက ပြောသည်။

အဆိုပါတိုက်ခိုက်မှု နောက်ကွယ်တွင် ကြိုးကိုင်သူမှာ အိုင်အက်စ်အုပ်စု ဖြစ်သည်ဟု အိုင်အက်စ် စစ်သွေးကြွ အုပ်စုက ပြောသည်။ ပေါက်ကွဲမှု ဖြစ်ပွားရာနေရာမှာ ဟာဇာရာ ရှီးယား အဖွဲ့ဝင်အများစုနေထိုင်ရာ နေရာလည်း ဖြစ်သည်။



အစ်ကိုသေဆုံးသွားသည့်အတွက် ဝမ်းနည်းပူဆွေးနေသည့် အာဖဂန်အမျိုးသားတစ်ဦးကို တွေ့ရစဉ်။

အိုင်အက်စ်စစ်သွေးကြွများသည် အဆိုပါနေရာကို ပစ်မှတ်ထားကာ အကြိမ်ကြိမ် တိုက်ခိုက်မှုပြုလုပ်လေ့ရှိသည်။ ယင်းတိုက်ခိုက်မှုတွင် တာလီဘန်တို့ ပါဝင်ခြင်းမရှိဟု ငြင်းဆိုထားသည်။

လွန်ခဲ့သည့်လအတွင်းမှ စတင်ကာ အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်ထားသည်။

သို့သော်လည်း တိုင်းပြည်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုများပြားလာသည့်အတွက် လုံခြုံရေးကို ပြန်လည်ထိန်းသိမ်းရန် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူလေကြောင်းလိုင်းက လေယာဉ်ပေါ်တွင် စားသောက်ဆိုင်ဖွင့်

**စင်ကာပူ အောက်တိုဘာ ၂၅**

စင်ကာပူ လေကြောင်းလိုင်းသည် ကမ္ဘာ့အကြီးဆုံး ခရီးသည်တင် လေယာဉ်ပေါ်တွင် အောက်တိုဘာ ၂၄ ရက်မှစတင်ကာ နှစ်ရက်ကြာ စားသောက်ဆိုင် ဖွင့်လိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် လေကြောင်းလိုင်းတွင် ထိခိုက်နစ်နာမှုများကို ကာမိစေရန် မျှော်လင့်ကာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ လာရောက်စားသုံးသူများသည် လေယာဉ်ပေါ်တွင် နေရာရွေးချယ်နိုင်ပြီး အစပ်များသည့် မလေး အစားအသောက်များနှင့် ဂျပန်အစားအသောက်များကိုပါ ထည့်သွင်းထားကြောင်း သိရသည်။

ဈေးနှုန်းမှာလည်း ၃၈ ဒေါ်လာမှ ဒေါ်လာ ၄၈၀ အထိ ကျသင့်နိုင်ကြောင်း သိရသည်။ လေဆိပ်တွင် လေယာဉ်အမှုထမ်းများ၏ ဝတ်စုံများကိုလည်း ပြသထားပြီး လာရောက်စားသောက်သူများသည် လေယာဉ်အမှုထမ်းများနှင့် ဓာတ်ပုံတွဲရိုက်နိုင်သည်။

အသက် ၂၀ ဝန်းကျင် အမျိုးသားတစ်ဦးကမူ လေယာဉ်ပေါ်တွင် စားသောက်ရသည်ကို လေထဲတွင် ရောက်နေရသလို စိတ်ကူးယဉ်နိုင်သည်ဟု ပြောသည်။

စင်ကာပူလေကြောင်းလိုင်းသည် ကိုဗစ်- ၁၉ ရောဂါကြောင့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ ဧပြီလမှ ဇွန်လအထိ လိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ သန်း ၇၆၀ အထိ ရှိသည်ဟု သိရသည်။

ထို့ကြောင့် လေကြောင်းလိုင်းသည် အလုပ်နေရာပေါင်း ၄၃၀၀ ကို လျှော့ချခဲ့ရပြီး လုပ်သားအင်အား၏ ၁၅ ရာခိုင်နှုန်းကို လျှော့ချခဲ့ရခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



လေယာဉ်ပေါ်တွင် လာရောက်စားသုံးသူတစ်ဦးကို တွေ့ရစဉ်။

## ကပ်ရောဂါကာလအတွင်း ဘရာဇီး၌ လူသတ်မှု ပိုမိုများပြားလာ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၅**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှုဖြစ်ပွားနေသည့်ကာလအတွင်း အကြမ်းဖက်တိုက်ခိုက်သည့် ရာဇဝတ်မှုများ ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ဇန်နဝါရီလမှ ဇွန်လအတွင်း လူသတ်မှုများမှာ ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်ကာလအတွင်း လူသတ်မှုနှင့် အခြားသော အကြမ်းဖက်မှုကြောင့် သေဆုံးသူ ၂၅၇၁၂ ဦးရှိသည်ဟု ဘရာဇီးအစိုးရနှင့် အခြားသော သတင်းအရင်းအမြစ်များက ပြောသည်။

### ၆ ရာခိုင်နှုန်း မြင့်တက်

၁၀ မိနစ်လျှင် လူတစ်ဦး အသတ်ခံနေရခြင်းနှင့် တူညီသည်။ ဘရာဇီး ရဲတပ်ဖွဲ့ဝင်များ ပစ်သတ်မှုကြောင့် သေဆုံးရသည့် လူအရေအတွက်မှာလည်း ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၆ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရသည်။

### ကန့်သတ်ချက်များကြောင့် ဖြစ်နိုင်

အသတ်ခံရသည့် ဘရာဇီးရဲအရေအတွက်မှာ ၁၁၀ ရှိပြီး ၁၉ ဒသမ ၆ ရာခိုင်နှုန်းအထိ များပြားလာခြင်းဖြစ်သည်။ အကြမ်းဖက် ရာဇဝတ်မှုများ များပြားလာရခြင်း၏ နောက်ကွယ်တွင် ကိုဗစ်- ၁၉ ကန့်သတ်ချက်များကြောင့် ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ထားသည်။

ကိုဗစ်- ၁၉ ကန့်သတ်ချက်များကြောင့် ရာဇဝတ်မှုဂိုဏ်းများနှင့် မူးယစ်ကုန်ကူးရာလမ်းကြောင်းတွင် ပဋိပက္ခများ ပိုမိုဖြစ်ပေါ်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ မတွေ့ရှိရ

**ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၂၅**

ဘရူနိုင်းနိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်က ကိုဗစ် -၁၉ နောက်ထပ် ကူးစက်ခံရသူ မတွေ့ရှိရသည့်အတွက် စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၄၈ ဦးတွင် ရပ်တန့်နေသည်။

ဘရူနိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၅ ရက်တွင် ကိုဗစ်- ၁၉ မှ ပြန်လည်ကျန်းမာလာသူအရေအတွက်လည်း မရှိပေ။ ထို့ကြောင့် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာလည်း ၁၄၃ ဦးတွင် ရပ်တန့်နေသည်။

အမျိုးသားသီးခြားစောင့်ကြည့်ရေးဌာနတွင် ကူးစက်ခံထားရသူနှစ်ဦး ရှိပြီး ၎င်းတို့မှာ ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း အောက်တိုဘာ ၁၄ ရက်နှင့် ၂၂ ရက်တို့တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုစဉ်သီးခြားစောင့်ကြည့်ခွဲထားသည့်နေရာများတွင် စောင့်ကြည့်မှု ခံယူနေသူ ၂၈၁ ဦး ရှိပြီး ၎င်းတို့အားလုံးမှာ နိုင်ငံရပ်ခြားမှ ပြန်လာကြသူများ ဖြစ်ကြသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံတွင် တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း သေဆုံးသူ ၄၈ ဦးအထိရှိ



တောင်ကိုရီးယားနိုင်ငံတွင် တုပ်ကွေးကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

**ဆိုးလ် အောက်တိုဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းတွင် တုပ်ကွေးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ပြီးနောက်ပိုင်း သေဆုံးသူအရေအတွက် ထပ်တိုးလာခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သေဆုံးသူ ၁၂ ဦး ထပ်တိုးလာခဲ့ရာ သေဆုံးသူအရေအတွက် စုစုပေါင်း ၄၈ ဦးအထိရှိလာကြောင်း တောင်ကိုရီးယား ရောဂါစီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ခဲ့သည်။

ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း သေဆုံးသူအရေအတွက်ကို ဖော်ပြခြင်းသာဖြစ်ပြီး ကာကွယ်ဆေးကြောင့် သေဆုံးခြင်းဟုတ် မဟုတ်ကို မသိရှိရသေးကြောင်း သိရသည်။

ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားလျက်ရှိရာ တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းသည် အထူးအရေးကြီးသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးခြင်းကို ရပ်တန့်ရန် မဖြစ်နိုင်သေးကြောင်း တောင်ကိုရီးယား ရောဂါစီမံခန့်ခွဲရေးဌာနအကြီးအကဲ ဂျယ်အွန် အန်ချွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင် တုပ်ကွေးကာကွယ်ဆေးထိုးပြီးနောက် ပထမဆုံးသေဆုံးမှု အောက်တိုဘာ ၁၆ ရက်က ဖြစ်ပွားခဲ့ပြီး သေဆုံးသူမှာ အသက် ၁၇ နှစ်အရွယ်ဖြစ်ကာ အလောင်းကို စစ်ဆေးရာတွင် ၎င်းသေဆုံးမှုမှာ ကာကွယ်ဆေးနှင့် သက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိခဲ့သည်။

ထို့ပြင်ကာကွယ်ဆေး ထိုးပြီးနောက် သေဆုံးသူများ၏ ၈၀ ရာခိုင်နှုန်းမှာ အသက် ၇၀ အထက် သက်ကြီးရွယ်အိုများသာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း သေဆုံးမှုဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ကျွမ်းကျင်သူ ပညာရှင်များနှင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အတည်ပြုနိုင်ငံ ၅၀ ပြည့်ပြီဖြစ်သည့်အတွက် နျူကလီးယားလက်နက်တားဆီးရေးစာချုပ် အသက်ဝင်တော့မည်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

ကုလသမဂ္ဂ၏ နျူကလီးယားလက်နက် တားဆီးရေးစာချုပ်ကို အတည်ပြုသည့်နိုင်ငံ ၅၀ ပြည့်သွားပြီဖြစ်ရာ နောက်ထပ်ရက်ပေါင်း ၉၀ အတွင်း စာချုပ် အသက်ဝင်တော့မည်ဖြစ်ကြောင်း သိရသည်။

နျူကလီးယားလက်နက်တားဆီးရေး သဘောတူစာချုပ်ကို နောက်ဆုံးအတည်ပြုလိုက်သည့်နိုင်ငံမှာ ဟွန်ဒူးရပ်စ်ဖြစ်ကြောင်း ကုလသမဂ္ဂ အရာရှိတစ်ဦးက အောက်တိုဘာ ၂၄ ရက်တွင် အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။ ကုလသမဂ္ဂသည် နျူကလီးယား လက်နက်တားဆီးရေး ရည်ရွယ်သည့် ပဋိညာဉ်စာချုပ်ကို ၂၀၁၇ ခုနှစ် ဇူလိုင်တွင် နိုင်ငံနှင့် ဒေသပေါင်း ၁၂၂ ခု ၏ ထောက်ခံချက်ဖြင့် အတည်ပြုခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးချနေသည့် နျူကလီးယားလက်နက်များကို အသုံးပြုခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဲ့သို့သော လက်နက်မျိုးကို ဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်တင်ခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် အသုံးပြုခြင်းတို့ကို တားမြစ်ပိတ်ပင်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက ပြောကြားခဲ့သည်။

နျူကလီးယားလက်နက်တားဆီးရေးစာချုပ်ကို အတည်ပြုသည့် နိုင်ငံ ၅၀ ပြည့်သွားပြီးနောက် ရက်ပေါင်း ၉၀ အကြာ လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စာချုပ် စတင်အသက်ဝင်တော့မည်ဖြစ်ကြောင်း သိရသည်။ နျူကလီးယားအင်အားကြီးနိုင်ငံများဖြစ်ကြသည့် အမေရိကန်၊ ရုရှား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှာ စာချုပ်တွင် ပါဝင်ခြင်းမရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အီရတ်နိုင်ငံကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာနှစ်သန်း အကူအညီပေးမည်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၅**

အီရတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အမေရိကန်ဒေါ်လာနှစ်သန်းကို အကူအညီပေးအပ်မည်ဟု အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၃၂၀၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ အီရတ်နိုင်ငံတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကို ရင်ဆိုင်တိုက်ဖျက်နေရချိန် နိုင်ငံ့ကျန်းမာရေးကဏ္ဍကို အထောက်အကူပြုရန် ယခုနှစ်၏ နောက်ဆုံးလအတွင်း ဆေးဝါးကုသမှုဆိုင်ရာ အကူအညီများ ပေးအပ်မည်ဖြစ်ကြောင်း အီရတ်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဆိုင်ရာ အရေးပေါ်အဖွဲ့အကြီးအကဲ ဝါအယ်လ် ဟာတာဟစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



အီရတ်နိုင်ငံတွင် နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာတပ်ဆင်ထားသည့် ကလေးငယ်များကို တွေ့ရစဉ်။

လာမည့်နှစ်လအတွင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် ဆေးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းရန် ကုသရေးဆိုင်ရာပစ္စည်းကိရိယာများအပါအဝင် အကာအကွယ်ပစ္စည်း အမြောက်အမြား ပို့ဆောင်ပေးရန် အလေးပေးသွားမည်ဖြစ်ကြောင်း ဟာတာဟစ်က ပြောသည်။ အကယ်၍ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေဦးမည်ဆိုပါက လာမည့်နှစ်တွင်လည်း အကူအညီ အထောက်အပံ့များ ပေးအပ်ရန်ရှိကြောင်း ၎င်းက ပြောသည်။

ကပ်ရောဂါအတွက် အကောင်းဆုံးဖြေရှင်းနည်းမှာ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူမှုဝေးကွာစည်းကမ်းချက်များနှင့်အညီနေထိုင်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# နမီးဘီးယား၌ ထောင်နှင့်ချီသည့် ပင်လယ်ဖျံများသေဆုံး

**ဂျိုဟန်နစ္စဘာ့ဂ် အောက်တိုဘာ ၂၅**

နမီးဘီးယားနိုင်ငံအလယ်ပိုင်းတွင် ခန့်မှန်းခြေ အကောင်ရေ ၇၀၀၀ ခန့်ရှိသည့်ပင်လယ်ဖျံများ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိပ္ပံပညာရှင်တစ်ဦးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဝယ်လ်ဗစ် ပင်လယ်အော်မြို့အနီးရှိ သဲသောင်ထူထပ်သည့် ပီလီကန်ပွိုင့်ကမ်းခြေတွင် ပင်လယ်ဖျံအများအပြားသေဆုံးမှုကို စတင်သတိပြုမိခဲ့ကြောင်း နမီးဘီးယားပင်လယ်သမုဒ္ဒရာထိန်းသိမ်းရေး ပရဟိတအဖွဲ့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကျွမ်းကျင်သူ နော်ဒီဒရီယာက ပြောကြားခဲ့သည်။



နမီးဘီးယားနိုင်ငံရှိ ကမ်းခြေတစ်ခုတွင် သေဆုံးနေသည့် ပင်လယ်ဖျံတစ်ကောင်ကို တွေ့ရစဉ်။

ထိုသို့ ဖြစ်ပွားခဲ့ပြီးနောက် အောက်တိုဘာလအစောပိုင်း ရက်သတ္တပတ်၌ ကမ်းခြေ၌ ပင်လယ်ဖျံသားပေါက်အများအပြားကို တွေ့ရှိခဲ့ကြောင်း နမီးဘီးယား လင်းပိုင်စီမံချက်မှ ဒေါက်တာ တက်စ်ဂရစ်ဒလေက အေအက်ဖ်ပီသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။ ပင်လယ်ဖျံများသည် ပုံမှန်အားဖြင့် နိုဝင်ဘာလလယ်နှင့် ဒီဇင်ဘာလလယ်အတွင်း သားပေါက်လေ့ရှိကြောင်း သိရသည်။

ပင်လယ်ဖျံများ သေဆုံးရသည့် အကြောင်းရင်းမှာ ညစ်ညမ်းမှုဖြစ်စေသည့် ပစ္စည်းများ၊ ဗက်တီးရီးယားများကူးစက်မှုကြောင့် သို့မဟုတ် အာဟာရချို့တဲ့မှုကြောင့် ဟုတ် မဟုတ် သိရှိနိုင်ရေး ကျွမ်းကျင်သူများက နမူနာရယူစစ်ဆေးရန် လုပ်ဆောင်နေကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# တူရကီနိုင်ငံက ဓာတ်ငွေ့တူးဖော်ရေး သုတေသနမစ်ရှင်ကို အချိန်ထပ်တိုး

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၅**

နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားနေသည့် မြေထဲပင်လယ်အရှေ့ပိုင်းရေပိုင်နက်ထဲတွင် ဓာတ်ငွေ့တူးဖော်ရေးဆောင်ရွက်မည့် တူရကီသုတေသနသင်္ဘော၏ လုပ်ငန်းဆောင်ရွက်မှုကို အချိန်ထပ်တိုးလိုက်ကြောင်း သိရသည်။

မြေထဲပင်လယ်အတွင်း ဓာတ်ငွေ့ရှာဖွေရေးလုပ်ဆောင်နေသည့် တူရကီသင်္ဘောကို ပြန်လည်ဆုတ်ခွာသွားရန် အနောက်နိုင်ငံများက တောင်းဆိုနေမှုကို ဆန့်ကျင်ကာ တူရကီက ၎င်း၏ ရှာဖွေရေးမစ်ရှင်ကို အချိန်ထပ်တိုးလိုက်ခြင်းဖြစ်သည်။ သုတေသနသင်္ဘော Qruc Reison သည် လာမည့် နိုဝင်ဘာ ၄ ရက်အထိ မြေထဲပင်လယ်အရှေ့ပိုင်းတွင် ဓာတ်ငွေ့ရှာဖွေရေး မစ်ရှင်ဆောင်ရွက်ရန် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း နိုင်ငံတကာ ရေကြောင်းသွားလာမှုအချက်ပြစနစ် NAVTEX တွင် တူရကီရေတပ်ဖွဲ့က အကြောင်းကြားခဲ့သည်။

မူလက ယင်းနေရာတွင် အောက်တိုဘာ ၂၇ ရက်အထိ သုတေသနသင်္ဘော ဆက်လက်ရှိနေမည်ဟု ဖော်ပြခဲ့ရာမှ အချိန်ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ ဂရိနိုင်ငံက တူရကီသည် ဂရိရေပိုင်နက်ထဲတွင် အကျိုးအမြတ်ရှာဖွေခြင်းဖြင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# လူ့အသက်ပေါင်းများစွာကိုကယ်တင်နိုင်သည့် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်း

ခြူးစန္ဒီနွေး

**အမေရိကန် ပြည်ထောင်စုမှာ လူတိုင်းလူတိုင်းသာ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကြမယ်ဆိုရင် နွေဦးကာလရောက်တဲ့အခါ လူပေါင်းတစ်သိန်းသုံးသောင်းနီးပါးရဲ့ အသက်ကို ကယ်တင်နိုင်လိမ့်မယ်လို့ သိပ္ပံပညာရှင်တွေက အောက်တိုဘာ ၂၃ ရက်မှာ ပြောကြားခဲ့ကြပါတယ်။ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ရာရောက်တယ်လို့ သိပ္ပံပညာရှင်တွေက ထောက်ပြခဲ့ကြတာပဲ ဖြစ်ပါတယ်။**



ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ရန် မျှဝေပေးနေသည်ကို တွေ့ရစဉ်။

**"ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ခြင်းဖြင့် ရရှိလာနိုင်မယ့် အကျိုးကျေးဇူးကတော့ ကိုဗစ်- ၁၉ ကူးစက်နိုင်ခြေရှိမှုကို ထက်ဝက်နီးပါး လျှော့ချနိုင်ခြင်းပဲဖြစ်ပါတယ်။ စက်တင်ဘာ ၂၀ ရက်မှာတော့ အမေရိကန်နိုင်ငံသား ထက်ဝက်နီးပါးဟာ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်တယ်လို့ သိရပါတယ်"**

## လမ်းညွှန်ချက်အသစ်ထုတ်ပြန်

သမ္မတရဲ့ သိပ္ပံအကြံပေးဖြစ်သူဒေါက်တာ စကော့က ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းဟာ မထိရောက်ဘူးဆိုပြီး ပြောကြားခဲ့တဲ့နောက် အခုလို ပါးစပ်နှာခေါင်းစည်းရဲ့အသုံးဝင်ပုံကို ရှာဖွေမှုတွေ ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၁ ရက်မှာတော့ ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန စီဒီစီကနေ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၊ ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို အသုံးပြုတဲ့အခါ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကြဖို့ လမ်းညွှန်ချက်အသစ် ထုတ်ပြန်ခဲ့ပါတယ်။

## ဆောင်းတွင်းမှာကူးစက်မှုများလာနိုင်

လုံခြုံစိတ်ချရရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကိုလိုက်နာမှုအားနည်းခဲ့တာကြောင့် ကူးစက်မှုတွေ တစ်ရှိန်ထိုး တိုးလာတာပဲဖြစ်ပြီး နိုင်ငံအများအပြားရဲ့ဆေးရုံတွေမှာလည်း ကိုဗစ် –၁၉ လူနာတွေနဲ့ပြည့်နှက်လာပါတယ်။ အောက်တိုဘာ ၂၂ ရက်မှာတော့ အမေရိကန်မှာ နေ့စဉ်ကူးစက်မှုဟာ ၇၅၀၀၀ ကျော်လွန်လာတာကို တွေ့မြင်ရမှာပါ။ ကပ်ရောဂါစတင်ဖြစ်ပွားတဲ့အချိန်ကစလို့ ဒုတိယမြောက် ကူးစက်မှုအမြင့်ဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ပါတယ်။ အမေရိကန်ရှိ ပြည်နယ်ကြီး ရှစ်ခုမှာလည်း နေ့စဉ်ကူးစက်မှုဟာ စံချိန်တင်မြင့်မားလာပါတယ်။ ဆောင်းတွင်းကာလမှာ ကူးစက်မှုဟာ ဆက်လက်မြင့်တက်လာနိုင်ပြီး ဇန်နဝါရီလမတိုင်ခင် အထိကူးစက်မှုနဲ့ သေဆုံးမှုနှုန်းဟာ တဖြည်းဖြည်းနဲ့ များပြားလာနိုင်တယ်လို့ ကျန်းမာရေးဆိုင်ရာအကဲဖြတ်တွက်ချက်မှုအင်စတီကျုမှ ညွှန်ကြားရေးမှူး ဒေါက်တာခရစ္စတိုဖာမာရေးက ပြောပါတယ်။

## သေဆုံးသူငါးသိန်းအထိ ရှိလာနိုင်

ခက်ခဲတဲ့ဆောင်းတွင်းကို ဖြတ်ကျော်ရဖွယ်ရှိတယ်လို့ ဒေါက်တာခရစ္စတိုဖာက ပြောပါတယ်။ သဘာဝဆေးပညာဂျာနယ်မှာ ဖော်ပြထားတဲ့လေ့လာမှုတစ်ခုအရ ကိုဗစ်– ၁၉ကြောင့် သေဆုံးနိုင်ဖွယ်ရှိတဲ့ လူအရေအတွက်ကို အကြမ်းဖျင်း ခန့်မှန်းထားရာမှာတော့ ၂၀၂၁ ခုနှစ် မတ်လကိုရောက်တဲ့အခါ အမေရိကန်နိုင်ငံမှာ သေဆုံးမှုနှုန်းဟာ ငါးသိန်းအထိ ရောက်လာနိုင်တယ်လို့ ဖော်ပြထားပါတယ်။ ပြည်နယ်အများစုမှာ လူမှုဝေးကွာအစီအမံတွေကို ထပ်မံကျင့်သုံးနေရင်တောင်မှ သေဆုံးမှုနှုန်းဟာ မြင့်နိုင်တယ်လို့ ဖော်ပြထားပါတယ်။

## ကန့်သတ်ချက်တွေ လျှော့ရင်သေနှုန်းများမယ်

ဒေါက်တာမာရေးနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေဟာ ကိုဗစ် –၁၉ ကူးစက်မှုနှုန်း၊ ဆေးစစ်ပေးနိုင်မှုနှုန်း၊ ပါးစပ်နှာခေါင်းစည်းအသုံးပြုနှုန်းတွေကို ခွဲခြားစိတ်ဖြာခဲ့ကြပါတယ်။ အဲဒီနောက် ၂၀၂၁ ခုနှစ် မတ်လမတိုင်မီပြည်နယ်အသီးသီးမှာ ဖြစ်နိုင်ခြေရှိတဲ့ သေဆုံးမှုနှုန်းကိုခန့်မှန်းခဲ့ကြတာပဲဖြစ်ပါတယ်။ တကယ်လို့များ ပြည်နယ်အများစုမှာ လူမှုဝေးကွာအစီအစဉ်တွေနဲ့ ကိုဗစ်–၁၉ ကန့်သတ်ချက်တွေကို လျှော့ချလိုက်မယ်ဆိုရင် သေဆုံးမှုနှုန်းဟာ ဖေဖော်ဝါရီ ၂၈ ရက်ကို ရောက်တဲ့အခါမှာ တစ်သန်းအထိရှိနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ တကယ်လို့ပြည်နယ်တွေမှာ လူမှုဝေးကွာအစီအမံတွေကို ဆက်လက်ကျင့်သုံးမယ်ဆိုရင်တော့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာတော့ သေဆုံးမှုနှုန်းမှာ ငါးသိန်းရှိလာနိုင်ပါတယ်။

## ပျောက်ကင်းသွားသူတွေကိုလည်း စဉ်းစားဖို့လို

တိုရွန်တိုတက္ကသိုလ်က ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာ အက်ရှလေတူ့ထ်ကတော့ ရာသီအခြေအနေကိုလိုက်ပြီးတော့ သေနှုန်းမြင့် မမြင့်ကို သေချာမပြောနိုင်ဘူးလို့ ပြောပါတယ်။ ဒေါက်တာ မာရေးရဲ့ခန့်မှန်းချက်ဟာ ဆေးရုံပေါ်မှာ ကုသမှုခံယူနေတဲ့ ကုသမှုတွေကိုတော့ ထည့်မတွက်ထားဘူးလို့ ဒေါက်တာတူ့ထ်က ထောက်ပြခဲ့ပါတယ်။ ဥပမာအားဖြင့် ဆေးရုံပေါ်မှာ တက်ရောက်ကုသမှုခံယူနေတဲ့ လူ ၂၅ ဒသမ ၆ ရာခိုင်နှုန်းကနေ နွေဦးကာလမှာ ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ လေ့လာမှုတစ်ခုအရ သိရပါတယ်။ ဒါကြောင့် သေဆုံးမှုနှုန်းကို ခန့်မှန်းတဲ့အခါ ဆေးကုသမှု ခံယူပြီးနောက် ပျောက်ကင်းနိုင်တဲ့ အရေအတွက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

## ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းရဲ့အကျိုး

ဒေါက်တာမာရေးနဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းရဲ့ အကျိုးကျေးဇူးတွေကိုလည်း လေ့လာခဲ့ပါတယ်။ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းဖြင့် ရရှိလာနိုင်မယ့် အကျိုးကျေးဇူးကတော့ ကိုဗစ်– ၁၉ ကူးစက်နိုင်ခြေရှိမှုကို ထက်ဝက်နီးပါး လျှော့ချနိုင်ခြင်းပဲဖြစ်ပါတယ်။ စက်တင်ဘာ ၂၀ ရက်မှာတော့ အမေရိကန်နိုင်ငံသား ထက်ဝက်နီးပါးဟာ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်တယ်လို့ သိရပါတယ်။ ဒါပေမယ့် အမေရိကန်မှာ လူဦးရေရဲ့ ၉၅ ရာခိုင်နှုန်းနီးပါး ပုံမှန်ပါးစပ်နှာခေါင်းစည်းဝတ်ဆင်မှသာ ၂၀၂၁ ခုနှစ် မတ်လကိုရောက်တဲ့အခါ လူအသက်ပေါင်းတစ်သိန်းကျော်ရဲ့အသက်ကို ကယ်တင်နိုင်မှာပဲဖြစ်တယ်လို့ လေ့လာမှုတွေအရ သိရပါတယ်။ နိုင်ငံသားတွေရဲ့ ၈၅ ရာခိုင်နှုန်းသာ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခဲ့မယ်ဆိုရင်တော့ မတ်လကို ရောက်တဲ့အခါ လူပေါင်းကိုးသောင်းကျော်ရဲ့ အသက်ကို ကယ်တင်နိုင်မှာဖြစ်ပါတယ်လို့ ဒေါက်တာမာရေးက ပြောပါတယ်။

## လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်

ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းဟာ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်တဲ့ မှန်ကန်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းဖြင့် စီးပွားရေးမှာ ထိခိုက်မှုရှိလာမှာကို လျှော့ချနိုင်တဲ့အတွက် လူ့အသက်ကိုလည်း ကယ်တင်နိုင်ပါတယ်။ မဖြစ်မနေ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ဖို့ အမိန့်ထုတ်ခြင်းနဲ့ မဝတ်ဆင်တဲ့သူတွေကို ဒဏ်ရိုက်ခြင်းဖြင့် လူတွေ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်လာနိုင်တယ်လို့ ၎င်းက အကြံပြုထားပါတယ်။ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းဟာ ငွေကြေးအကုန်အကျသက်သာပြီး ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို ရပ်တန့်စေနိုင်တဲ့ အရာလည်း ဖြစ်တယ်လို့ အမ်မိုရီတက္ကသိုလ်က ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာကားလို့စ်ဒီရီယိုက ပြောပါတယ်။

## နိုင်ငံရေးအရအသုံးချခြင်းက စိတ်ပျက်စရာ

တကယ်လို့ သင်သာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်မယ်ဆိုရင် သင်ဟာ ဒီမိုကရက်တစ်ယောက်ဖြစ်ပြီး မဝတ်ဘူးဆိုရင်တော့ ရီပတ်ဘလစ်ကန်တစ်ယောက်ပဲလို့ သူက ဆက်ပြောပါတယ်။ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်မှုရှိမရှိကို နိုင်ငံရေးမှာ အသုံးချနေတာကတော့ စိတ်ပျက်စရာပဲလို့ သူကဆက်ပြောပါတယ်။ လူတွေ ဒီထက်ပိုပြီး သေဆုံးနေကြတာကို မမြင်ချင်တော့ဘူးလို့လည်း ဒေါက်တာကားလို့စ်က ပြောပါတယ်။ ဒါကြောင့် လက်ရှိတွေ့ရှိရတဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေအရ အမေရိကန်နိုင်ငံသားအများအပြားသာ ပါးစပ်နှာခေါင်းစည်း ပုံမှန်ဝတ်ဆင်မယ်ဆိုရင်လာမယ့် နွေဦးမှာ ကိုဗစ်– ၁၉ ကြောင့် လူသေဆုံးမှုနှုန်း လျော့ကျသွားတာကို တွေ့မြင် နိုင်ဖွယ်ရှိပါတယ်။ ။

**ကိုးကား –နယူးယောက်တိုင်းမ်**

---

## နိုင်ငံတကာသတင်းတိုထွာ

### အယ်လ်ခိုင်ဒါ အဓိကခေါင်းဆောင်ကို အာဖဂန် အစိုးရတပ်ဖွဲ့ဝင်များ သုတ်သင်ရှင်းလင်း

**ကဘူးလ် အောက်တိုဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသည့် ဂါဇနီပြည်နယ်တွင် အယ်လ်ခိုင်ဒါအဖွဲ့မှ ကွန်ရက်ခေါင်းဆောင်တစ်ဦးကို အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များက သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်ဟု အမျိုးသားလုံခြုံရေးဦးစီးဌာန သတင်းအရင်းအမြစ်က အောက်တိုဘာ ၂၅ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

နောက်ထပ် အသေးစိတ်အချက်အလက်များပေးရန်ကိုမူ အဆိုပါ သတင်းအရင်းအမြစ်က ငြင်းဆိုခဲ့သည်။ အမျိုးသားလုံခြုံရေးဦးစီးဌာနမှ အထူးတပ်ဖွဲ့ဝင်များ၏ အယ်လ်ခိုင်ဒါအဖွဲ့မှ အဓိကကွန်ရက်ခေါင်းဆောင်တစ်ဦးဖြစ်သူ အဗ္ဗဆူဆန်အယ်မီဆရီကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်ဟု အာဖဂန်နစ္စတန်ရှိ ထောက်လှမ်းရေးအေဂျင်စီက အောက်တိုဘာ ၂၄ ရက်တွင် တွစ်တာစာမျက်နှာပေါ်၌ ရေးသားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဂါဇနီပြည်နယ်ရှိ အာဏာပိုင်များကမူ အဆိုပါသတင်းနှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်မျှ မပေးခဲ့ပေ။

**ဆင်ဟွာ**

### ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်သူ တစ်သန်းကျော်သွားပြီဖြစ်

**ဘိုဂိုတာ အောက်တိုဘာ ၂၅**

ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၀၀၇၇၁၁ ဦးရှိပြီး သေဆုံးသူ ၃၀၀၀၀ အထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၄ ရက်တွင် ကြေညာခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် နောက်ထပ်ကူးစက်ခံရသူပေါင်း ၇၈၆၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ကူးစက်မှုအများစုမှာ မြို့တော်ဘိုဂိုတာမှ ဖြစ်ကြသည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာလည်း ၉၀၇၃၇၉ ဦးရှိလာခဲ့သည်။

အောက်တိုဘာ ၂၃ ရက် တစ်ရက်တည်း၌ပင် ကိုလံဘီယာကျန်းမာရေးဝန်ကြီးဌာနသည် ပီစီအာဖြင့် ဆေးစစ်ပေးမှုပေါင်း ၃၅၉၄၇ ခု ဆောင်ရွက်ပေးခဲ့ပြီး အင်တီဂျင်ဆေးစစ်ပေးမှုပေါင်း ၁၄၄၄၆ ဦးပြုလုပ်ပေးနိုင်ခဲ့သည်ဟု သိရသည်။

ကိုလံဘီယာနိုင်ငံသည် လက်တင်အမေရိကတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ တစ်သန်းကျော်လာသည့် တတိယမြောက်နိုင်ငံလည်း ဖြစ်သည်။ ၎င်း၏ရှေ့တွင် ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့က ကူးစက်သူတစ်သန်းကျော်စီဖြင့် ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် ရုန်းကန်နေရသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၁၃ ရက်သာ**

**လိုတော့သည်။**



## ရွှေဘိုမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများအား မဲရုံဆိုင်ရာ သင်တန်းပို့ချ

**ရွှေဘို အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား မဲရုံဆိုင်ရာ အသိပညာပေးသင်တန်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက ရွှေဘိုမြို့ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပို့ချပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ရွှေဘိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးက သင်တန်းပို့ချရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို လာမည့်ရွေးကောက်ပွဲကာလအတွင်း ရွှေဘိုမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား သင်တန်းနည်းပြများအဖြစ် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲနည်းဥပဒေဆိုင်ရာများ၊ မဲရုံကြိုတင်ပြင်ဆင်ခြင်း၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများမှ စာရွက်စာတမ်း၊ ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလက်ခံခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲစာရင်းစစ်ဆေးသူများ၏ လုပ်ငန်းတာဝန်များ၊ မဲလက်မှတ်ထုတ်ပေးသူ၊ လုံခြုံရေးနှင့် မင်တို့သူတို့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မဲရုံမဖွင့်မီ၊ မဲရုံဖွင့်ချိန်မှ ပိတ်သိမ်းချိန်ထိ မဲရေတွက်ထုပ်ပိုးခြင်းနှင့် စနစ်တကျအပ်နှံခြင်းဆိုင်ရာ မဲရုံလုပ်ငန်းစဉ်များ၊ ခိုင်လုံမဲနှင့် ပယ်မဲများအကြောင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ပုံစံများဖြည့်သွင်းခြင်း စသည့် ရွေးကောက်ပွဲ ကျင်းပစဉ်ကာလ မဲရုံနှင့်ဆိုင်သော သိသင့်သိထိုက်သည်များကို သင်ကြားပို့ချပေးလျက်ရှိပြီး စံပြမဲရုံ ခင်းကျင်းသရုပ်ပြခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့်အညီ စာတွေ့ လက်တွေ့ သရုပ်ပြသင်ကြားပို့ချပေးလျက်ရှိသည်။

ရွှေဘိုမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၈၆ အုပ်စုရှိပြီး မဲဆန္ဒရှင်ဦးရေ ၂၂၀၀၅၅ ဦးရှိကာ အထွေထွေရွေးကောက်ပွဲကို မဲရုံပေါင်း ၁၇၁ ရုံဖြင့် လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါမဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး စုစုပေါင်း ၄၂၈ ဦးရှိပြီး သင်တန်းကို ငါးရက်ခွဲ၍ သင်ကြားပို့ချပေးလျက်ရှိကြောင်း ရွှေဘိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးက ပြောသည်။ သင်တန်းပြီးမြောက်သည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများက မိမိတို့တာဝန်ကျရာ နယ်မြေအလိုက် မဲရုံအဖွဲ့ဝင်များအား ထပ်မံဆင့်ပွား ပို့ချပေးကြမည်ဖြစ်ကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

## နမ့်ခမ်းမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းစွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ

**နမ့်ခမ်း အောက်တိုဘာ ၂၅**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ကြမည့် နမ့်ခမ်းမြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းစွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲနှင့် သင်တန်းပို့ချမှုကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက အထက(၁) သီရိရွှေရည်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းတင်က သင်တန်းဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးစိုင်းအိုက်ယုံက မဲရုံမှူး၊ ဒုမဲရုံမှူး တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများအား လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် သင်တန်းကိုပို့ချရာ မြို့နယ်ကော်မရှင်အရာရှိ ဦးဇင်မောင်က မဲရုံမှူး၊ ဒုမဲရုံမှူးများ ဆောင်ရန် ရှောင်ရန် တာဝန်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းမိုးသူဇာကျော်က ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ မြို့နယ်လဝကဦးစီးမှူး ဦးစန်းလွင်က ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်း၊ ဆန္ဒမဲကြေညာခြင်းကိုလည်းကောင်း၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ စိုင်းလှတင်က ကိုဗစ်နှင့် ပတ်သက်သော လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း ပို့ချသည်။

### နှစ်ရက်တိုင် သင်ကြားပို့ချသွားမည်

ထို့နောက် ဆန္ဒမဲပေးခြင်းနှင့် သက်ဆိုင်သော ဆောင်ရွက်မှုများကို လက်တွေ့သရုပ်ပြခဲ့သည်။ သင်တန်းကို ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ မဲရုံပေါင်း ၁၁၅ ရုံမှ မဲရုံမှူး၊ ဒုမဲရုံမှူး ၂၃၀ တို့ တက်ရောက်ခဲ့ကြသည်။ သင်တန်းပို့ချရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းကမ်းနှင့်အညီ လူဦးရေအကန့်အသတ်ဖြင့် လူစုခွဲ၍ ပို့ချပြီး နှစ်ရက်တိုင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေမွန်(ရွှေရည်မြေ)

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

- ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) ကို ဖျက်သိမ်းပြီးဖြစ်ပါသည်။
- ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရန်မလိုပါ။
- ဆန္ဒပြုခဲ့ပါလျှင် ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၀)

*(ယမန်နေ့မှအဆက်)*

## ဒုတိယအကြိမ် Covid-19 Fund မှ ဒုတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၉၂၃ | ကောင်းထက် ရေချိုပုဇွန်မွေးမြူရေး | မရမ်း-ဖွဲဘာ၊ ပုဇွန်မွေးမြူရေးဇုံ၊ အကွက်(၁၇)၊ ကရင်ချောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန် |
| ၉၂၄ | သိန်းမင်း ငါးဖမ်းလုပ်ငန်းနှင့် မျှင်ငပိလုပ်ငန်း | နောက်မီးကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၂၅ | ဦးဇော်မင်းလတ် ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၄၆၊ ရတနာမွန် ၃ လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန် |
| ၉၂၆ | ဦးဝင်းမောင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ဧရာကျေးရွာ၊ ဘိုကလေးမြို့နယ် |
| ၉၂၇ | ဦးဇော်လင်းဦး ငါးပုဇွန် မွေးမြူရေးလုပ်ငန်း | ကမာမတ်ကျေးရွာ၊ ခရမ်းမြို့နယ် |
| ၉၂၈ | ဦးမြင့်သိန်း ငါးမွေးမြူရေးလုပ်ငန်း | ကမာမတ်ကျေးရွာ၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၂၉ | ဦးအေးခိုင် ငါးမွေးမြူရေးလုပ်ငန်း | ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကတုက္ကမအုပ်စု |
| ၉၃၀ | ဦးဆန်းဝင်း (ငါးမွေးမြူရေး) | အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၃၁ | ဦးကျော်စိန် ငါးမွေးမြူရေးလုပ်ငန်း | ကွင်းအမှတ် ၆၀၉၊ ဂရက်တာကွင်း၊ ဇရပ်လှကြီးကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ် |
| ၉၃၂ | ဦးနေလင်းအောင် ငါး၊ ပုဇွန် မွေးမြူရေးလုပ်ငန်း | ထောင်မင်းကျေးရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၉၃၃ | မိတ်သစ် ငါးပုံဆန်စက် | အောင်ဟိတ်ကျေးရွာ၊ မအူပင်မြို့နယ် |
| ၉၃၄ | မေဇင်ဇင် ငါးရံ့ခြောက်ဖုတ်လုပ်ငန်း | အမှတ်(၈၉)၊ (၈)လမ်း၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၃၅ | ဝင်းသန်းမိုး မြေပဲခွဲစက်လုပ်ငန်း | အမှတ်(၃၄၈)၊ (၁)လမ်း၊ မကွေးမြို့၊ အောင်ဇေယျာရပ်၊ မကွေးမြို့ |
| ၉၃၆ | ထက်မြတ်ထွန်း (ရန်ကုန် မုန့်ဖုတ်လုပ်ငန်း) | အမှတ်(၉၂)၊ (၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ငူမြို့ |
| ၉၃၇ | သက်ဖြိုးစံ ကမ်းဦး/ကမ်းဝေး ငါးဖမ်းလုပ်ငန်း | အမှတ် (၃) ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၃၈ | ဦးသန်းထွန်း (ငါးမွေးမြူရေး) | အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့နယ်၊ ကွင်းအမှတ်- ၇၅၉၊ ဦးပိုင်အမှတ်- ၁၉ |
| ၉၃၉ | ဦးကျော်ထက်လင်း ငါးမွေးမြူရေးလုပ်ငန်း | သက္ကယ်ကုန်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း |
| ၉၄၀ | King Fisher Canning Factory | No.442/443, Bandula Street, Lay Htauk Kan, Dagon Seikkan Tsp, Yangon |
| ၉၄၁ | TWIN သောက်ရေသန့် ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် (၂၆)၊ မြတ်လေးလမ်း၊ အမှုထမ်းရပ်၊ သံလျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၄၂ | ဇေယျာသုခ ဆန်စက် | ဘုရားငါးဆူရွာ/အုပ်စု၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း |
| ၉၄၃ | ဟိန်း ဆန်စက် | ရန်ကုန်-မန္တလေးလမ်းဘေး၊ မြောက်နန်ချွန်၊ ရေတာရှည်မြို့ |
| ၉၄၄ | ရွှေအိုးကြီး ဆန်စက် | စက်နံပါတ်- ၁၆၆၊ ဗန္ဓုလမ်း၊ စက်ကုန်းပိုင်းရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူး |
| ၉၄၅ | ဦးဖြူဆွေ (ကမ်းဝေးငါးဖမ်းလုပ်ငန်း) | စံပြ၊ အမှတ်(၃)ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၄၆ | ဦးမြင့်ခိုင် (ရွှေလင်း စားသောက်ကုန်နှင့် မုန့်မျိုးစုံထုတ်လုပ်ရေးလုပ်ငန်း) | အမှတ်- ၄၀၅၊ အနော်ရထာလမ်း၊ ၉ ရပ်ကွက်၊ ဒဂုံအရှေ့ |
| ၉၄၇ | S.T ပီလောပီနံအမှုန့် ကြိတ်လုပ်ငန်း | အချုပ်ကြီးရွာ၊ ရွာဖြူကျင်းအုပ်စု၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၄၈ | ဦးနိုင်ထွန်း ပီလောပီနံအမှုန့် ကြိတ်လုပ်ငန်း | ခမောက်စုကျေးရွာ၊ လေးမျက်နှာမြို့ |
| ၉၄၉ | ဦးဆရာမ်လာလ် ဆန်စက် | မစ္စဝါးရီယာကျေးရွာ၊ ဇေယျဝတီ၊ ဖြူးမြို့နယ်၊ တောင်ငူခရိုင် |
| ၉၅၀ | အောင်ဇေယျာမင်း ငါးဖမ်းလုပ်ငန်း | အမှတ်(၁၆) ပထမထပ်၊ ရတနာမွန် (၃)လမ်း၊ လှိုင်မြို့နယ် |
| ၉၅၁ | ဦးမောင်မြင့် (အောင်ဆုမွန် ) ငါးဖမ်းလုပ်ငန်း (ကမ်းဝေး) | MMG ငါးချဆိပ်ကမ်း၊ စံပြငါးဈေးအနီး၊ ကြည့်မြင်တိုင်၊ /၂၂- ဘီ၊ စမုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် |
| ၉၅၂ | ဦးဇော်မင်းလှိုင် ငါးမွေးမြူရေးလုပ်ငန်း | နားကွင်းကျေးရွာအုပ်စု၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၉၅၃ | ဦးဇော်ဝင်းငွေ (KL ငါးပုဇွန်လုပ်ငန်း) | ကမ်းထောင်းကြီးမြို့၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၉၅၄ | ဒေါ်စံပယ်ဖွေး သီဟိုဠ်နှင့် မန်ဂျန်ရှားစိုက်ပျိုးရေးလုပ်ငန်း | လှေကြီးတက်ကျေးရွာအုပ်စု၊ သာပေါင်းမြို့နယ် |
| ၉၅၅ | ဝင်းမြတ်သူ ငါးဖမ်းစက်လှေအုပ်စု | အမှတ်(အေ-၇)၊ အဏ္ဏဝါလမ်းသွယ် (၁)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် |
| ၉၅၆ | ဦးသန်းရှိန် မြတ်သူရအုပ်စု ငါးဖမ်းလှေလုပ်ငန်း (၁၂ စီး) | အမှတ် (၁၀၄ - A)၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၉) ရပ်ကွက်၊ ကမာရွတ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၅၇ | ဦးသောင်းညိုမင်း (ငါးမွေးမြူရေးလုပ်ငန်း) | ကျွန်းဦးကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၅၈ | SEIN WUT HMON Co., Ltd. | 15(A), Bahosi, Lanmadaw Township, Yangon |
| ၉၅၉ | ဦးအောင်နိုင် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၁၂/အေ)၊ အေးရိပ်မွန် (၃)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၉၆၀ | Winner Land Production Company Limited | ဘုရားလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၉၆၁ | Yangon Fishery Development Company Limited | No.(2/24 A), Area of the Department of Fisheries, West Gyogone, Insein Township, Yangon |
| ၉၆၂ | ကြယ်ရောင်စဉ် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | အမှတ် (၄၄၉)၊ ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့ |
| ၉၆၃ | ဦးစိုးကြည် ငါးမွေးမြူရေးလုပ်ငန်း | ကျုံးကျုံးကျကျေးရွာ၊ ခရမ်းမြို့၊ ရန်ကုန်တိုင်း |
| ၉၆၄ | ဦးညွန့်ဝင်း (ငါး၊ ပုစွန်မွေးမြူခြင်း) | ကွင်းအမှတ်- ၃၂၀ (က)၊ ဘုရားကုန်းကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်း |
| ၉၆၅ | PYANSAWADDY SEAFOOD PRODUCTION COMPANY LIMITED | အမှတ် (၁၀)၊ အေးရိပ်မွန် (၂) လမ်း၊ (၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၆၆ | ဦးခင်အောင် ငါးမွေးမြူရေးလုပ်ငန်း | အမှတ် ၂၊ လမ်း ၁၃၀၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် |
| ၉၆၇ | ဦးစိုးလွင် ငါးမွေးမြူရေးလုပ်ငန်း | ညောင်ရွာကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၆၈ | မြတ်ဝင်းကျော် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၁၈)၊ ပထမထပ်၊ ဘူတာရုံလမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ် |
| ၉၆၉ | ဦးကြီးရန် (ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်း) | ညောင်တန်းတံတား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၇၀ | ဦးထွန်းထွန်းဦး (ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း) | အမှတ်- ၁၃၊ သဇင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် |
| ၉၇၁ | ဦးဇော်ဘိုဘိုဦး ငါးဖမ်းလုပ်ငန်း | ရွှေဇင်ယော်ဟိန်းတံတား၊ လှိုင်မြစ်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန် |
| ၉၇၂ | ဦးကျော်မိုးရှိန် ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(9/Ka), Kone Mint Yeik Thar Street, (6)Quarter, Mayangone Township, Yangon |
| ၉၇၃ | ဦးတင်မြင့် (ငါးမွေးမြူရေးလုပ်ငန်း) | အလန်းကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၇၄ | ဦးအောင်သက်ဇော် ငါးမွေးမြူရေးလုပ်ငန်း | သက္ကယ်ကုန်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း |
| ၉၇၅ | ဒေါ်မေဦး ငါးမွေးမြူရေးလုပ်ငန်း | သက္ကယ်ကုန်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း |
| ၉၇၆ | ဦးသိန်းဇော် ငါးမွေးမြူခြင်းလုပ်ငန်း | လက်ခုတ်ပင်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၇၇ | ဦးဘရွှေ (ကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ်(၃)ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့ |
| ၉၇၈ | ဦးအောင်ဇော်နိုင်ဦး ငါးမွေးမြူရေးလုပ်ငန်း | ကမာမတ်ကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၇၉ | မိဘမေတ္တာ(၂), (၄) ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ်(၃)ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့ |
| ၉၈၀ | မြတ်ကျော်လင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း (ဦးသန်းဝင်း) | အမှတ်(၃)ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့ |
| ၉၈၁ | ဦးရဲဝင်းထွဋ် ငါးမွေးမြူရေး | စံကင်ကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန် |
| ၉၈၂ | ဦးတင်လင်းစိုး (ငါးမွေးမြူရေးနှင့် လယ်/ယာစိုက်ပျိုးရေးလုပ်ငန်း) | ထနီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၈၃ | ဒေါ်စောရီ (အသားတိုးကြက် မွေးမြူရေးလုပ်ငန်း) | ဝက်ဖြူရေကျေးရွာ၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ ကလောမြို့နယ် |
| ၉၈၄ | သိဒ္ဓိအောင် ဆန်စက် | ချင်ခါးကုန်းကျေးရွာ၊ တာခွတဲကြီးကုန်းအုပ်စု၊ မြန်အောင်မြို့နယ် |
| ၉၈၅ | သီရိမင်္ဂလာ ဆန်စက် | ရှောက်တောရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း |
| ၉၈၆ | ကိုနီမောင် ကြက်မွေးမြူရေး၊ ဖြန့်ချိရေးနှင့် ကြက်ဥလက်ကား ရောင်းဝယ်ရေး | ကျွန်းတော (၆) လမ်း၊ အမှတ် (၄) ရပ်ကွက်၊ ဒိုက်ဦး... |
| ၉၈၇ | ဦးမောင်ငယ် ငါးနှင့်ကြက် မွေးမြူရေးလုပ်ငန်း | ဂန်ချောင်ကျေးရွာ၊ ရန်ကုန်-မအူပင်ကားလမ်း၊ ညောင်တုန်းမြို့နယ် |
| ၉၈၈ | ကမ္ဘာကြည် ဆန်စက် | ဘန်းလောင်လမ်း၊ ရွာတန်းရှည်ကျေးရွာ၊ ဖြူးမြို့နယ် |
| ၉၈၉ | ဦးမိုးဝင်း ငါးမွေးမြူရေးလုပ်ငန်း | ကျိုက်ထော်ကျေးရွာ နှင့် ညောင်ကုန်းကျေးရွာ၊ ကော့မှူးမြို့နယ် |
| ၉၉၀ | ဦးအောင်နိုင်ဦး ပုဇွန်မွေးမြူရေးလုပ်ငန်း | ညင်းချောင်းကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၉၁ | ဦးတင်ထူး ငါးမွေးမြူရေးလုပ်ငန်း | ညောင်ရွာကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၉၉၂ | ဦးခင်ဇော် ငါး/ပုဇွန် မွေးမြူရေးလုပ်ငန်း | နဲသမိန်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၉၃ | ဇော်မင်းလတ် ငါးမွေးမြူရေးလုပ်ငန်း | ကျုံသင်းကျေးရွာ၊ မအူပင်မြို့နယ် |
| ၉၉၄ | ဦးချစ်ကိုကို ငါးမွေးမြူရေးလုပ်ငန်း | ကမာမသူကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း |
| ၉၉၅ | ဦးရွှေသန်း ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | အမှတ်(၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အဏ္ဏဝါအောင်ဆိပ်ခံတံတား |
| ၉၉၆ | ဆုမွန်ဖြိုး ငါးပုံဆန်စက် | ရွှေဘိုရွာမကျေးရွာ၊ ပွင့်ဖြူမြို့ |
| ၉၉၇ | ဝင်းမိသားစု ရေချိုပုဇွန် မွေးမြူရေးလုပ်ငန်း | လုပ်ကွက်အမှတ် ၂၅/၂၆၊ မရမ်းဖွဲဘာ ပုဇွန်မွေးမြူရေးဇုန်၊ မင်္ဂလွန်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန် |
| ၉၉၈ | ခိုင်မေတ္တာ ကမ်းဝေးငါးဖမ်းရေလုပ်ငန်း | အချာလေးကျေးရွာ၊ အေးသာယာမြစ်တန်း၊ ဖျာပုံမြို့ |
| ၉၉၉ | ဦးကျော်ကျော်ဦး (ကမ်းဝေးငါးဖမ်းလုပ်ငန်း) | စံပြ၊ အမှတ်(၃)ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၀၀ | ဒေါ်ဆန်းဝင်း (ကမ်းဝေးငါးဖမ်းလုပ်ငန်း) | အမှတ်(၃)ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၀၁ | ဦးခင်မောင်ဝင်း ငါးမွေးမြူရေးလုပ်ငန်း | ကမာမတ်စံပြကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀၂ | ဦးသန်းဆွေ (ငါးမွေးမြူရေးလုပ်ငန်း) | သက်ကယ်ကုန်းကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀၃ | ဦးလေးလွင် ငါးမွေးမြူရေးလုပ်ငန်း | ကမာမတ်ကျေးရွာ၊ ခရမ်းမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀၄ | ဦးဝင်းမောင် ငါးမွေးမြူရေးလုပ်ငန်း | ခနောင်ကြီးကျေးရွာ၊ မလက်ရိုးကျေးရွာအုပ်စု၊ မအူပင်မြို့ |
| ၁၀၀၅ | ရွှေမိုး ကမ်းဝေးငါးဖမ်းနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း | (၇) ရပ်ကွက်၊ နောက်မီးကျေးရွာ၊ အမာမြို့နယ်ခွဲ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၀၆ | သစ်ဆန်းရတနာ ဆန်စက် | ဘူတာတောင်ဘက်လမ်း၊ မဲဇလီကုန်း၊ အင်္ဂပူမြို့နယ် |
| ၁၀၀၇ | ဦးစောသိန်းဇော် ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း | ကွင်းအမှတ် (၆၄၀)၊ ရုံးတောအုပ်စု၊ အုန်းပင်စုရွာ၊ ပန်းတနော်မြို့နယ် |
| ၁၀၀၈ | လပြည့်ဝန်း (U Aung Than Win) ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် ၃ ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၀၉ | ခန့်ခန့် အာလူးကြော်လုပ်ငန်းနှင့် မန်ကျည်းပွဲရုံလုပ်ငန်း | ရွှေတန်ဆာလမ်း၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၁၀၁၀ | စိုးစံ ဆန်စက် | ဂျုံးဂျုံးကျကျေးရွာ၊ တယ်ချောင်းအုပ်စု၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၁၁ | အောင်ခေမာဝင်း ဆန်စက် | သရက်ကုန်းကျေးရွာ၊ တောင်ငူမြို့နယ် |
| ၁၀၁၂ | အောင်နန်းတော် ဆန်စက် | ညောင်မြစ်ဆွဲကျေးရွာ၊ မြန်အောင်မြို့ |
| ၁၀၁၃ | အောင်ဟပ်ကီး ဆန်စက် | စက်အမှတ်- ၃၂၆၊ ကွယ်လယ်၊ ကွမ်းခြံ၊ မြောင်းမြ |
| ၁၀၁၄ | ဇောတိက အဆင့်မြင့်ဆန်စက် | အမှတ် (ပပ-၂၃၂), ပြည်တော်သာ (၅) လမ်း၊ ပဲနွယ်ကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၁၅ | ဦးယုစေး ဆန်ကြိတ်ခွဲလုပ်ငန်း ဟာလာဆန်စက် | သေးဆူလဲရပ်၊ ဒီမောဆိုမြို့၊ ကယားပြည်နယ် |
| ၁၀၁၆ | ရွှေသိန်း ဟာလာဆန်စက် | အငူကျေးရွာ၊ ကျောက်တန်းမြို့နယ် |
| ၁၀၁၇ | ဘုရင့်နောင် ဆန်စက် | မြကိုင်းကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၁၈ | စိန်မျက်ခုံး ယိုစုံ | အမှတ် (၃၃/ခ)၊ ဥယျာဉ်လမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၁၉ | ဦးငွေအောင် (သစ္စာ) မြေပဲခွဲစက်နှင့် ဆုံဆီလုပ်ငန်း | ဒ/၂၀၆ ၊ စစ်တောင်းလမ်း၊ ပခုက္ကူစက်မှုဇုန်၊ အမှတ် (၃)၊ (ဂ)ကွင်း၊ ၁ လမ်း၊ ပခုက္ကူမြို့ |
| ၁၀၂၀ | ရွှေလင်းယုန် ဆန်စက် (၁၀၆၇) | ကျော်ဇံကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ် |
| ၁၀၂၁ | ဒေါ် ဆန်းတင် ဆီစက်လုပ်ငန်း | ရုံးတောကျေးရွာ၊ မြို့သစ်မြို့ |
| ၁၀၂၂ | စိန်ဟိုင်း ဆန်စက် | ၆ ရပ်ကွက်၊ ကျိုက်လတ်မြို့ |
| ၁၀၂၃ | INTEGRATED TECHNICAL SYSTEMS Co., Ltd. | အမှတ် (၂၈၂ - F1)၊ မဟာသုခိတာ (၇) လမ်း (မြောက်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၂၄ | သစ်လွင် ဆန်စက် | စက်အမှတ် ၃၅၅၊ နဒီအောင်မြေရပ်ကွက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း |
| ၁၀၂၅ | ချိုကြီး ဆန်စက် | ဘုရားငါးဆူရွာ/အုပ်စု၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း |
| ၁၀၂၆ | စေတနာ ဆန်စက် | ရွှေဘိုရွာမကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၀၂၇ | အောင်ရတနာ ဆန်စက် (စက်အမှတ်- ၁၇၀) | အောင်ဇေယျလမ်း၊ ၉ ရပ်ကွက်၊ သုံးခွမြို့နယ်/ တကောကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၂၈ | ဦးသက်ကြည် ဆန်စက် | အမှတ်(၉၈)၊ ဘူတာလမ်း၊ အဝေယာရပ်၊ အောင်မြင်မြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁၀၁၉ | အောင်မေတ္တာ ဆန်စက် | သောင်ခုန်ကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၃၀ | ထွန်းမြင့်လှိုင် ဟာလာဆန်စက်လုပ်ငန်း | ပေါက်တောလမ်း၊ မှတ်တိုင်ရွာ၊ ပေါင်းတည်မြို့ |
| ၁၀၃၁ | သီရိရွှေပြည် ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး | အမှတ် ၂၇၊ ကျောင်းမကြီးလမ်း၊ သီရိဟေမာရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန် |
| ၁၀၃၂ | Lavie သောက်ရေသန့်လုပ်ငန်း | အမှတ်- ၄၁၊ အမှတ်- ၃ လမ်းမကြီး၊ နွယ်ခွေ၊ မင်္ဂလာဒုံမြို့နယ် |
| ၁၀၃၃ | ရွှေကျင်သူ စားသောက်ကုန်လုပ်ငန်း | အမှတ် - ၅၃၅/ခ၊ ဇေယျာသီရိ ၃ လမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း |
| ၁၀၃၄ | ပြည့်စုံ ဆန်စက် | အမှတ် (၇၉၇)၊ အဒါးလမ်း၊ လမ်းမတော်မြောက်ရပ်ကွက်၊ ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၃၅ | ပစ်တိုင်းထောင် ဟာလာဆန်စက် | သူဌေးတန်းရပ်၊ ကုန်းဇောင်းကျေးရွာ၊ ပွင့်ဖြူမြို့နယ် |
| ၁၀၃၆ | ဝန်းရံခ ဆန်စက် (စက်အမှတ် - ၁၂၁၉) | တော်တနီးလမ်းသစ်၊ အမှတ် (၃) ရပ်ကွက်၊ ဒေးဒရဲမြို့၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၃၇ | ဦးသောင်းမြင့် (ဆန်းသစ်ကျော်) ပဲခွဲစက်လုပ်ငန်း | ၄၇၊ ဇီဇဝါလမ်းနှင့် ၆ လမ်းထောင့်၊ ရန်ကင်းရပ်၊ မကွေးမြို့ |
| ၁၀၃၈ | ဒို့ဗမာ ဆန်စက် | ညောင်လေးပင်ကျေးရွာ၊ သုံးခွမြို့နယ်၊ တောင်ပိုင်းခရိုင်၊ ရန်ကုန်မြို့ |
| ၁၀၃၉ | အေးချမ်းအောင် ဆန်စက် | အမှတ်(၃၇၁)၊ ခိုင်ရွှေဝါ(၂)လမ်း၊ မင်းပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၀၄၀ | သဟာယ ဆန်စက် | လှော်ကထားကျေးရွာ၊ လေးမျက်နှာမြို့နယ် |
| ၁၀၄၁ | ရွှေမင်းသား ဆန်စက် | အမှတ် ၅၀၊ အောင်ဇေယျလမ်း၊ (၁၁)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန် |
| ၁၀၄၂ | ဦးထွန်းဇော်ဦး တရုတ်ကြီး ဆန်စက်လုပ်ငန်း | ရန်ကုန်-မန္တလေးလမ်း၊ အုပ်တွင်းမြို့၊ ပဲခူးလမ်း၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၄၃ | ဇော် ဆန်စက်နှင့် ပွဲရုံလုပ်ငန်း | အမှတ်(၄၃)၊ ဘန်းလောင်လမ်း၊ ခြံကြီးမြိုင်ရပ်ကွက်၊ ဖြူးမြို့ |
| ၁၀၄၄ | Shwe Myin Pyan Trading Company Limited | New University Avenue Road, No.(25/A-5), Sayasan Ward, Bahan Township, Yangon |
| ၁၀၄၅ | မှိုမြင့်မိုရ် (MMM) စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်း | အမှတ် - ၃၃၂/ ၃၃၃၊ ရွှေပြည်သာယာ (၂) ရပ်ကွက်၊ ကျောက်တန်းမြို့နယ် |
| ၁၀၄၆ | ရသာရုံ စားသောက်ကုန်လုပ်ငန်း | အမှတ် ၃၁၄၊ သုခုမလမ်း၊ ၂၆- ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန် |
| ၁၀၄၇ | ဇေယျာဖြိုး ဆန်စက် | ရွှေပြည်အေး (၁)လမ်း၊ အမှတ် (၁၀) ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန် |
| ၁၀၄၈ | ထွန်း ငါးရံ့ခြောက်ဖုတ်လုပ်ငန်း | အမှတ်(၁၂)၊ (၁၁) ပြတ်လမ်း၊ (၄)ရပ်ကွက်၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၄၉ | ရတနာအောင် ဆန်စက် | အမှတ်(၇)ရပ်ကွက်၊ ဝါးတန်းလမ်း၊ ခရမ်းမြို့နယ် |
| ၁၀၅၀ | ငွေစင်ကြယ် ဆန်စက် | ကျွန်းကလေးကျေးရွာ၊ ရေလိန်အုပ်စု၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၅၁ | နေလအောင် ဆန်စက် | ကျောက်ကြီးလမ်း၊ ထိန်တောကျေးရွာ၊ ပဲနွယ်ကုန်းမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၅၂ | ကျောက်ဆူး ဆန်စက် | သစ်ဆိမ့်ကုန်းကျေးရွာ၊ ကျောင်းကုန်းမြို့နယ် |
| ၁၀၅၃ | ဦးလှမြင့် ဆန်ချော ဆန်စက်လုပ်ငန်း | ဦးဥတ္တမလမ်း၊ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ် |
| ၁၀၅၄ | ငွေတိုးလျှံ ဆန်စက် | ဖိုးခေါင်လမ်း၊ အလယ်ကုန်းရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၅၅ | ဆန်းသစ် ဆန်စက် | မယ်ဒက်ကယ်ဘုရားလမ်း၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ရေတာရှည်မြို့ |
| ၁၀၅၆ | ရိုးမလွင် ပွဲရုံလုပ်ငန်းနှင့် ပဲခွဲစက်လုပ်ငန်း | မီးရထားလမ်းဘေး၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့ |
| ၁၀၅၇ | ဦးနိုင်ဝင်းအောင် ဘဲမွေးမြူရေးလုပ်ငန်း | ဇာသပြင်(အနောက်)ကျေးရွာ၊ အဖြောင့်လမ်း၊ ဘားအံမြို့နယ် |
| ၁၀၅၈ | ဦးထွန်းဇော်ဝင်း (နေလှန်းဆားကြမ်းထုတ်လုပ်မှုလုပ်ငန်း) | နောက်မီးကျေးရွာအုပ်စု၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၅၉ | ရတနာကြွယ် ပဲခွဲစက်နှင့်ပဲရောင်းဝယ်ရေး | မင်းကွက် (၃) ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်း၊ ပေါင်းတည်မြို့နယ် |
| ၁၀၆၀ | နွေးထွေးကမ္ဘာ NESTLE WORLD COMPANY LIMITED | အမှတ် (အေ -၁၀)၊ (၅) လွှာ၊ အခန်း (၁)၊ မေတ္တာရိပ်မွန်အိမ်ယာ၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၆၁ | ရွှေရော တွင်/ စက်မှုလုပ်ငန်း | အမှတ်- ၄၄၇၊ မင်းရဲကျော်စွာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ အရှေ့ပိုင်းခရိုင် |
| ၁၀၆၂ | KKN ENTERPRISE Co., Ltd. | Bldg No B-2, Room 301, Thit Taw Ward, Alone Tsp, Yangon |
| ၁၀၆၃ | Win Marlar Aung Trading Company Limited | No.(62/64), Shwe Bo Tha Street, Pabedan Township, Yangon Region |
| ၁၀၆၄ | Shwe Than Thar Hein Co., Ltd. | အမှတ်(၇၈)၊မြတောင်ကြီးဦးမှိုလမ်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁)၊ ရန်ကုန် |
| ၁၀၆၅ | ဇေယျတု ငါးခြောက်လုပ်ငန်း | ဘီ-၅/၅၊ ဈေးလမ်း၊ ရွှေကမ်းသာယာအိမ်ယာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန် |
| ၁၀၆၆ | မြသီတာ ဆန်စက် | ဧရာဂတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ကျုံတနီကျေးရွာ၊ ဓနုဖြူမြို့ |
| ၁၀၆၇ | ပုလဲရတနာ စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း | အမှတ်- ဈ (၁၂) ဘီ၊ ဘုရင့်နောင်လမ်းမ၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် |
| ၁၀၆၈ | SENIOR အချိုရည်လုပ်ငန်း | အမှတ်(၂၆၀/၂၄၇) ၊ ဗိုလ်မှူးဗထူးလမ်း၊ နဝဒေးစက်မှုဇုန် (၂)၊ ပြည်မြို့ |
| ၁၀၆၉ | ဦးအောင်မင်း (ဆန်စက်နှင့် ဆန်၊ စပါးရောင်းဝယ်ရေးလုပ်ငန်း) | အမှတ်(၉)ရပ်ကွက်၊ ဖအောင်ဝဲလမ်း၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၇၀ | ဓနသိဒ္ဓိ ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး | ဘုရားငါးဆူရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၇၁ | ရွှေလင်းယုန် ဆန်စက် | မေတ္တာမြိုင်ရပ်ကွက်၊ တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်း |
| ၁၀၇၂ | ခိုင် အမှုန့်ကြိတ်စက်လုပ်ငန်း | အမှတ်(၁၅/၃၇)၊ လမ်း (၂၀)၊ ပေါင်းလောင်း (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့ |
| ၁၀၇၃ | ဦးခင်မောင်လင်း ပဲခွဲလုပ်ငန်း | အမှတ် ၄၇၊ ၁၂ လမ်း၊ အောင်ဇေယျာရပ်ကွက်၊ မကွေးမြို့ |
| ၁၀၇၄ | ရွှေပြည်စိုး ဆန်စက် | ကျုံကူကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၇၅ | SHWE THADAR CHO Co., Ltd. | No.37, Ayetheikhti 2nd Street, East Ywama, Insein Township |
| ၁၀၇၆ | Super Milk နွားနို့ထုတ်လုပ်ဖြန့်ချိရေး | ကျွန်းကလေးဈေးလမ်း၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၇၇ | My Bird's Nest မြိတ်သဘာဝငှက်သိုက် | အမှတ် ၃၈၂ (က)၊ မာလာမြိုင်လမ်း၊ (၁၆/၃) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၁၀၇၈ | Win Food Co., Ltd. | No(C), Anawyahtar Indusrtial Zone, 20-Quarter, Hlaning Thar Yar, Yangon |
| ၁၀၇၉ | ဦးမျိုးမြင့်ဦး (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | ကမ်းနီးကျေးရွာအုပ်စု၊ သူတော်ကုန်းကျေးရွာ၊ ပုသိမ်မြို့နယ် |
| ၁၀၈၀ | သိန္ဓိစံ ဆန်စက် | နန်းတော်ကုန်းကျေးရွာ၊ ကျားခေါင်းအုပ်စု၊ ဓနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၈၁ | U Tin Aung Kyaw Accountancy Training Centre | No.(29), (4) Floor, Yangon-Insein Road, Kamaryut Township, Yangon Region |
| ၁၀၈၂ | SN ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း | အမှတ် (၁၁/၁၃)၊ (၄) လမ်း၊ (၇) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၈၃ | Chan Family Company Limited | No.(124), Myatmingalar Street, (26) Quarter, Dagon Myothit (South) Township, Yangon Region |
| ၁၀၈၄ | ရွှေကမ္ဘာ ဆီစက် | ရွာသာရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀၈၅ | စံချိန်မီ ဆန်စက် | အမှတ် (၅၄)၊ ရန်ကုန်-ပြည်လမ်း၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၀၈၆ | ရွှေကရင် ကုမ္ပဏီလိမိတက် | အမှတ်- မ/ ၈၀၊ နိဗ္ဗာန် ၆ လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန် |
| ၁၀၈၇ | Htay Service Agent Co., Ltd. | No.377, Mahargandayon Street, U-10,48 Quarter, North Dagon Tsp, Ygn |
| ၁၀၈၈ | Dream of Mother Company Limited | အမှတ် (၈၃)၊ မြေညီထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၈၉ | Yeh Chan Company Limited | No.(459/C), Room No.(5/6), Second Floor, New University Avenue Road, Bahan Township, Yangon |
| ၁၀၉၀ | SHWE AUNG FOOD COMPANY LIMITED | No. (32), Mingyi Mahar Min Khaung Streed, Industrial Zone (4), Hlaing Tharyar Tsp, Yangon |
| ၁၀၉၁ | ဦးညွန့်ဝေ (ဖိနပ်ချွာလုပ်ငန်း) | အမှတ်(၂၃)၊ ဇေယျာသုခလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၉၂ | Yadana Tint Company Limited | အမှတ်(၁၁၂၉) သုမန(၃)လမ်း၊ ၁၆/၄ ရပ်ကွက်၊ သင်္ဃန်းကွန်းမြို့နယ် |
| ၁၀၉၃ | နေသူရိန် ဆီစက်လုပ်ငန်း | အကွက် ၄၁၇၊ ၆၄ လမ်း၊ ၂၂ x ၂၃ ကြား၊ အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ |
| ၁၀၉၄ | ထက်မြက် ဆန်စက်နှင့် ဆန်ထွက်ပစ္စည်းရောင်းဝယ်ရေး | တောင်ခမောက်ကျေးရွာ၊ ပေါင်တည်မြို့နယ်၊ ပဲခူးတိုင်း |
| ၁၀၉၅ | ရာပြည့် စာရင်းကိုင်နှင့် ကွန်ပျူတာသင်တန်း | ၃/ဘီ၊ လှည်းတန်း(၁) လမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ် |
| ၁၀၉၆ | အောင်ဖြိုးဝေ ဆန်စက်လုပ်ငန်း | ရန်ကုန်-ပြည်လမ်း၊ သဲဖြူရွာ၊ သာယာဝတီမြို့၊ ပဲခူးတိုင်း |
| ၁၀၉၇ | ရွှေပြည်စံ ဆီစက်နှင့် သီးနှံမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်း | အမှတ်(၃၃၂)၊ ၁၄ လမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့ |
| ၁၀၉၈ | Aw Thu Ta Co., Ltd. | No.318(4th Floor), Lower Kyimyindine Road, Saw Yan Paing (North) Ward, Ahlone Tsp, Yangon |
| ၁၀၉၉ | Ever Living သောက်ရေသန့်လုပ်ငန်း | အမှတ်(၅၃၀)စီ၊ အောင်သပြေ (၁/က)လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀၀ | Kyi Brother Industries Co., Ltd. | အမှတ်(၁၇၀)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုံ (၄)၊ လှိုင်သာယာ၊ ရန်ကုန် |
| ၁၁၀၁ | New Edge Company Limited | No (6A-1) Thu Khawaddy St, (6)Qtr Yankin Township |
| ၁၁၀၂ | P & T Company Limited (ကြည့်ပြာရေသန့်) | အမှတ် (၂)၊ အောင်သုခလမ်း၊ ဆင်မလိုက်၊ ကမာရွတ်မြို့နယ် |
| ၁၁၀၃ | Yangon Paris Bakery | အမှတ်- ၆(က)၊ အသံလွှင့်ရုံလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် |
| ၁၁၀၄ | စွယ်တော် မြေပဲကြော်နှင့် မုန့်မျိုးစုံလုပ်ငန်း | အမှတ်(၂၂၃)၊ ဓမ္မပါလလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀၅ | စီးတီလိုက်၊ မွေးမြူရေးအစာဆိုင်နှင့် ဝက်မွေးမြူရေးလုပ်ငန်း | ကွင်းအမှတ် (၁၃၀၆)၊ ခရမ်းစပ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ် |
| ၁၁၀၆ | တော်ဝင်မဟော်ဂနီ ကုမ္ပဏီလီမိတက် | အခန်း(၇)၊ တိုက်(၃၇)၊ သပြေလမ်း၊ ဝေဠုဝန်အိမ်ရာ၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ စမ်းချောင်း |
| ၁၁၀၇ | ထွန်းနေလင်း ဆန်စက် | သင်ပန်းချောင်းကျေးရွာ၊ ကျောင်းကုန်း(၅)ရပ်ကွက်၊ ထူးကြီးမြို့၊ အင်္ဂပူမြို့နယ်၊ ဟသ်ာတခရိုင် |
| ၁၁၀၈ | ဒေါ်နှင်းနန္ဒာကျော် ဝက်မွေးမြူရေးလုပ်ငန်း | အေးသိဒ္ဓိလမ်း၊ အမှတ် (၃) ရပ်ကွက်၊ ဇီးကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၀၉ | ဒေါ်ယဉ်ယဉ်ဌေး သီဟိုဠ်နှင့်မန်ဂျန်ရှာ စိုက်ပျိုးရေးလုပ်ငန်း | ကွမ်းခြံလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၁၀ | ဒေါ်အိဖြိုးအောင် ကြက်မွေးမြူရေးလုပ်ငန်း | လယ်မကျေးရွာ၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၁၁ | ဖြိုးကြီး ကိတ်မုန့်လုပ်ငန်း | အမှတ် ၃၅၁၊ ဈ/ တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁၂ | မွေးကံ့ကော်ရုံ ဆန်စက်လုပ်ငန်းနှင့် ဆန်ရောင်းဝယ်ရေး | ရန်ကုန်-မန္တလေးလမ်း၊ တံရိုးကျေးရွာ၊ တောင်ငူမြို့နယ် |
| ၁၁၁၃ | ရွှေခြင်္သေ့မင်း ဆန်စက် | ဖြူးအရှေ့ရပ်ကွက်၊ ဖြူးမြို့နယ်၊ တောင်ပိုင်းခရိုင် |
| ၁၁၁၄ | ရွှေဇီးကွက် ဆန်စက် | အမှတ် (၂)၊ မင်းလမ်း၊ အောင်ချမ်းသာရပ်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၁၅ | ရွှေရည်ဝင်း ဆန်စက် | ပျဉ်းမကုန်းအရှေ့ကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၁၆ | ရွှေရတီ ဆန်စက်လုပ်ငန်း | လက်ပန္နယ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၁၁၇ | ရွှေဝါဝင်း ဆန်စက်လုပ်ငန်း | အုန်းကုန်းရပ်၊ မဲဇလီကုန်းကျေးရွာ၊ အင်္ဂပူမြို့နယ် |
| ၁၁၁၈ | လမင်းသော်တာ ပဲမှုန့်ထုတ်လုပ်ဖြန့်ချိရေး | အမှတ် (၁၆)၊ (၇) လမ်း၊ ခရေပင်ရိပ်မွန် (၁)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁၉ | အိုးဝေ ဥယျာဉ်ခြံစိုက်ပျိုးရေး လုပ်ငန်း | အင်းကျန်ကျေးရွာ၊ သာယာကုန်းကျေးရွာအုပ်စု၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၂၀ | အောင်ချမ်းသာ ဆန်စက် | ဘုရားငါးဆူရွာ၊ ပေါင်းတည်မြို့နယ် |
| ၁၁၂၁ | အောင်ချမ်းသာ ဆန်စက် | မင်းရပ်တန်း (ဖြတ်လမ်း)၊ ယွန်းတန်းရပ်ကွက်၊ ရွှေတောင်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၂၂ | အောင်ချမ်းသာ ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး | တည်ဆောက်ရေး(၉)၊ အလယ်ကုန်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၂၃ | အောင်ပြည့်စုံ ဆန်စက် | အောက်မအူတုံးကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၂၄ | ဦးကျော်စိုး စိန်တလုံးသရက် စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း | အမှတ်(၂၅/ဘီ)၊ ရွှေတောင်ကြားလမ်း၊ (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၁၂၅ | Shwe Zin Yaw Hein Manufucturing Co., Ltd. | SZYH JETTY, HLAING BUTERYONE ROAD, HLAING TOWNSHIP, YANGON |
| ၁၁၂၆ | ဦးသော်ဇင်ဦး ကြက်မွေးမြူရေး | ဘဲအင်းကျေးရွာ၊ ဇီးကုန်းမြို့နယ် |
| ၁၁၂၇ | စိန်နှင့်မြ မြေပဲခွဲစက်လုပ်ငန်း | အမှတ် ၃၂၃၊ ၂၅ လမ်း၊ ရန်ပယ်ရပ်ကွက်၊ မကွေးမြို့ |
| ၁၁၂၈ | NEW COVENTANT COMPANY LIMITED | No. (46/1), G/F, Myinthar 4th Street, 14th Ward, South Okkalapa Township, Yangon |
| ၁၁၂၉ | ကံတက်အောင် ဆန်စက်လုပ်ငန်း | မ/ ၂၄၃၊ ဦးဘချိုလမ်း၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့ |
| ၁၁၃၀ | ရန်ကြီးအောင် (၂) ဟာလာဆန်စက် | ရွှေဘိုရွာမကျေးရွာ၊ ပွင့်ဖြူမြို့ |
| ၁၁၃၁ | ငွေစန္ဒာဝင်း ဟာလာဆန်စက် | ဥယျာဉ်ကျစ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ် |
| ၁၁၃၂ | ဒေါ်မာမာချို (နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း) | ဖျာပုံခရိုင်၊ အမာမြို့၊ နောက်မီးကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၃၃ | အေးမေတ္တာ ဆန်စက် | (၂) ရပ်ကွက်၊ ရွှေဟသ်ာဘုရားလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၃၄ | အောင်မြန်မာ ဆီစက် | အမှတ်(၂)၊ မြို့ဟောင်းရပ်၊ စိန်ပန်းပင်လမ်း၊ မကွေးမြို့ |
| ၁၁၃၅ | အောင်လံတော် ပဲလှော်၊ပဲကြော်လုပ်ငန်း | အမှတ်- ၇၀၊ ရေဝေးရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်း |
| ၁၁၃၆ | Taw Win Linlak Akayee Company Limited | Building No.(40), Yanshin Street, (2nd) Floor, Room (22), Shwe Ohn Pin Housing, Yankin Township, Yangon |
| ၁၁၃၇ | "LU SHA FOODS" ဝက်အူချောင်း | SNN-234၊ ဆွတ်ငိုင်မြောက်၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ၁၁၃၈ | ဦးမောင်မောင်ညွန့် (နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း) | ဖျာပုံခရိုင်၊ အမာမြို့နယ်၊ နောက်မီးကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၃၉ | ဇေယျာဖြိုး ဆန်စက် | အောင်သာယာကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၄၀ | ကျော်ကျော် ဆံုလေးဆီလုပ်ငန်း | မ-၉၀/နတ်သျှင်နောင်လမ်း၊ အရှေ့ပြင်ရပ်ကွက်၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း |
| ၁၁၄၁ | သုခရှင် ဆန်စက် | အမှတ်(၁၀၀)၊ ပိတောက်ချောင်းပိုင်၊ ပုသိမ်-မုံရွာလမ်းမကြီးဘေး၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၄၂ | မဲညိုနောင် စတိုးဆိုင်နှင့် မြေပဲခွဲစက်လုပ်ငန်း | အမှတ် ၂၈၇ - ရန်ပယ်ရပ်ကွက်၊ အောင်ရတနာအုပ်စု၊ မကွေးမြို့ |
| ၁၁၄၃ | အောင်တော်ဝင် စားသောက်ကုန်ထုတ်လုပ်ငန်း | No.(7), (8) Ward, Pyae Yeik Mon Housing, Kamaryauk Township, Yangon |

စာမျက်နှာ ၁၈ သို့

# ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ အခြေခံစားကုန်ကိုးမျိုး လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်နှင့်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၂၂ မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းပေါင်း ၃၆၀ သို့ ကိုဗစ်ကာလအတွင်း ဆွမ်းအာဟာရပြည့်စုံစေရေးအတွက် ဦးတင်မောင် (စန္ဒီပရဆေးမိသားစု)၊ ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစု)တို့က ဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ မေတ္တာပြည့်ဝသာသနာပြုအဖွဲ့၊ နှစ်ဦးစမ္မသဘင်အလှူရှင် မိသားစုများ၊ တိုင်းကြက်ခြေနီအသင်းတို့က စုပေါင်း၍ ဆန်၊ ဆီ၊ ဆား၊ ဆေးအပါအဝင် အခြေခံစားကုန် ကိုးမျိုး လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိုင်းသံဃနာယကနယ်မြေအတွင်း မေတ္တာပြည့်ဝသာသနာပြုအဖွဲ့ရုံး အဆောက်အအုံတွင် ပြုလုပ်သည်။

ထိုသို့ လှူဒါန်းရာတွင် ဤသို့လှူဒါန်းမည့် မြို့နယ်တို့မှ ကျောင်းများအတွက် မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များက လာရောက်လက်ခံပေးကြပြီး ကျောင်းများသို့ သွားရောက်လှူဒါန်းပေးခြင်းဖြစ်သည်။

ပထမပိုင်းအစီစဉ်အရ အရှေ့ပိုင်းခရိုင်အတွင်းမှ လာရောက် လက်ခံပေးသော မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များသို့ ဦးတင်မောင်(စန္ဒီပရဆေး)၊ ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေး)၊ တိုင်းကြက်ခြေနီမှ ဦးတင်ကို တိုင်းဦးစီးမှူး (ဒုတိယ




တန်း) အုပ်ချုပ်နှင့်တာဝန်ရှိသူများက ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ ၁၇ မြို့နယ်မှ ကျောင်းပေါင်း ၁၈၀ သို့လည်း ဆက်လက်လှူဒါန်းသွားမည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများကိုပါ လှူဒါန်းသွားရန် စီစဉ်ထားသည့်အတွက် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉၄၅၀၀၇၂ ၇၇၉၊ ၀၉၇၉၉၈၉၄၈၂၇ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ကိုဗစ်- ၁၉ ကူးစက်ရောဂါကာကွယ်ရေး အလှူငွေများ ပေးအပ်လှူဒါန်း

**တောင်ငူ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ ဦးကျော်လှနှင့် သမာဓိ မိသားစုက ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဒုတိယအကြိမ် အလှူငွေကျပ် ၁၀ သိန်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တောင်ငူမြို့ (၁၁)ရပ်ကွက် ဓာတုကလျာလမ်း၊ ကန်တော်ကြီးရှိ သမာဓိဂေဟာ၌ ပေးအပ်လှူဒါန်းရာ တောင်ငူမြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာအိအိမင်းနောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခြားဒေသများမှ တောင်ငူမြို့နယ်အတွင်းသို့ ဝင်ရောက်လာသူများအား စစ်ဆေးရေးဂိတ်လေးခုဖွင့်လှစ်၍ အပူချိန်တိုင်းတာခြင်း၊ သွားလာမှုမှတ်တမ်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်ထိ တောင်ငူမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းခြောက်ခုတွင် ပြည်တွင်း ပြည်ပမှ ပြန်လည် ဝင်ရောက်လာသူ ၃၁၇ ဦးအား ကျွေးမွေးစောင့်ရှောက်ခြင်း၊ တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသဆဲလူနာ ၂၅ ဦးရှိပြီး ကိုဗစ် - ၁၉ ကာကွယ်၊ ကုသရေးအတွက် လှူဒါန်းလိုပါက ဖုန်း- ၀၉- ၅၀၃၇၈၂၄၊ ၀၉-၂၅၄၂၈၉၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

၀၄၈



# လှိုင်မြို့နယ် ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စာရေးဆရာအသင်းဝင်များက လှိုင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူငွေကျပ် ၁၃၀၀၀၀ ကို အောက်တိုဘာ ၂၁ ရက်က လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းငွေသည် နိုင်ငံတော်အစိုးရက လှိုင်မြို့နယ် စာရေးဆရာအသင်းဝင်များအတွက် ကူညီထောက်ပံ့ငွေများကို ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ထပ်မံလွှဲပြောင်းလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ယင်းအလှူငွေများကို အသင်းနာယက ဦးသိန်းမြင့် (စာရေးဆရာမောင်နွဲ့နှောင်း)၊ အသင်းအတွင်းရေးမှူးဦးခင်ဇော် (စာရေးဆရာအံ့ဘွယ်)တို့က လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

၀၀၇



*စာမျက်နှာ ၁၇ မှ*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁၁၄၄ | Than Than Services Agency Co., Ltd. | အမှတ်(၁၂)အီး၊ မြေညီ၊ ၅၅ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း |
| ၁၁၄၅ | Yellow Dawn Services Co., Ltd. | 38th Street, Middle Block, No. 168, 2nd floor, Right, 6th Quarter, Kyauktada Township, Yangon, Myanmar |
| ၁၁၄၆ | PANTA POWER SERVICES Ltd. Overseas Employment Agency | အမှတ် (၁၂၂)၊ ၄ လွှာ၊ မဟာဗန္ဓုလလမ်းနှင့် (၅၇) လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄၇ | MOE MAN SERVICES COMPANY LIMITED | အမှတ် (၁/1A)၊ ဗိုလ်လရောင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄၈ | Hein Thitsar Company Limited | အမှတ် (၂၇၇)၊ ပထမထပ်၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်/ Building No.(6), Room (203), Shwe Kainnayee Housing, (Sa/Ka) Quarter, Thingangyun Township,Yangon Region |
| ၁၁၄၉ | Isshin International Co., Ltd. | အမှတ် (၁၀၇)၊ (၅) လွှာ၊ လမ်း (၅၀)၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ် |
| ၁၁၅၀ | လမင်း ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်း | အမှတ်(၁၁)ရပ်ကွက်၊ ကျုံးပတ်လမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၅၁ | ရွှေဒဂုံ ခေါက်ဆွဲ၊ မြူစွမ်လုပ်ငန်း | ၂(ခ)၊ ဖန်စက်လမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ် |
| ၁၁၅၂ | ငွေစင်ကြယ် ဆန်စက်လုပ်ငန်း | ဇရပ်လှကျေးရွာ၊ ရေကြည်မြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၅၃ | စိန်သီဟ ဆန်စက် | ရေလဲလမ်း၊ အိုင်ဝိုင်းကျေးရွာ၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၅၄ | သမ္မာဆန္ဒ ဆန်စက် | ကျောင်းတော်ရွာ။ ပွင့်ဖြူမြို့ |
| ၁၁၅၅ | စိန် ဆီစက်နှင့် ပဲရောင်းဝယ်ရေး | အမှတ်(၁၀၃)၊ သိပ္ပံလမ်း၊ ရွာသစ်ရပ်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်း |
| ၁၁၅၆ | ပြည့်ဝ ဆန်စက် | အမှတ် (၃)၊ ဝါဆိုရပ်ကွက်၊ ဖအောင်ဝဲလမ်း၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၁၅၇ | လင်းရောင်ဦး ဆန်စက် | မေရီလယ်ဦးကျေးရွာ၊ မေရီလန်းအုပ်စု၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၅၈ | N M T Limited | အမှတ်(၁၂၃)၊ ၄၂ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ် |
| ၁၁၅၉ | K' CHO KHO NU Co., Ltd. | Mindat– Matupi Road, West Quarter, Mindat Township, Chin State |
| ၁၁၆၀ | ROYAL FOUR SEA Co., Ltd. | အမှတ် (၃၄၈) ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် |
| ၁၁၆၁ | NOZOMI COMPANY LIMITED | တိုက် (၅)၊ အခန်း (၃၀၅)၊ လှိုင်သီရိအိမ်ယာ၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၆၂ | Tain Bachi Company Limited | Building No.(253/255), Ground Floor, (40th) Street (Upper), Kyauktada Township, Yangon |
| ၁၁၆၃ | ပတ္တမြားထားဝယ် ကုမ္ပဏီလီမိတက် | အမှတ် (၇၂၅/B)၊ ပုလဲလမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၆၄ | သိဒ္ဓိအောင် ဆန်စက် | အမှတ် (၆) ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၆၅ | Gallant Angels Services Company Limited | အမှတ် (၁၃)၊ ဓေယျာသီရိလမ်း၊ လည်းတန်းကမာရွတ် (၁)ရပ်ကွက်၊ ရန်ကုန်မြို့ |
| ၁၁၆၆ | စိုးမိုးအောင် ဆန်စက် | အင်းကန်ကုန်းကျေးရွာ၊ ဝမ်းတွင်းမြို့နယ် |
| ၁၁၆၇ | တော်ဝင် မွေးမြူရေး အစာစက်ရုံ | အမှတ် (၉၈/၉၉)၊ ရွှေရင်အေးဘုရားလမ်း၊ လမ်းသွယ် (၂)၊ မွေးမြူရေးဇုန် (၅)၊ လှိုင်သာယာမြို့နယ် |
| ၁၁၆၈ | Theory သောက်ရေသန့်လုပ်ငန်း | အမှတ်(၁၉၃)၊ ရာဇာဓိရာဇ်လမ်း၊ (၁၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရန်ကုန်မြို့ |
| ၁၁၆၉ | Tanintharyi Light Industries Co., Ltd. | "L.98, Kan Yeik Thar Lane 6, FMI City, Hlaing Thar Yar Tsp., Yangon (ရန်ကုန်ရုံး)/No. 34, C Street, Daweisu Qtr., Myeik (မြိတ်ရုံး)" |
| ၁၁၇၀ | ဦးညွှန့်ငွေ ဆန်စက် | အမှတ်(၄)၊ ရွှေဂဲကုန်း၊ ရွှေကူမြို့၊ ကချင်ပြည်နယ် |
| ၁၁၇၁ | ကျော်ညီနောင် ဆန်စက်လုပ်ငန်း | မြို့သာရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ကလေးမြို့ |
| ၁၁၇၂ | ငွေလမင်း ဆန်စက် | မ/၁၅၊ အရှေ့မင်းလမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့ |
| ၁၁၇၃ | AT ဆီစက် | ဂ/၁၂၉-၁၃၀-၁၃၁-၁၃၂၊ နီလာရပ်ကွက်၊ စစ်ကိုင်းမြို့ |
| ၁၁၇၄ | Doctor Htoo Sann | No–852, Corner of 82 Street and Kandawgyi Circular Road, Chan Mya Tharzi Township, Mandalay |
| ၁၁၇၅ | ဓေယျာအောင် ဆန်စက် | စက်ကြီးတန်းလမ်း၊ အိုးသည်ကုန်းမြို့၊ အုတ်ဖိုမြို့နယ်၊ သာယာဝတီခရိုင် |
| ၁၁၇၆ | Royal ABS Co., Ltd. | No(5), 1st floor, Room (1/A), Shwe Gone Daing Road, Bahan Townships |
| ၁၁၇၇ | နိုင်မိသားစု ဆန်စက် | အောင်စိုးမိုးလမ်း၊ ကြက်သွန်ခင်း(၁) ရပ်ကွက်၊ အုတ်တွင်းမြို့၊ တောင်ငူခရိုင် |
| ၁၁၇၈ | Snow White Bakery House | အမှတ်(၄၈)၊ ဦးဥတ္တမလမ်း၊ အလယ်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ် |
| ၁၁၇၉ | ၁ နံပါတ် ဆန်စက်,No. (483) | No.(483), Tawtanee Ywer Ma Road, Tawtanee Village, Dedaye Township, Ayeyarwaddy Division |
| ၁၁၈၀ | BMG သောက်ရေသန့်စက်ရုံနှင့် ဖြန့်ချိရောင်းဝယ်ရေး လုပ်ငန်း၊ BMG ရေသန့်ဘူးခွံ ထုတ်လုပ်ခြင်းလုပ်ငန်း | "ပြည်ထောင်စုလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့ " |
| ၁၁၈၁ | ရွှေနှင်းဆီ ယိုစုံလုပ်ငန်း | ပန်းပဲတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်း |
| ၁၁၈၂ | Ko Kaung San Hein , Htan Village, Sugar | No.3, Nyaung Oo Street, TharYarAye Quarter, KyaukPaDaung Township, Mandalay |
| ၁၁၈၃ | Nway Nway (Chicken Egg–Yoe) | No.46, Bogyoke Street , Mingalar Quarter, Pyinmanar Township |
| ၁၁၈၄ | Thein Htun Co., Ltd. | ထိန်အင်းရွာ၊ ကြို့ပင်ကျေးရွာအုပ်စု၊ ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်း |
| ၁၁၈၅ | ဒေါ်သူဇာမြင့် (ဝက်မွေးမြူရေးလုပ်ငန်း) | ၁၁/၄၉၊ ဗိုလ်မြင့်ဆွေလမ်း၊ မင်္ဂလာသာဂေါင်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၁၁၈၆ | Shwe Taung Nyo Gyi Company Limited | Packaging House Address–No 99, Sein Pan Pyar Street, Thuwanna Thingangyun Township, Yangon/ Farm Address–Kwan Lone Village, Pekon, Shan State |
| ၁၁၈၇ | Thiri Yadanar ဆန်စက် | Kyun Pyathut Village, Wakema Township,Myaung Mya Division |
| ၁၁၈၈ | မိဘမေတ္တာ ဆီစက်လုပ်ငန်း | ရွာမရပ်ကွက်၊ သာစည်ကျေးရွာ၊ ကလေးမြို့ |
| ၁၁၈၉ | Yaung Chi Oo Paper Mill | No97/100, 58th street, Hlaing, Yangon |
| ၁၁၉၀ | ဝေဖြိုးအောင် ဆီစက် | ဘုရင့်နောင်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း |
| ၁၁၉၁ | ဦးခင်မောင်ငြိမ်း ဆီစက်လုပ်ငန်း | ဘုရင့်နောင်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း |
| ၁၁၉၂ | Kyal Sin Noodle | No.323, 36 Street & Strand Street (corner), Maharaungmyay Township, Mandalay |
| ၁၁၉၃ | "ငွေး" သရက်တောထိုးမုန့် ထုတ်လုပ်မှုလုပ်ငန်း | အမှတ်(၂)ရပ်ကွက်၊ ချောင်းသာ၊ ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၉၄ | ရွှေမန်းတောင် ခေါက်ဆွဲလုပ်ငန်း | အမှတ်(၁)၊ လမ်းမတော်၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့ |
| ၁၁၉၅ | အောင်ဓေယျာဦး ဆန်စက် | လမ်းမတော်လမ်း၊ အိုးသည်ကုန်းမြို့၊ အုတ်ဖိုမြို့နယ် |
| ၁၁၉၆ | စံပါဝါ သောက်ရေသန့်လုပ်ငန်း | ၇/၂၄၄၊ တာမခံကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ် |
| ၁၁၉၇ | ကြီးမြင့်နှင့်သားများ ဆီစက် | အမှတ် (၁၀)၊ မက္ခရာမင်းသားကြီး၊ မောင်ပျိုလမ်း၊ ခေတ္တရာစက်မှုဇုန်၊ ပြည်မြို့ |
| ၁၁၉၈ | ရွှေတော်ဝင် အဆင့်မြင့်ဆန်စက် | ၁/၁၀၀၊ ဘုရင့်နောင်လမ်း၊ မြို့သာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း |
| ၁၁၉၉ | ရွှေဒေါင်းတောင အမှုန့်ကြိတ်စက်နှင့် ပဲခွဲစက်လုပ်ငန်း | အမှတ်(မစ-၁)၊ ကနောင်မင်းသားကြီးလမ်း၊ ဂန္ဓမာစက်မှုဇုန်၊ ပြည်မြို့ |
| ၁၂၀၀ | Parami Ice cream | 834 ,Danatheitdi st, Ward 8, Mayangone, Yangon |

## ကမ္ဘာ့ငါးများ ရွှေ့ပြောင်းသွားလာသောနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဆည်မြောင်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝသစ်ပင်ပန်းမန်များ ထိန်းသိမ်းရေးအဖွဲ့ (Fauna and Flora International –FFI) တို့၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ငါးများရွှေ့ပြောင်းသွားလာသောနေ့ (2020 World Fish Migration Day) အထိမ်းအမှတ်နေ့ အခမ်းအနားနှင့် ဆွေးနွေးပွဲကို ယမန်နေ့က Zoon webiner စနစ်ဖြင့် ကျင်းပသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် World Fish Migration Foundation Founder ဖြစ်သူ Mr. Herman Wanningen တို့က ယင်းနေ့ကျင်းပသည့် ကမ္ဘာ့ငါးများ ရွှေ့ပြောင်းသွားလာသောနေ့ အထိမ်းအမှတ် အခမ်းအနားသည် World Fish, World Wide Fund– WWF နှင့် Fauna and Flora International–FFI စသည့် မိတ်ဖက် အဖွဲ့အစည်းတို့မှ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးရှိ ငါးများ၏ ရွှေ့ပြောင်းသွားလာသောနေ့ကို သတိပြုမိကြပြီး လူသားတို့အနေဖြင့် လွတ်လပ်စွာ စီးဆင်းနေသော မြစ်ကြီးများ၊ ရွှေ့ပြောင်းသွားလာနေသော ငါးများ၏ တန်ဖိုးနှင့် အရေးပါပုံကို သိရှိစေလိုသောကြောင့် **ဒီနှစ်အတွက် ဆောင်ပုဒ် ဖြစ်တဲ့“ CONNECTING FISH, RIVERS AND PEOPLE”. “ငါးများ၊ မြစ်ကြီးများနှင့် လူသားတို့ ချိတ်ဆက် လျက်ရှိခြင်း”** ဟု ဖော်ပြထားသည်ကိုတွေ့ရှိရပါကြောင်း၊ ရွှေ့ပြောင်းသွားလာနေသော ငါးများသည် ကမ္ဘာ့အနှံ့အမျိုးမျိုးသော အခက်အခဲများစွာဖြင့် ရင်ဆိုင်ရင်းရှင်သန် ရပ်တည်နေကြရကြောင်း၊ အဓိကအကြောင်းရင်းမှာ သဘာဝ မြစ်ရေ စီးဆင်းမှုများသည် လူတို့ပယောဂကြောင့် ပြောင်းလဲရပ်တန့်မှုများစွာ ဖြစ်ပေါ်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာသော ငါးများတွင် အတားအဆီးအမျိုးမျိုး ဖြစ်ပေါ်နေရကြောင်း၊ ၎င်းတို့၏ ဘဝစက်ဝန်း၊ အစာရှာဖွေစားသောက်မှု၊ မျိုးပွား/ ရှင်သန်ကြီးထွားမှုတို့သည် သဘာဝအခြေအနေပေါ်တွင် မူတည်နေကြောင်း၊ အချို့သော ရွှေ့ပြောင်း ငါးမျိုးများသည် ရေငန်တွင် ဥချသားပေါက်၍ ရေချိုမြစ်ကြီးများသို့ ဆန်တက်ပြောင်းရွှေ့ ကျက်စားတတ်ကြပြီး ၎င်းတို့၏ဥချသားပေါက်ချိန်ရောက်ပါက ၎င်းတို့ပေါက်ပွား သားပေါက်ရာ ပင်လယ်ပြင်သို့ ခရီးရှည်သွားတတ်ကြသည့် ငါးများရွှေ့ပြောင်းသွားလာ ကျက်စားမှုဆိုင်ရာ ဇဟုသုတရှိရန်မှာလည်း အထူးအရေးကြီးကြောင်း၊ မြစ်ကြီးများ ဆက်လက်ရှင်သန်ရေး၊ လွတ်လပ်စွာ စီးဆင်းနေစေရေးသည် ရွှေ့ပြောင်းသွားလာသော ငါးများနှင့် လူသားများအတွက် လွန်စွာအရေးကြီးသောကြောင့် ထိရောက်သော ဆွေးနွေးအကြံပြုချက်များစွာ ရရှိမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားကြသည်။

ဆွေးနွေးပွဲသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ ပြည်နယ်/တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ World Fish, World Wide Fund– WWF ၊ Fauna and Flora International–FFI စသည့် မိတ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ငါးတက်ငါးဆင်း လမ်းကြောင်းစီမံကိန်း (Fish passage project) ဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း အင်းစိန်မြို့နယ်က ဒုတိယအကြိမ် အောင်ဖေယျ မဂ္ဂဇင်းထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ဒုတိယအကြိမ် အောင်ဖေယျ မဂ္ဂဇင်းအမှတ် (၂) ကို ထုတ်ဝေမည်ဖြစ်၍ မဂ္ဂဇင်းတွင် တိုင်းကျိုးပြည်ပြုစာမူများကို ဖော်ပြပေးမည်ဖြစ်သည်။ မည်သူမဆို ရေးသားပေးပို့နိုင်ပါရန် ဝတ္ထုတိုစာငါးမျက်နှာ၊ ဆောင်းပါးစာ ငါးမျက်နှာ၊ ကဗျာစာ နှစ်မျက်နှာ၊ ကာတွန်းစာ တစ်မျက်နှာတို့ကို ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် စာမူများအား အေဖိုး (A4) စာရွက်ဖြင့် ကွန်ပျူတာစာစီပြီး ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်၊ လိုင်စင်၊ ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့နှင့်အတူ နိုဝင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်း (အင်းစိန်မြို့နယ်) အသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး) အမှတ် ၄၇၄ နတ်စင်လမ်း၊ ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ် ဖုန်း ၀၁-၆၄၇၁၆၃၊ ၀၉-၈၈၉၇၆၃၄၁၆ ထံသို့ ပေးပို့ရမည်ဖြစ်သည်။ ထို့နောက် ရေးသားပေးပို့သော စာမူများထဲမှ အကောင်းဆုံးစာမူများကို ရွေးချယ်၍ မဂ္ဂဇင်းတွင် ဖော်ပြပေးမည်ဖြစ်ကာ ဖော်ပြခံရသော စာမူများထဲမှ အကြိုက်ဆုံး ထူးချွန်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း တစ်ပုဒ်စီကို ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း စာမူများနှင့် စာမူပြိုင်ပွဲအတွက် စာမူရှင်များအား ဖိတ်ခေါ်ထားကြောင်း သိရသည်။

**မြင့်ဦး (အင်းစိန်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁၀ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၃ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၄ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၆ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၄ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၅၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ . ၉၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၄၁၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၃၃၆ | ၃၃၆၀၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၇၈၀၂ | ၂၈၄၇၇၃၀၀ |
| MCB | ၈၁၀၀ | ၈၂၀၀ | ၁၄၀ | ၁၁၄၄၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၃၅၆ | ၇၈၃၂၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၁၇၄၄ | ၄၇၃၉၁၀၀ |
| EFR | ၃၀၅၀ | ၃၁၅၀ | ၅၆ | ၁၇၀၉၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ကျွန်တော်တို့နိုင်ငံမှာ အစိုးရအသစ်က ဘဏ္ဍာရေးနှစ် တစ်နှစ်ကို ပြောင်းလဲပြုပြင်ခဲ့ပါတယ်။ ယခင်က ဧပြီလ ၁ ရက်နေ့မှစပြီး မတ်လ ၃၁ ရက်နေ့အစား အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဘဏ္ဍာနှစ်အဖြစ် သတ်မှတ်ခဲ့တယ်။ ဒါကြောင့် အစိုးရအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက ကုမ္ပဏီတွေမှာ နှစ်ချုပ်စာရင်းတွေကို စက်တင်ဘာလ ၃၀ ရက်နေ့အမီ ပြုစုကြပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ အစိုးရအဖွဲ့အစည်းတစ်ခု ဖြစ်တဲ့အတွက် စက်တင်ဘာလ ၃၀ ရက်နေ့မှာ တစ်နှစ်ပတ်လုံး ကြိုးပမ်းအားထုတ်မှုတွေကို စာရင်းပိတ်ရပါတယ်။ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေအားလုံးအနေနဲ့ သတ်မှတ်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်တွေ ပြည့်မီမှု ရှိ မရှိကို အလေးထားခဲ့ပါတယ်။ စာရင်းဇယားကိန်းဂဏန်းတွေကို စိစစ်ရာမှာ တစ်နှစ်တာ ရည်မှန်းချက်များကို ပြည့်မီခဲ့တယ်လို့ သုံးသပ်နိုင်ခဲ့ပါတယ်။**

ကမ္ဘာ့တစ်ဝန်းမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါကြီးရဲ့ ဒဏ်ကို အလူးအလဲခံခဲ့ရတယ်။ ခံနေရဆဲပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဟာ ပြည်သူ့ ကျန်းမာရေး ပြဿနာတစ်ခုသာမက ကမ္ဘာ့စီးပွားရေး အဆောက်အအုံကို ရိုက်ခတ်ခဲ့ပါတယ်။ အလုပ်တွေ ပိတ်ကြတယ်၊ အလုပ်လက်မဲ့တွေ သန်းနဲ့ချီ ပေါ်ပေါက်လာခဲ့တယ်။ စီးပွားရေး လုပ်ရှားမှုတွေဟာ အချိန်တိုတိုအတွင်းမှာ ရပ်ဆိုင်းသွားခဲ့တယ်။ ဒီရိုက်ခတ်မှုတွေကြောင့် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ဆိုးကျိုးတွေရှိနိုင်တာကို သုံးသပ်မိခဲ့တယ်။ တစ်နည်းမဟုတ် တစ်နည်းနဲ့ ထိခိုက် နိုင်မယ်ဆိုတာကို ခန့်မှန်းခဲ့ကြတယ်။ ဒါပေမယ့် အခြေအနေတွေဟာ ထင်သလောက်ဆိုးဆိုးရွားရွားမဟုတ်ဘဲ ရည်ညွှန်းချက်တွေကို သိသာစွာ ထိခိုက်မှုမရှိတာကို တွေ့ရပါတယ်။ အခက်အခဲ မျိုးစုံကြားက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတွေဟာ ဝင်ရောက်လာဆဲဖြစ်တာကို တွေ့ရပါတယ်။

### ရပ်တန့်မသွားခဲ့သော ကော်မရှင်၏ ဆောင်ရွက်မှု

ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ဆောင်ရွက်မှုတွေကို ကိုဗစ်-၁၉ ကာလအတွင်း ပုံစံအသစ်နဲ့လှုပ်ရှားခဲ့ပါတယ်။ အွန်လိုင်းကတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တွေကို အရှိန်မပျက် စိစစ်နိုင်ခဲ့တယ်။ ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ခေတ်မီနည်းပညာ အားကိုးပြီး လှုပ်ရှားနိုင်ခဲ့တယ်။ တာဝန်ရှိသူတွေဟာ နေပြည်တော်ကတစ်ဆင့် အလုပ်တွေ လုပ်နိုင်ခဲ့ပါတယ်။ ရန်ကုန် အခြေစိုက်အဖွဲ့ဝင်များဟာ အွန်လိုင်းက တစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အစည်းအဝေးတွေတက်ပြီး တာဝန်များကို ထမ်းဆောင်နိုင်ခဲ့ပါတယ်။

အခုလို အခက်အခဲကြားက ရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်ပြီး ဝင်လာတဲ့အကြောင်းရင်းက မြန်မာနိုင်ငံရဲ့ ပကတိ အနေအထားကြောင့်ဖြစ်ပါတယ်။ ပြောင်းလဲတဲ့ နိုင်ငံရေး အခင်းအကျင်းတွေကြောင့် နိုင်ငံအပေါ်ယုံကြည်မှုတွေ တိုးလာခဲ့တယ်။ အစိုးရအသစ်အနေနဲ့ ပွင့်လင်းမြင်သာမှုကို ဦးစားပေးခဲ့တယ်။ လူမှုရေးတာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးကြိုဆိုခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ရင် အခြေခံစဉ်းစားချက် ၃ ရပ်ရှိတာ တွေ့ရပါတယ်။ အတိုကောက်အဖြစ် "မ" သုံးလုံးဖြစ်တယ်။ ပထမ "မ" ကတော့ "များ" တဲ့၊ ပမာဏကြီးတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကို မျှော်လင့်ပါတယ်။ နိုင်ငံခြားငွေ ဒေါ်လာသန်းဂဏန်းတွေရအောင် ကြိုးစားပါတယ်။ ဒီနေရာမှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံတဲ့သူတွေလာပြီး အဆိုပြုလွှာတွေ စိစစ်ရုံမဟုတ်ဘဲ နိုင်ငံခြားတိုင်းပြည်တွေအထိသွားပြီး မြန်မာပြည်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု အလားအလာ အခွင့်အရေးတွေကို ရှင်းပြခဲ့တယ်။ လှုံ့ဆော်ခဲ့ပါတယ်။ ဒီတာဝန်ကို ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကိုယ်တိုင် တက်တက်ကြွကြွဦးဆောင်ခဲ့ပါတယ်။ ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်နိုင်ငံတွေမှာ ကျင်းပတဲ့ စီးပွားရေး အခမ်းအနားတွေမှာ တက်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။

အမှန်တော့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အခြေခံပြုပြင်ပြောင်းလဲမှုကို လက်ရှိအစိုးရက ဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို သီးသန့်ဦးစီးနိုင်ဖို့ ဝန်ကြီးဌာနအသစ်တစ်ခုကို ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကို ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ပါတယ်။ ခေတ်အဆက်ဆက်မှာ ကော်မရှင်ဥက္ကဋ္ဌတွေဟာ ဝန်ကြီးဌာန အသီးသီးမှာ ပူးတွဲတာဝန်တွေ ယူခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ ကော်မရှင်ဥက္ကဋ္ဌတာဝန်ကို ဝန်ကြီးချုပ်ကိုယ်တိုင်ယူထားပြီး အင်ဒိုနီးရှားနိုင်ငံမှာတော့ ကော်မရှင်ဥက္ကဋ္ဌဟာ အစိုးရအဖွဲ့ဝန်ကြီးတာဝန်ကို ယူထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ အခုလို အခြေခံပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့တဲ့အတွက် ကော်မရှင်ရဲ့ လှုပ်ရှားမှုတွေဟာ သွက်လက်မြန်ဆန်ခဲ့ပါတယ်။ နိုင်ငံတကာ အတွေ့အကြုံရှိပြီး စီးပွားရေးလောကနဲ့ ရင်းနှီးတဲ့သူဖြစ်တဲ့အတွက် ကော်မရှင်ဥက္ကဋ္ဌဟာ လုပ်ငန်းတွေကို တက်ကြွစွာ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယဥက္ကဋ္ဌ တာဝန်ယူထားသူက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဦးဆောင်သူအနေနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့လမ်းညွှန်မှုတွေပေးနိုင်ခဲ့တယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ နိုင်ငံတော်ရှေ့နေချုပ် ဦးထွန်းထွန်းဦးအနေနဲ့ ကော်မရှင်ရဲ့လှုပ်ရှားမှုတွေဟာ ဥပဒေဘောင်နဲ့ ကိုက်ညီနိုင်ဖို့ လိုအပ်တဲ့ ကျွမ်းကျင်မှု အကြံပြုချက်တွေ ပေးနိုင်ခဲ့တယ်။ လုပ်ထုံးလုပ်နည်းနဲ့ညီအောင်လည်း ထိန်းကွပ်ပေးနိုင်ခဲ့တယ်။ ကော်မရှင်မှာ ဒုတိယဝန်ကြီးဦးဆက်အောင်နဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်တို့ ပါဝင်ခဲ့တယ်။ သူတို့ရဲ့အတွေ့အကြုံ၊ ကျွမ်းကျင်မှုတွေဟာ ကော်မရှင်ရဲ့ လှုပ်ရှားမှုတွေကို တွန်းအားပေးနိုင်ခဲ့ပါတယ်။

### ကော်မရှင်အဖွဲ့ဝင်များ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့

ကျွန်တော်အပါအဝင် ကျန်ရှိတဲ့အဖွဲ့ဝင်တွေကတော့ ကျွမ်းကျင်ရာ လိမ္မာရာ လိုအပ်တဲ့ ပံ့ပိုးမှုတွေကို ပေးကြပါတယ်။ ကော်မရှင်ရဲ့ လှုပ်ရှားမှုမှာအဆင်ပြေချောမွေ့နိုင်ဖို့ အရေးကြီးတဲ့ တာဝန်ယူထားတဲ့သူက အတွင်းရေးမှူး

> **"ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ဆောင်ရွက်မှုတွေကို ကိုဗစ်- ၁၉ ကာလအတွင်း ပုံစံအသစ်နဲ့လှုပ်ရှားခဲ့ပါတယ်။ အွန်လိုင်းကတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တွေကို အရှိန်မပျက် စိစစ်နိုင်ခဲ့တယ်။ ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ ခေတ်မီနည်းပညာ အားကိုးပြီး လှုပ်ရှားနိုင်ခဲ့တယ်။ တာဝန်ရှိသူတွေဟာ နေပြည်တော်ကတစ်ဆင့် အလုပ်တွေ လုပ်နိုင်ခဲ့ပါတယ်။ ရန်ကုန်အခြေစိုက်အဖွဲ့ဝင်များဟာ အွန်လိုင်းက တစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အစည်းအဝေးတွေ တက်ပြီး တာဝန်များကို ထမ်းဆောင်နိုင်ခဲ့"**

ဦးသန့်စင်လွင် ဖြစ်ပါတယ်။ အတွင်းရေးမှူးတာဝန်ကို တစ်ဖက်က ယူထားပေမယ့် တစ်ဖက်မှာလည်း ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ အုပ်ချုပ်စီမံမှု ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ယူထားပါတယ်။ ဒီဦးစီးဌာနဟာ ကော်မရှင်ရဲ့ ရုံးလုပ်ငန်းအားလုံးကို တာဝန်ယူလျက်ရှိပါတယ်။ ကော်မရှင်ရဲ့ တွဲဖက်အတွင်းရေးမှူး တာဝန်ကိုတော့ အတွေ့အကြုံရှိတဲ့ ဒေါ်မြသူဇာက ယူလျက်ရှိပါတယ်။ ကော်မရှင်အဖွဲ့ဝင် ၁၃ ဦးဟာ ဥက္ကဋ္ဌရဲ့ဦးဆောင်မှုနဲ့ လုပ်ငန်းများကို ညီညီညွတ်ညွတ်နဲ့ဆောင်ရွက်လျက် ရှိပါတယ်။ စုပေါင်းပြီး ဟန်ချက်ညီညီဆောင်ရွက်နိုင်ခဲ့တယ်။

ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုအားပေးရာမှာ စီးပွားရေးပတ်ဝန်းကျင်ဟာ အလွန်အရေးကြီးလှပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းများ အလွယ်တကူ လှုပ်ရှားနိုင်ဖို့ ဦးစားပေးခဲ့တယ်။ ကမ္ဘာ့ဘဏ်က ဖော်ထုတ်ခဲ့တယ်။ Ease of doing business စီးပွားရေးကို လွယ်လွယ်ကူကူချောမွေ့စွာ လုပ်ဆောင်နိုင်မှုကို ဦးစားပေးခဲ့တယ်။ ပြုပြင်ပြောင်းလဲမှုတွေကြောင့် တန်းစီဇယားမှာ တိုးတက်လာခဲ့ပါတယ်။ အစိုးရအသစ်အနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့တာမို့ ပတ်ဝန်းကျင်ကို ပြုပြင်နိုင်ခဲ့တယ်။

ဒုတိယ 'မ' က 'မှန်' ကန်တဲ့ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးခြင်းဖြစ်တယ်။ ဒီကိစ္စဟာ အလွန်သိမ်မွေ့ပါတယ်။ စီးပွားရေး အဆောက်အအုံတစ်ခုလုံးနဲ့ ပတ်သက်နေခြင်းဖြစ်တယ်။ "မှန်" တယ်လို့ ပြောရာမှာ လူမှုရေးတာဝန်ကျေပွန်မှုကို ရည်ညွှန်းတာဖြစ်တယ်။ လူမှုရေးတာဝန်ကျေပွန်မှုကို Corporate Social Responsibility (CSR) လို့ သတ်မှတ်ကြတယ်။ အတိုကောက် CSR ဆိုတဲ့ အသုံးအနှုန်းကို လူတိုင်းလိုလို သဘောပေါက်ကြတယ်။ သိကြတယ်။ ကျွန်တော့်အနေနဲ့ CSRနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ကုန်သည်ကြီးများနဲ့ စက်မှုလက်မှုအသင်းချုပ်ကြီးမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ဟောပြောပွဲနဲ့ မိတ်ဆက်ပေးခဲ့တယ်။ တချို့က CSR ကို ကျွန်တော်တို့ လုပ်နေကြတယ်လို့ ကျွန်တော့်ကို လာပြောတယ်။ လုပ်တယ်ဆိုတဲ့နေရာမှာ အလှူအတန်းပေးတာကို ပြောနေတာဖြစ်တယ်။ လမ်းတွေဖောက်ပေးတယ်၊ ကျောင်းတွေဆောက်ပေးတယ်။ စာသင်ကျောင်းတွေ ဖွင့်ပေးတာကို CSR လို့ သတ်မှတ်ကြတယ်။ CSR ရဲ့ အနှစ်သာရက အလှူသက်သက်မဟုတ်ပါဘူး။ အတ္တ/ပရ မျှတရမယ့်လုပ်ငန်းဖြစ်တယ်။ ယခင်အစိုးရလက်ထက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ တာဝန်ယူခဲ့စဉ် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အသားတင်အမြတ်ရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်း CSR အတွက် လျာထားဖို့အကြံပြုခဲ့ရာမှာ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ သဘောတူချက်နဲ့ အကြံပြုချက်ကိုလက်ခံခဲ့ပြီး ယခုအချိန်အထိ တည်ရှိလျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ အခုလို အမြတ်ငွေထဲက CSR လုပ်ငန်းတွေအတွက် တာဝန်ယူဖို့ ဝန်မလေးကြတာတွေ့ရတယ်။

### UNGC အဖွဲ့ဝင်ဖြစ်ဖို့ ကုမ္ပဏီများကို တိုက်တွန်း

၂၀၁၂ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာနိုင်ငံရောက်လာချိန်မှာ ကျွန်တော်က မြန်မာနိုင်ငံက ထင်ရှားတဲ့ကုမ္ပဏီ ၁၅ ခုကို စည်းရုံးပြီး အထွေထွေအတွင်းရေးမှူးချုပ်ထံ ကုလသမဂ္ဂ အဖွဲ့အစည်းက ဦးစီးဆောင်ရွက်နေတဲ့ UN Global Compact (UNGC) ရဲ့ အဖွဲ့ဝင်များအဖြစ် လျှောက်လွှာတွေတင်ခဲ့တယ်။ အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာ ဒုတိယအကြိမ် အထွေထွေအတွင်းရေးမှူးချုပ် မြန်မာပြည် ခရီးစဉ်မှာ နေပြည်တော်မှာရှိတဲ့ ဟိုတယ်တစ်ခုမှာ မြန်မာကုမ္ပဏီ ၁၈၀ ကျော်ရဲ့လျှောက်လွှာကို လက်ခံအသိအမှတ်ပြုခဲ့တယ်။ တတိယအကြိမ် ၂၀၁၆ ခုနှစ်မှာ မြန်မာကုမ္ပဏီ ၃၀၀ ကျော်ကို အဖွဲ့ဝင်အဖြစ်လက်ခံခဲ့တယ်။ UNGC ဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ အကြီးဆုံးသော CSR လှုပ်ရှားမှုဖြစ်တယ်။ UNGC နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ တက္ကသိုလ်မှာ တာဝန်ယူစဉ်သင်တန်းတွေပေးခဲ့တာ ဖြစ်ပါတယ်။

UNGC အဖွဲ့ဝင် ကုမ္ပဏီများအနေနဲ့ အဖွဲ့ဝင်ဖြစ်ဖို့ ကတိ လေးချက်ပြုရပါတယ်။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့၊ ဝန်ထမ်းရေးရာနဲ့ ပတ်သက်ပြီး ထိန်းသိမ်းဖို့၊ ပတ်ဝန်းကျင်ကို အလေးထားပြီး ပြုစုဖို့နဲ့ နောက်ဆုံးက အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး ရှောင်ကြဉ်ဖို့၊ ပါဝင်ပတ်သက်မှုမရှိဖို့ ကတိပြုရပါတယ်။ လက်ရှိကော်မရှင်ဥက္ကဋ္ဌအနေနဲ့ ရင်းနှီးမြှုပ်နှံသူများကို UNGC အဖွဲ့ဝင်ဖြစ်ဖို့ အမြဲတိုက်တွန်းခဲ့တယ်၊ အကြံပြုခဲ့ပါတယ်။ သူ့အနေနဲ့ မှန်ကန်တဲ့ ရင်းနှီးမြှုပ်နှံမှုကို လိုလားတဲ့ဆန္ဒကြောင့် ဖြစ်ပါတယ်။ ကော်မရှင်ထံ ခွင့်ပြုချက်တောင်းခံတဲ့ ကဏ္ဍအသီးသီးရှိတဲ့အနက် ပညာရေးဝန်ဆောင်မှုတွေပေးဖို့ လျှောက်လွှာအမြောက်အမြားရှိတာ တွေ့ရတယ်။ စိစစ်ရာမှာ အရည်အသွေးမီတဲ့ ပြည်ပတက္ကသိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဖို့ ကော်မရှင်က တိုက်တွန်းခဲ့တယ်။ ပညာရေးနယ်ပယ်မှာ နာမည်ပျက်နေတဲ့ ဘွဲ့အတုတွေ၊ ဒီဂရီအတုတွေပေးတဲ့ အဖွဲ့အစည်းတွေကို ဟန့်တားခဲ့ပါတယ်။

စစ်မှန်တဲ့ CSR ရဲ့ အကောင်းဆုံးနမူနာက နိုင်ငံတကာ ကုမ္ပဏီဖြစ်တဲ့ Unilever ရဲ့ ဆောင်ရွက်မှုဖြစ်တယ်။ ကုမ္ပဏီအနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ကလေးငယ်ကျောင်းသားတွေကို ကျန်းမာရေးအတွက် လက်ဆေးတဲ့ အလေ့အကျင့်တွေကို ပျံ့ပျံ့နှံ့နှံ့ဖြစ်အောင်ကြိုးစားခဲ့တယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံသွားဆရာဝန်များအသင်းနဲ့ ပူးပေါင်းပြီး သွားတိုက်တဲ့နည်းတွေကို ပညာပေးခဲ့တယ်။ သွားနှင့်ခံတွင်းသန့်ရှင်းမှုကို အားပေးခဲ့တယ်။ အခုလို ပရဟိတလုပ်ငန်းတွေကို အားပေးလုပ်ဆောင်ခဲ့သလို တစ်ဖက်မှာလည်း လက်ဆေးဖို့ ဆပ်ပြာတွေ၊ သွားတိုက်ဖို့ သွားတိုက်ဆေးတွေကို ရောင်းချလျက်ရှိတာဖြစ်တယ်။ ကော်မရှင်ရဲ့အကြံပြုချက်ကို လက်ခံပြီး UNGC အဖွဲ့ဝင်ဖြစ်သွားတဲ့ ကုမ္ပဏီများအနက် မိမိတို့ရဲ့လှုပ်ရှားမှုတွေဟာ လူမှုရေးတာဝန်ကျေပွန်ကြောင်း ထွေထွေထူးထူး ဖော်ပြစရာမလိုအပ်ဘဲ ကုမ္ပဏီရဲ့ အမှတ်တံဆိပ်မှာ UNGC အမှတ်တံဆိပ်ကို သုံးခွင့်ရှိပါတယ်။

### မြန်မြန်ဆန်ဆန်ဖြစ်အောင်လည်း ကြိုးစားနေ

နောက်ဆုံး "မ"က မြန်မြန်ဆန်ဆန်စိစစ်အတည်ပြုနိုင်ဖို့ ဖြစ်တယ်။ အခုချိန်မှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ကုမ္ပဏီများဟာ အွန်လိုင်းစနစ်ကိုသုံးပြီး ဆောင်ရွက်ခွင့်ရှိတယ်။ တစ်ဖက်မှာလည်း One-Stop-Service(OSS)တစ်ကြိမ်တည်းနဲ့ လုပ်ငန်းတွေကို အဆင်ပြေချောမွေ့အောင်ဆောင်ရွက်လိုတဲ့ ဦးတည်ချက်နဲ့ လုပ်ကိုင်လျက်ရှိတယ်။ ရင်းနှီးမြှုပ်နှံလိုတဲ့သူတွေ အနှောင့်အယှက်ကင်းပြီး လွယ်ကူစွာ၊ စိတ်ချစွာ ရင်းနှီးနိုင်ဖို့ ကြိုးစားလျက်ရှိတယ်။ အောင်မြင်မှုတွေ အထိုက်အသင့်ရရှိခဲ့ပါတယ်။ ဒါပေမယ့် စီမံခန့်ခွဲမှု ရှုထောင့်နဲ့သုံးသပ်ရာမှာ အလုပ်နဲ့လူ အခြေခံနှစ်ခုကို တစ်ပြိုင်တည်းဖြေရှင်းနေရပါတယ်။ အလုပ်တွေ ချောမွေ့နိုင်ဖို့ လုပ်ထုံးလုပ်နည်းတွေ အထူးသဖြင့် Standard Operating Procedures (SOP)တွေ ဖော်ထုတ်နိုင်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ထင်ထားသလို ခရီးမပေါက်တာ တွေ့ရတယ်။ "လူ" ပြဿနာကို ရင်ဆိုင်ရတယ်။ လုပ်ထုံးလုပ်နည်းအတိုင်း လွယ်ကူချောမွေ့အောင် ကြိုးစားရာမှာ ဌာနစုံတွေ၊ ဒေသစုံတွေက လွှမ်းမိုးနေတာ တွေ့ရတယ်။ ဌာနအချင်းချင်းညှိနှိုင်းရာမှာ စိန်ခေါ်မှုမျိုးစုံနဲ့တွေ့ရတယ်။ စီမံခန့်ခွဲမှု ပညာမှာ နမူနာပေးလေ့ရှိတယ်။ Silo စပါးကျီတွေကို တွေ့မြင်ရတယ်။ ပူးပေါင်းဆောင်ရွက်မှု အားနည်းတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ပြည်ထောင်စု အဆင့် စဉ်းစားချက်တွေ တစ်ခါတစ်ရံကွဲလွဲနေတာ တွေ့ရတယ်။ နိုင်ငံတစ်ခုလုံးအတွက် အကောင်းဆုံးဖြစ်ရမယ့် အဖြေကို ရှာဖွေသွားရမှာဖြစ်တယ်။ ဌာန၊ ဒေသစွဲတွေရှိနေသရွေ့ ပုံကြီးကို မြင်နိုင်ဖို့ ခဲယဉ်းတယ်။ တစ်ခါတစ်ရံ ရင်းနှီးမြှုပ်နှံမှုရရှိဖို့ အာရုံထက် ကျဉ်းမြောင်းတဲ့ အယူအဆ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပိတ်ဆို့တားဆီးနေခဲ့တယ်။ ရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း တက်လိုက်ဆင်းလိုက်၊ တစ်ဌာနဝင် တစ်ဌာနထွက်နဲ့ ပင်ပန်းခဲ့တယ်။ စိတ်ရှည်ကြတာကို ကျေးဇူးတင်ရမှာဖြစ်တယ်။

တစ်ခါတစ်ရံမှာ ကိုယ့်ကိုယ်ကိုယ်နိုင်ငံရေးအမြင် အားနည်းတာကို သတိထားမိတယ်။ ကိုယ်ကတော့ ရင်းနှီးမြှုပ်နှံမှုတိုးတက်မှုကိုပဲ အာရုံရှိတာ။ ဒါပေမယ့် တစ်ခါတစ်ရံ ကိုယ်မသိတဲ့၊ နားမလည်တဲ့ အခြေအနေတွေ ရှိနိုင်မယ် ဆိုတာကို သုံးသပ်ဆင်ခြင်မိပါတယ်။ အဖွဲ့အစည်းတစ်ခုဟာ အစဉ်တိုးတက်ပြောင်းလဲနေဖို့ လိုအပ်တယ်။ ဖြစ်လာဖို့လည်း တာဝန်ရှိ သူတွေက ကြိုးစားဆောင်ရွက်ရမှာဖြစ်တယ်။ ကိုယ့်နိုင်ငံရဲ့လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးအတွက် အလွန်အရေးပါလှတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစဉ်တိုးတက်အောင်မြင်ဖို့ ဆန္ဒပြုမိပါတယ်။ ။

# Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*(ယမန်နေ့မှအဆက်)*

၁၄-၁၀-၂၀၂၀ ရက်နေ့မှ ၂၁-၁၀-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ဆက်လက် ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၄၇၆ | 13019.32.4.2.37 | Aye Myanmar | ၈ | ၇၃၁,၆၀၀.၀၀ |
| ၄၇၇ | 13019.32.4.2.56 | Aster DEG Myanmar | ၂၆ | ၂,၄၀၀,၀၀၀.၀၀ |
| ၄၇၈ | 13019.32.5.2.50 | နီလာဝင်း အထည်ချုပ် | ၂၉၉ | ၁၇,၀၃၅,၂၀၀.၀၀ |
| ၄၇၉ | 13019.32.5.2.77 | ST Engineering Myanmar Co.,Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၄၈၀ | 13019.32.5.2.80 | ရွှေဇနက အများနှင့်သက်ဆိုင်သောကုမ္ပဏီ | ၂၇ | ၂,၆၁၈,၀၀၀.၀၀ |
| ၄၈၁ | 13019.32.5.2.97 | Wisechamp Myanmar | ၂၀၃ | ၁၁,၈၁၇,၆၀၀.၀၀ |
| ၄၈၂ | 13019.32.6.2.12 | Sonha Myanmar International | ၂၄ | ၂,၃၂၀,၀၀၀.၀၀ |
| ၄၈၃ | 13019.32.6.2.21 | Pro-1 Global Co;Ltd. | ၂၀၇ | ၁၂,၃၀၁,၂၀၀.၀၀ |
| ၄၈၄ | 13019.32.6.2.106 | Diamond Island Construction | ၉၇ | ၈,၈၂၆,၀၀၀.၀၀ |
| ၄၈၅ | 13033.35.1.2.447 | ရွှေတောင်ထွန်းအထည်ဆိုင် | ၂၁ | ၁,၄၂၀,၈၀၀.၀၀ |
| ၄၈၆ | 13033.35.1.2.615 | DIAMOND NEON ADVERTISING | ၆၉ | ၄,၂၈၆,၄၀၀.၀၀ |
| ၄၈၇ | 13033.35.2.2.262 | Parami Pizza စားသောက်ဆိုင် | ၂၈ | ၁,၃၉၇,၇၇၄.၀၀ |
| ၄၈၈ | 13033.35.2.2.279 | UPG Paint & Coating Co.,Ltd. | ၅၃ | ၃,၇၅၅,၂၀၀.၀၀ |
| ၄၈၉ | 13033.35.4.2.102 | The Combodia Trust (Myanmar Branch) | ၈ | ၈၉၀,၄၄၀.၀၀ |
| ၄၉၀ | 13033.35.4.2.155 | Kinden Corporation (Yangon Branch) | ၉၂ | ၁၁,၀၄၀,၀၀၀.၀၀ |
| ၄၉၁ | 13033.35.5.2.30 | Next Hop Co., Ltd. | ၆ | ၃၄၅,၆၀၀.၀၀ |
| ၄၉၂ | 13033.35.5.2.33 | Family Entertainment Group Company Limited | ၁၁၄ | ၁၁,၂၀၃,၂၈၀.၀၀ |
| ၄၉၃ | 13033.35.5.2.84 | Wyndham Grand Yangon Hotel | ၄၃၈ | ၃၉,၅၃၉,၃၂၈.၀၀ |
| ၄၉၄ | 13033.35.6.2.26 | ဒီပဝတီဆောက်လုပ်ရေးကုမ္ပဏီ | ၁၇ | ၁,၀၃၇,၀၀၀.၀၀ |
| ၄၉၅ | 13033.35.6.2.42 | Beauty & Luxury Myanmar Co., Ltd. | ၁၄ | ၁,၃၉၇,၉၁၂.၀၀ |
| ၄၉၆ | 13033.35.6.2.67 | Jump Digital Myanmar Limited | ၆ | ၆၇၂,၀၀၀.၀၀ |
| ၄၉၇ | 13033.35.6.2.70 | Melbourne Company Limited (Service) | ၁၄ | ၁,၂၄၀,၀၀၀.၀၀ |
| ၄၉၈ | 13033.35.6.2.71 | FSG (Myanmar) Security Services Co.,Ltd | ၁၁၃ | ၇,၅၈၀,၀၀၀.၀၀ |
| ၄၉၉ | 13033.35.7.2.19 | Asia Myanmar Shining Star Investment Co., Ltd. | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၀၀ | 13033.35.7.2.25 | M9 Public Company Limited | ၆၆ | ၆,၅၂၉,၂၀၀.၀၀ |
| ၅၀၁ | 13033.35.7.2.33 | Tri Treasures International Co., Ltd | ၄ | ၂၆၇,၂၀၀.၀၀ |
| ၅၀၂ | 13033.35.7.2.45 | OnMax Company Limited | ၉ | ၁,၀၃၄,၀၀၀.၀၀ |
| ၅၀၃ | 13033.35.7.2.55 | CSCEC (Myanmar) Co., Ltd. | ၈ | ၉၆၀,၀၀၀.၀၀ |
| ၅၀၄ | 13033.35.7.2.56 | FGM COMPANY LIMITED | ၁၆ | ၁,၄၁၂,၀၀၀.၀၀ |
| ၅၀၅ | 13033.35.7.2.65 | 40HRS MYANMAR COMPANY LIMITED | ၁၆ | ၁,၆၇၀,၄၀၀.၀၀ |
| ၅၀၆ | 13033.35.7.2.66 | JOBEXPRESS MYANMAR COMPANY LIMITED | ၁၀ | ၈၈၈,၀၀၀.၀၀ |
| ၅၀၇ | 13033.35.7.2.82 | Mobile King Trading Company Limited | ၂၈ | ၂,၁၄၄,၀၀၀.၀၀ |
| ၅၀၈ | 13033.35.7.2.87 | United 9 Company Limited | ၈၀ | ၈,၁၁၂,၈၀၀.၀၀ |
| ၅၀၉ | 13033.35.8.2.4 | Alliance Stars Group of Companies Limited | ၇ | ၈၀၀,၀၀၀.၀၀ |
| ၅၁၀ | 13033.35.8.2.14 | SNOW FOX TRADING COMPANY LIMITED | ၁၂ | ၉၄၀,၀၀၀.၀၀ |
| ၅၁၁ | 13033.35.8.2.15 | ခေတ်သစ်ဦးရောင်းဝယ်ရေးကုမ္ပဏီ လီမိတက် | ၁၀ | ၈၇၆,၀၀၀.၀၀ |
| ၅၁၂ | 13033.35.8.2.18 | Issunbou Co.,Ltd (Myanmar Branch) | ၂၆ | ၃,၀၀၃,၆၀၀.၀၀ |
| ၅၁၃ | 13033.35.8.2.25 | Slade Property Services Myanmar Ltd. | ၄ | ၄၈၀,၀၀၀.၀၀ |
| ၅၁၄ | 13033.35.8.2.37 | Tex World (အထည်ရောင်းဝယ်ရေး) | ၇ | ၄၁၅,၂၀၀.၀၀ |
| ၅၁၅ | 13033.35.8.2.59 | Win & Associating Services Co.,Ltd | ၂၆ | ၂,၈၂၀,၀၀၀.၀၀ |
| ၅၁၆ | 13033.36.1.2.256 | Myanmar DCR | ၃၃၃ | ၃၁,၉၁၆,၀၀၀.၀၀ |
| ၅၁၇ | 13033.36.1.2.416 | KMA Hotel | ၅၁ | ၄,၈၂၂,၀၆၄.၀၀ |
| ၅၁၈ | 13033.36.1.2.616 | Central Hotel | ၁၆၁ | ၁၁,၇၅၉,၆၀၀.၀၀ |
| ၅၁၉ | 13033.36.1.2.686 | Cekap Venture Tdg Co.,Ltd | ၅ | ၄၇၆,၀၀၀.၀၀ |
| ၅၂၀ | 13033.36.1.2.813 | So Go Electrical | ၈ | ၇၄၀,၄၀၀.၀၀ |
| ၅၂၁ | 13033.36.1.2.900 | Great World Wide | ၃၁ | ၂,၀၁၇,၆၀၀.၀၀ |
| ၅၂၂ | 13033.36.2.2.290 | Fujinobo Restaurant | ၂၄ | ၁,၃၈၂,၄၀၀.၀၀ |
| ၅၂၃ | 13033.36.2.2.298 | Myanmar Japan Tobacco Co., Ltd | ၇၅ | ၉,၀၀၀,၀၀၀.၀၀ |
| ၅၂၄ | 13033.36.4.2.111 | Sustainable Environment Myanmar | ၁၆ | ၁,၇၀၀,၀၀၀.၀၀ |
| ၅၂၅ | 13033.36.4.2.200 | ဘုရင့်နောင်ဆောက်လုပ်ရေး | ၉၉ | ၉,၆၀၇,၄၃၂.၀၀ |
| ၅၂၆ | 13033.36.5.2.45 | Network Int' Education | ၁၆၇ | ၁၉,၉၈၉,၂၀၀.၀၀ |
| ၅၂၇ | 13033.36.7.2.37 | Capital Construction Ltd., | ၉၂ | ၉,၉၀၂,၇၃၅.၀၀ |
| ၅၂၈ | 13033.36.7.2.78 | Stonewest(MYM) | ၈ | ၉၆၀,၀၀၀.၀၀ |
| ၅၂၉ | 13033.36.7.2.118 | ADM Myanmar Company Limited | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၃၀ | 13033.36.7.2.144 | Chilli Marketing Service Limited | ၁၃ | ၁,၅၆၀,၀၀၀.၀၀ |
| ၅၃၁ | 13033.36.8.2.6 | Myanmar Singapore (Hlegu)Park JV Co.,ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၅၃၂ | 13033.36.8.2.22 | Fpmyanmar co.,Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၅၃၃ | 13033.36.8.2.39 | Omron Healthcare Singapore Pte Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၃၄ | 13033.36.8.2.44 | Little Codelab Tech Academy | ၉ | ၅၄၀,၀၀၀.၀၀ |
| ၅၃၅ | 13041.38.1.2.71 | Golden Rock Hotel | ၅ | ၄၀၀,၀၀၀.၀၀ |
| ၅၃၆ | 13041.38.1.2.130 | ABM CO.Ltd | ၈ | ၆၆၀,၀၀၀.၀၀ |
| ၅၃၇ | 13041.38.1.2.131 | ကျော်သွန့်နှင့်ညီများအိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၅၃၈ | 13041.38.1.2.293 | မြန်မာကိုင်ဒိုကုမ္ပဏီ | ၂၂၄ | ၁၃,၅၂၄,၀၀၀.၀၀ |
| ၅၃၉ | 13041.38.1.2.356 | Giordano | ၂ | ၁၈၀,၀၀၀.၀၀ |
| ၅၄၀ | 13041.38.1.2.500 | မြတ်မိဘထီး | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၅၄၁ | 13041.38.2.2.103 | ဝင်းထိပ်တန်း | ၅၉ | ၄,၂၂၄,၁၆၀.၀၀ |
| ၅၄၂ | 13041.38.2.2.140 | Ammon Consulting (Myanmar) Co.Ltd | ၁၈၅ | ၂၁,၁၇၀,၂၆၂.၈၁ |
| ၅၄၃ | 13041.38.2.2.190 | မြန်မာအတ္တလန်တစ်ကုမ္ပဏီ | ၁၆ | ၁,၉၂၀,၀၀၀.၀၀ |
| ၅၄၄ | 13041.38.2.2.206 | Giordano | ၄ | ၄၂၀,၀၀၀.၀၀ |
| ၅၄၅ | 13041.38.7.2.97 | JPE Everest | ၂၈ | ၂,၉၁၀,၄၆၆.၄၀ |
| ၅၄၆ | 13041.38.7.2.98 | Pyramid Solutions | ၄၄ | ၅,၀၈၂,၀၀၀.၀၀ |
| ၅၄၇ | 13041.38.8.2.7 | ရန်ကုန်မိတ်အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီလီမိတက် | ၂ | ၁၆၀,၀၀၀.၀၀ |
| ၅၄၈ | 13041.38.8.2.25 | အောင်ပြည်တန် ကုမ္ပဏီ | ၄၃ | ၄,၇၀၈,၀၀၀.၀၀ |
| ၅၄၉ | 13041.38.8.2.42 | FMG Co.,Ltd | ၈ | ၇၁၃,၆၀၀.၀၀ |
| ၅၅၀ | 13041.38.8.2.53 | Empress Sapphire Co.,Ltd | ၄ | ၂၄၃,၂၀၀.၀၀ |
| ၅၅၁ | 13041.38.8.2.62 | TOA PAINT | ၂၉ | ၃,၂၇၀,၃၆၈.၀၀ |
| ၅၅၂ | 13041.38.8.2.67 | Trade Boss Trading Co.,Ltd | ၃၂ | ၂,၄၅၆,၀၀၀.၀၀ |
| ၅၅၃ | 13041.38.8.2.69 | Myanmar Arysta LifeScience Co.,Ltd | ၉၇ | ၁၁,၆၁၇,၁၇၁.၆၀ |
| ၅၅၄ | 13033.36.1.2.70 | Olympic Hotel | ၇၀ | ၂,၂၆၈,၀၀၀.၀၀ |
| ၅၅၅ | 13033.36.1.2.383 | Sumitomo Corroporation Asia & Oceania | ၃၃ | ၃,၉၆၀,၀၀၀.၀၀ |
| ၅၅၆ | 13033.36.1.2.448 | EON Engineering | ၁၇ | ၁,၀၅၂,၀၀၀.၀၀ |
| ၅၅၇ | 13033.36.1.2.657 | တက်လမ်းဆောက်လုပ်ရေး | ၁၄ | ၉၉၆,၈၀၀.၀၀ |
| ၅၅၈ | 13033.36.1.2.674 | Winner Inn | ၂၅ | ၁,၄၄၂,၄၀၀.၀၀ |
| ၅၅၉ | 13033.36.1.2.739 | Professional Security Service Co.;Ltd | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၅၆၀ | 13033.36.1.2.871 | အာရုံဦး ဆောက်လုပ်ရေး | ၂၉၆ | ၂၉,၁၂၉,၀၀၀.၀၀ |
| ၅၆၁ | 13033.36.3.2.139 | Panasonic Asia Pacific | ၂၈ | ၃,၃၆၀,၀၀၀.၀၀ |
| ၅၆၂ | 13033.36.3.2.160 | TOTO Asia Oceania | ၁၃ | ၁,၂၄၈,၀၀၀.၀၀ |
| ၅၆၃ | 13033.36.3.2.181 | NTS Mart | ၆၉ | ၄,၀၉၉,၂၀၀.၀၀ |
| ၅၆၄ | 13033.36.5.2.56 | South Asia Consulting Limited | ၂ | ၂၄၀,၀၀၀.၀၀ |
| ၅၆၅ | 13033.36.6.2.33 | Lwin and Swan Group | ၄၇ | ၅,၁၄၄,၀၀၀.၀၀ |
| ၅၆၆ | 13037.39.1.2.17 | ရွှေမိသားစုထရေးဒင်း | ၁၇ | ၁,၅၃၄,၄၀၀.၀၀ |
| ၅၆၇ | 13037.39.1.2.206 | နီကိုထီးလုပ်ငန်း | ၆၀ | ၃,၀၂၄,၀၀၀.၀၀ |
| ၅၆၈ | 13037.39.1.2.261 | ကံရာဇာတည်းခိုခန်း | ၃ | ၄၈,၀၀၀.၀၀ |
| ၅၆၉ | 13037.39.1.2.281 | Ikon Mart | ၅၀ | ၅,၅၆၄,၀၀၀.၀၀ |
| ၅၇၀ | 13037.39.1.2.311 | နဂါးနီဟိုတယ် | ၁၅ | ၃၀၂,၀၀၀.၀၀ |
| ၅၇၁ | 13037.39.1.2.523 | ဂမုန်းပွင့်ကုမ္ပဏီ | ၂၁၄ | ၁၃,၁၃၀,၈၀၀.၀၀ |
| ၅၇၂ | 13037.39.5.2.20 | Zhulian Enterprise (Myanmar)Co.,Ltd | ၁၉ | ၂,၀၆၄,၀၀၀.၀၀ |
| ၅၇၃ | 13037.39.2.2.102 | Hotel Kan Kaw(ကံ့ကော်) | ၁၁ | ၂၇၂,၀၀၀.၀၀ |
| ၅၇၄ | 13037.39.2.2.110 | Shwe Taung Property | ၅၇ | ၄,၆၆၅,၁၂၀.၀၀ |
| ၅၇၅ | 13037.39.2.2.179 | ရောဟသံ | ၈၄ | ၉,၄၂၆,၀၀၀.၀၀ |
| ၅၇၆ | 13037.39.2.2.205 | Hotel Division | ၆၄ | ၄,၄၁၁,၅၂၀.၀၀ |
| ၅၇၇ | 13037.39.2.2.207 | Shwe Taung Property Management Co.,Ltd. | ၁၆၆ | ၁၁,၅၆၅,၂၆၀.၀၀ |
| ၅၇၈ | 13037.39.2.2.282 | မင်္ဂလာစံပြရုပ်ရှင်ရုံ | ၄ | ၂၉၆,၀၀၀.၀၀ |
| ၅၇၉ | 13037.39.3.2.130 | Shwe Taung Property Management Co.,Ltd. | ၁၇ | ၁,၀၂၃,၆၂၀.၀၀ |
| ၅၈၀ | 13037.39.3.2.148 | Koran Air Line Co.,Ltd | ၈ | ၉၆၀,၀၀၀.၀၀ |
| ၅၈၁ | 13037.39.4.2.73 | Aviareps Myanmar Co., Ltd. | ၁၆ | ၈၂၀,၀၀၀.၀၀ |
| ၅၈၂ | 13037.39.5.2.83 | Hong Sa Telecom Co,Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၈၃ | 13037.39.5.2.31 | ရောဝတီဖွံ့ဖြိုးတိုးတက်ရေး | ၁၉ | ၂,၂၄၀,၀၀၀.၀၀ |
| ၅၈၄ | 13001.37.1.2.389 | ဇင်ထက်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | ၇၃ | ၄,၅၁၀,၀၀၀.၀၀ |
| ၅၈၅ | 13001.37.2.2.170 | Aung Kanbo Trading | ၅၃ | ၅,၃၀၄,၀၀၀.၀၀ |
| ၅၈၆ | 13001.37.3.2.10 | မြန်မာဝိတောက်ကုမ္ပဏီ | ၆ | ၆၀၀,၀၀၀.၀၀ |
| ၅၈၇ | 13001.37.3.2.51 | Myan Shwe Pyi Tractors Ltd. | ၁၆၈ | ၁၈,၀၉၉,၆၁၆.၀၀ |
| ၅၈၈ | 13001.37.4.2.22 | Mother Industrial Co.,Ltd. | ၃၈ | ၃,၅၇၄,၀၀၀.၀၀ |
| ၅၈၉ | 13001.37.4.2.23 | Mother Industrial Co.,Ltd. | ၁၂၆ | ၁၁,၈၃၄,၀၀၀.၀၀ |
| ၅၉၀ | 13001.37.4.2.30 | Shinsung Tongsang | ၁,၁၅၉ | ၇၆,၀၉၃,၀၃၆.၀၀ |
| ၅၉၁ | 13001.37.4.2.32 | S.Y.M Furniture & Wood Work | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၅၉၂ | 13001.37.6.2.17 | Myanmar Conch Cement (Yangon)Co.,Ltd. | ၈၄ | ၇,၂၃၂,၀၀၀.၀၀ |
| ၅၉၃ | 13001.37.7.2.41 | Tunn Star Co.,Ltd | ၅၂ | ၃,၀၈၉,၆၀၀.၀၀ |
| ၅၉၄ | 13001.37.4.2.49 | Ceres Enterprise Ltd | ၆၂၄ | ၃၅,၈၁၉,၅၂၀.၀၀ |
| ၅၉၅ | 13003.311.7.2.26 | GENERAL TEXTILE(MYANMAR)GARMENT LTD | ၃၈၆ | ၂၁,၆၇၄,၈၀၀.၀၀ |
| ၅၉၆ | 13003.311.1.2.31 | Sky Ma Co.,Ltd | ၆၅ | ၃,၈၄၄,၈၀၀.၀၀ |
| ၅၉၇ | 13003.311.1.2.80 | New General Indystry | ၁၂၉ | ၇,၄၃၄,၄၀၀.၀၀ |
| ၅၉၈ | 13003.311.2.2.14 | CNM | ၂၇၇ | ၁၄,၂၃၄,၈၆၀.၀၀ |
| ၅၉၉ | 13003.311.3.2.119 | အီကွေတာအထည်ချုပ် | ၄ | ၈၀,၀၀၀.၀၀ |
| ၆၀၀ | 13003.311.4.2.12 | I&H Engineering | ၁၄၉ | ၁၂,၉၆၅,၂၀၀.၀၀ |
| ၆၀၁ | 13003.311.4.2.18 | Ba An Myanmar(ပိုက်ဆက်) | ၅၀ | ၃,၈၁၆,၄၀၀.၀၀ |
| ၆၀၂ | 13003.311.5.2.26 | New Talent Socks Myanmar | ၃၁၁ | ၁၈,၁၃၁,၂၀၀.၀၀ |
| ၆၀၃ | 13003.311.5.2.31 | Myanmar Ixora | ၁၄၄ | ၇,၄၉၀,၈၀၀.၀၀ |
| ၆၀၄ | 13003.311.6.2.17 | New Talent Garmemt | ၈၆၄ | ၄၉,၄၂၄,၀၀၀.၀၀ |
| ၆၀၅ | 13003.311.6.2.23 | Ehwa Metal Co,ltd | ၁၈ | ၁,၂၁၆,၀၀၀.၀၀ |
| ၆၀၆ | 13003.311.6.2.36 | ကျုံးလင်ဖုန်းသံရည်ကျို | ၁၄၁ | ၈,၁၂၁,၆၀၀.၀၀ |
| ၆၀၇ | 13003.311.8.2.8 | Yu Chang (Mynmar) Spray Co.,Ltd | ၁၆ | ၉၂၆,၄၀၀.၀၀ |
| ၆၀၈ | 13007.312.1.2.28 | Myanmar GF | ၃၀၇ | ၁၈,၂၄၁,၆၀၀.၀၀ |
| ၆၀၉ | 13007.312.1.2.266 | World Apparel | ၁,၁၅၁ | ၆၄,၅၀၄,၈၀၀.၀၀ |
| ၆၁၀ | 13007.312.2.2.131 | Electronical Home | ၂၀ | ၂,၀၄၂,၀၀၀.၀၀ |
| ၆၁၁ | 13007.312.3.2.126 | Concorde Industries Limited | ၃ | ၂၇၇,၄၈၀.၀၀ |
| ၆၁၂ | 13007.312.5.2.38 | EVERGREEN SPORTS MYANMAR LTD | ၃၇၉ | ၂၁,၆၉၄,၀၈၀.၀၀ |
| ၆၁၃ | 13007.312.5.2.60 | PNS Engineering | ၃၀ | ၁,၈၈၄,၀၀၀.၀၀ |
| ၆၁၄ | 13007.312.7.2.75 | King Foam | ၄၅ | ၂,၇၁၂,၈၀၀.၀၀ |
| ၆၁၅ | 13008.313.2.2.113 | Young Clothing Limited | ၁,၁၅၆ | ၆၆,၃၃၅,၀၄၀.၀၀ |
| ၆၁၆ | 13008.313.2.2.201 | Master Roller | ၅၄ | ၃,၇၈၁,၀၀၀.၀၀ |
| ၆၁၇ | 13008.313.3.2.16 | Style Fashion Accessories | ၄၅၈ | ၂၆,၈၆၂,၄၀၀.၀၀ |
| ၆၁၈ | 13008.313.3.2.75 | Jewel Pak | ၅၂၇ | ၃၁,၂၄၀,၀၀၀.၀၀ |
| ၆၁၉ | 13008.313.3.2.123 | Xiang Yi အိတ်ချုပ်လုပ်ငန်း | ၁၃၆ | ၈,၀၇၂,၃၂၀.၀၀ |
| ၆၂၀ | 13008.313.4.2.16 | စူးကျုံစစ်အထည်ချုပ် | ၈၉၈ | ၅၂,၃၇၁,၃၆၀.၀၀ |
| ၆၂၁ | 13008.313.4.2.26 | Weijie Myanmar Co.,Ltd | ၁,၅၁၈ | ၈၅,၆၁၈,၅၆၀.၀၀ |
| ၆၂၂ | 13008.313.5.2.8 | Myanmar You He | ၁၃၄ | ၅,၇၇၀,၅၆၀.၀၀ |
| ၆၂၃ | 13008.313.5.2.10 | Top Line Underwear | ၆၁၄ | ၃၄,၄၆၂,၈၀၀.၀၀ |
| ၆၂၄ | 13008.313.5.2.42 | Sewell Garment | ၅၁၈ | ၃၀,၁၄၈,၈၀၀.၀၀ |
| ၆၂၅ | 13008.313.5.2.55 | Green Wings | ၃၆၇ | ၂၀,၅၇၇,၆၀၀.၀၀ |
| ၆၂၆ | 13008.313.6.2.204 | ဟွာလင်းကုမ္ပဏီလီမိတက် | ၁၆ | ၁,၁၀၈,၈၀၀.၀၀ |
| ၆၂၇ | 13023.314.1.2.129 | Glass Factory(ThanLyin) | ၁၇၆ | ၁၁,၇၃၂,၀၀၀.၀၀ |
| ၆၂၈ | 13023.314.2.2.128 | BYMA MYANMAR LTD | ၃၆ | ၃,၅၄၅,၆၄၀.၀၀ |
| ၆၂၉ | 13023.314.6.2.37 | Seiji Myanmar Co.,ltd | ၂၁၂ | ၁၂,၆၅၇,၁၈၄.၀၀ |
| ၆၃၀ | 13023.314.7.2.64 | Hansae Myanmar | ၁၆၂ | ၇,၇၇၃,၆၀၀.၀၀ |
| ၆၃၁ | 13023.314.8.2.14 | ABBA Aluminium Thilawa Limited | ၉ | ၅၁၈,၄၀၀.၀၀ |
| ၆၃၂ | 13033.35.1.2.747 | United Living Mall Trading Co., Ltd. | ၁၉၈ | ၁၁,၄၀၄,၈၀၀.၀၀ |
| ၆၃၃ | 13033.36.1.2.891 | သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ | ၄ | ၂၇၃,၆၀၀.၀၀ |
| ၆၃၄ | 13033.36.1.2.909 | Comet Media | ၁၃ | ၇၇၇,၆၀၀.၀၀ |
| ၆၃၅ | 13033.36.1.2.943 | Giordano | ၄ | ၄၈၀,၀၀၀.၀၀ |
| ၆၃၆ | 13033.36.2.2.118 | construction | ၄၁၆ | ၄၃,၃၂၉,၀၀၀.၀၀ |
| ၆၃၇ | 13033.36.2.2.316 | The Avenue | ၁၆ | ၁,၅၄၉,၄၀၀.၀၀ |
| ၆၃၈ | 13033.36.3.2.177 | Myanmar Value Ceration | ၁၅ | ၁,၇၅၂,၀၀၀.၀၀ |
| ၆၃၉ | 13033.36.3.2.183 | Parami Pizza (SGD) | ၂၈ | ၁,၄၅၅,၀၀၆.၈၀ |
| ၆၄၀ | 13033.36.3.2.209 | Resource & Enviroment Myanmar | ၁၆ | ၁,၈၅၂,၀၀၀.၀၀ |

စာမျက်နှာ ၂၂ သို့



# မြန်မာစာနှင့် ပါဠိ(၁၀)

## မောင်ခင်မင် (ဓနုဖြူ)

"ပြောဖို့ကျန်ခဲ့တာ တစ်ခုသတိရလို့..."

"ဘာပါလဲဆရာ"

"ပါဠိပါဠ်ဆင့်တွေအကြောင်းပြောတုန်းက ဝဂ်အက္ခရာချင်းဆင့်တဲ့စနစ်ကို ပြောကြတယ်လေ။ ဝဂ်အက္ခရာမဟုတ်တဲ့ အ-ဝဂ် အက္ခရာတွေ ဆင့်တဲ့စနစ်အကြောင်း ကျန်သွားတယ်"

"ဪ...ဟုတ်ကဲ့ပါ။ အ-ဝဂ်အက္ခရာဆိုတော့ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ ပေါ့နော် ဆရာ"

"ဟုတ်တယ်လေ။ မင်းသိပြီးသားပါ။ ဝဂ်အက္ခရာက 'က' ကနေ 'မ' အထိ မဟုတ်လား။ အဲဒီနောက်က အက္ခရာတွေက ဝဂ်ထဲမပါလို့ ပါဠိလို အ-ဝဂ်လို့ ခေါ်တာလေ"

"ပြောပြပါ ဆရာ"

"အကုန်တော့မဟုတ်ဘူးပေါ့။ အ-ဝဂ်အက္ခရာတွေမှာ ယ၊ လ၊ သ သုံးလုံးကို အက္ခရာတူချင်းဆင့်တယ်"

"ဟုတ်ကဲ့ပါ"

"ဥယျဉ် ဆိုတဲ့စကားက 'ဥယျာန' က ဆင်းသက်တာလေ။ /အုန်ယာနာ့/ လို့ အသံထွက်တယ် မဟုတ်လား။ 'ယျ' က ယနှစ်လုံးဆင့်တဲ့ သဘောပေါ့။ ရှေ့က 'ယ' က အသတ်ပေါ့။ ခွဲရေးရင် ဥယ်+ယာနလို့ ရေးရမှာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"လနှစ်လုံးဆင့်ကတော့ 'ပလ္လင်' တို့၊ 'မိလ္လာ' တို့မှာ တွေ့တယ်မဟုတ်လား။ သနှစ်လုံးဆင့်ကတော့ ပါဠိစကား တိဿ၊ ဖုဿဆိုတဲ့ ဘုရားဘွဲ့တွေ ဖဿဆိုတဲ့ ထိတွေ့မှု။ အဲဒီမှာ သနှစ်လုံးဆင့်တော့ ဿဖြစ်သွားတာပေါ့။ 'ဿကြီး' လို့ ခေါ်ကြတယ်လေ"

"ဟုတ်ကဲ့ပါ။ 'ပိဿာ' လဲရှိတယ်နော် ဆရာ"

"အေး၊ ဟုတ်တာပေါ့။ ပါဠိမဟုတ်ဘဲ ဆင့်ရေးတဲ့ မြန်မာစာလုံးတွေလဲရှိတယ်။ ယောက္ခမ၊ ကုက္ကို၊ သေတ္တာ၊ လိမ္မာတို့လေ"၊ တခြားစကားလုံးတွေလဲ ရှိအုံးမှာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ...အရင်အပတ်က ပြောလက်စကို ဆက်ရအောင်။ စကားလုံးတွေရဲ့ ဇာစ်မြစ်ကိုဖော်ထုတ်ရာမှာလဲ ပါဠိဘာသာရဲ့ ဩဇာအရှိန်အဝါမကင်းတဲ့ အယူအဆတွေ တွေ့ရတဲ့အကြောင်းပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီအကြောင်းကို 'မြန်မာပြော ပါဠိပြော'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆရာတစ်ခါက ဆွေးနွေးခဲ့ဖူးပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ အယူအဆတစ်ခုရှိတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကားအားလုံးဟာ မာဂဓဘာသာက ဆင်းသက်တယ်။ မာဂဓဘာသာဟာ မူလဘာသာဖြစ်တယ်ဆိုတဲ့ အယူအဆပဲ"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီမှာ မူလဘာသာဆိုတာ မာဂဓဘာသာ၊ အဲ- ပါဠိဘာသာပေါ့။ အဲဒီ မာဂဓဘာသာကို ဆိုလိုတယ်ဆိုတဲ့ အယူအဆနဲ့ ပတ်သက်လို့တော့ ဝါဒကွဲတွေ ရှိပါတယ်။ ဒါပေမဲ့ မာဂဓဘာသာကို ဆိုလိုတယ်ဆိုတဲ့ အယူအဆကို လက်ကိုင်ထားပြီး မြန်မာစကားလုံးတွေရဲ့ ဇာစ်မြစ်ကိုကြံဆရာမှာ ပါဠိက ဆင်းသက်တဲ့စကားတွေအဖြစ် ပါဠိနဲ့ ဆက်စပ်ကြံဆတဲ့ အယူအဆတွေ ကုန်းဘောင်ခေတ်မှာ တော်တော်တွင်ကျယ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အထင်ရှားဆုံးကတော့ လေ့သင်းအတွင်းဝန် ဦးချိန်ပြုစုတဲ့ ဝေါဟာရလီနတ္ထဒီပနီကျမ်းပဲ"

"ကျွန်တော် နည်းနည်းပါးပါးတော့ ဖတ်ဖူးပါတယ် ဆရာ"

"အဲဒီကျမ်းမှာ အဓိပ္ပာယ်အသိခက်တဲ့ ဝေါဟာရတွေကို လေ့သင်းအတွင်းဝန်က ဖွင့်ဆိုထားတယ်။ ပါဠိကဆင်းသက်တဲ့ ပါဠိသက်စကားလုံးတွေကို အကိုးအထောက်တွေနဲ့ ဖော်ထုတ်ထားတာ အင်မတန် မှတ်သားစရာကောင်းပါတယ်ကွယ်။ သိပ်အဖိုးတန်ပါတယ်"

"ဟုတ်ကဲ့"

"အဲ...ဒါပေမဲ့ ပါဠိက ဆင်းသက်တာမဟုတ်တဲ့ မြန်မာစကားလုံး တော်တော်များများကိုလဲ ပါဠိက ဆင်းသက်တယ်ဆိုပြီး ဆက်စပ်ကြံဆထားတာတွေလဲ တော်တော်များတယ်ကွဲ့"

"ဘယ်လိုစကားလုံးတွေပါလဲ ဆရာ"

"ရေ၊ မြေ၊ နေ ဆိုတဲ့ စကားလုံးတွေဆိုရင် အရင်းခံကျတဲ့ အရာဝတ္ထုတွေကို ခေါ်တဲ့စကားတွေ မဟုတ်လား။ အဲဒီလို အရင်းခံစကားလုံးတွေကို ကိုယ့်ဘာသာစကားနဲ့ပဲ ခေါ်ကြမှာပေါ့ကွယ်။ ဒီတော့ ဒီစကားတွေကို မြန်မာစကားစစ်စစ်တွေလို့ မှတ်ယူနိုင်တာပေါ့။ ဒါပေမဲ့ အဲဒီစကားလုံးတွေကို ပါဠိက ဆင်းသက်တဲ့စကားလုံးတွေအဖြစ် အဲဒီကျမ်းမှာ ပြထားတယ်ကွဲ့"

"ဪ ၊ ဟုတ်ကဲ့"

"'ရေ' ကို ပါဠိလို 'ဝါရိ' လို့ခေါ်တယ် မဟုတ်လား။ အဲဒီကျမ်းမှာ 'ရေ'ဟာ 'ဝါရိ' ကဆင်းသက်တယ်လို့ ဆိုထားတယ်။ 'ဝါရိ' က 'ဝါ' လျော့ပြီး 'ရိ' ဖြစ်တယ်။ 'ရိ' ကမှ 'ရေ' ဖြစ်တယ်ပေါ့ကွယ်"

မရဘူးလေ။ တိုက်ဆိုင်ပြီး တူနေတာလဲ ဖြစ်နိုင်တာပေါ့။ ရယ်စရာပြောရရင် မြန်မာစကား 'ပေး' နဲ့ အင်္ဂလိပ်စကား 'pay'၊ မြန်မာစကား အဝေးနဲ့ အင်္ဂလိပ်စကား away၊ မြန်မာစကား 'နီး' နဲ့ အင်္ဂလိပ်စကား 'near' ဆိုတဲ့ စကားလုံးတွေ အသံတူနေတာပဲလေ။ အဲဒီလို အသံတူရုံနဲ့ မြန်မာစကားဟာ အင်္ဂလိပ်ဆီကယူတာလို့ ပြောလို့မရဘူး။ မြန်မာဆီက အင်္ဂလိပ်ကယူတာလို့လဲ ပြောလို့မရဘူးလေ"

"နားလည်ပါပြီ ဆရာ"

"နောက်ကျမ်းတစ်ကျမ်း ရှိသေးတယ်။ 'ဝေါဟာရ ဝိပ္ပလာသလက္ခဏ၊ ဒီပကကျမ်း'တဲ့။ ပုံမနှိပ်ဖြစ်လို့ လူသိတော့နည်းတယ်။ မြန်မာစာသမားတွေတော့ သိကြပါတယ်။ ရေးတဲ့ပုဂ္ဂိုလ်က ရဟန်းတစ်ပါးဖြစ်မယ်ထင်တယ်။ အဲဒီထဲမှာလဲ မြန်မာစာလုံးတွေကို ပါဠိက ဆင်းသက်တယ်ဆိုပြီး ကြံဆထားတာတွေပါတယ်။ ပါဠိစကား၊ အလက်ာ၊ ကနေပြီး မြန်မာစကား 'တန်ဆာ' ဖြစ်လာပုံ၊

> **"ဖြတ်ပြောရရင် အသံတူတာနဲ့ပဲ ဘာသာစကားတစ်ခုဆီက တစ်ခုကယူတယ်လို့ ပြောလို့မရဘူးလေ။ တိုက်ဆိုင်ပြီး တူနေတာလဲ ဖြစ်နိုင်တာပေါ့။ ရယ်စရာပြောရရင် မြန်မာစကား 'ပေး' နဲ့ အင်္ဂလိပ်စကား 'pay'၊ မြန်မာစကား အဝေးနဲ့ အင်္ဂလိပ်စကား away၊ မြန်မာစကား 'နီး' နဲ့ အင်္ဂလိပ်စကား 'near' ဆိုတဲ့ စကားလုံးတွေ အသံတူနေတာပဲလေ။ အဲဒီလို အသံတူရုံနဲ့ မြန်မာစကားဟာ အင်္ဂလိပ်ဆီကယူတာလို့ ပြောလို့မရဘူး။ မြန်မာဆီက အင်္ဂလိပ်ကယူတာလို့လဲ ပြောလို့မရဘူးလေ"**

"ဪ"

"အဲဒီလိုပဲ၊ 'နေ' ဆိုတဲ့ စကားလုံးဟာလဲ 'ဘာနု' ဆိုတဲ့ ပါဠိစကားက ဆင်းသက်တာတဲ့။ 'ဘာနု' က 'နု'၊ 'နု'က 'နေ' ဖြစ်တယ်ပေါ့။ 'မြေ'က လဲ 'မေဒနီ' ဆိုတဲ့ ပါဠိစကားက ဆင်းသက်တာပဲတဲ့။ 'မေဒနီ' က 'မေ' ဖြစ်၊ 'မေ'က 'မြေ' ဖြစ်တာပေါ့ကွယ်"

"ပါဠိဘက်ကို တော်တော်ဆွဲတာပဲနော်"

"အများကြီးပါပဲ။ 'သုနခေါ' ကနေပြီး 'ခွေး' ဖြစ် လာတယ်။ 'မက္ကဋ' ကနေပြီး 'မျောက်' ဖြစ်လာတယ် ဆိုတာမျိုးတွေလဲ ပါတယ်လေ"

"ဟုတ်ကဲ့ပါ"

"လေ့လာကြည့်ရင် ပါဠိနဲ့အသံတစ်သံတူတာနဲ့ပဲ ပါဠိကဆင်းသက်တဲ့ စကားလုံးဖြစ်မယ်လို့ ယူဆပုံရပါတယ်။ တကယ်တော့ အဲဒီလိုဆင်းသက်တယ်ဆိုတာ ခိုင်လုံတဲ့ အထောက်အထားရှိဖို့ လိုတာပေါ့။ ဆိုကြပါစို့။ 'ကုသိုလ်' ဆိုတဲ့ စကားဟာ 'ကုသလ' ဆိုတဲ့ ပါဠိကဆင်းသက်တယ်လို့ပြောရင် လက်မခံစရာ မရှိဘူးလေ။ 'ကုသလ' က 'ကုသိုလ်' ဖြစ်သွားတဲ့ သာဓကတွေ စာပေတွေထဲမှာ အထင်အရှားရှိတယ်။ အဲ 'သုနခေါ' ကနေ 'ခွေး' ကို ပြောင်းဖို့ဆိုတာက တော်တော်ဝေးတယ် မဟုတ်လား။ 'သုနခေါ' ကို 'ခေါ' လို့ သုံးရာက'ခွေး' ဖြစ်သွားတယ်လို့ ဆိုရအောင်၊ ခွေးကို 'ခေါ' လို့ ခေါ်တဲ့ အထောက်အထားရှိမှ မရှိတာလေ။ ဒါက မြင်သာအောင် ပြောတာပါ"

"ဟုတ်ကဲ့ပါ"

"ဖြတ်ပြောရရင် အသံတူတာနဲ့ပဲ ဘာသာစကားတစ်ခုဆီက တစ်ခုကယူတယ်လို့ ပြောလို့

ပါဠိစကား 'အာဒိ' ကနေပြီး မြန်မာစကား 'အစ' ဖြစ်လာပုံတွေကို ကြံဆပြထားတယ်။ တော်တော်ဝေးပါတယ်"

"ဟုတ်ကဲ့ပါ"

"ကိုလိုနီခေတ်မှာလဲ အဲဒီလိုကြံဆတာတွေ ရှိတယ်ကွဲ့။ အရင်းခံသဒ္ဒါစကားလုံးတွေဖြစ်တဲ့ 'ကြ'၊ 'ကုန်' ဆိုတဲ့ စကားတွေကိုတောင် ပါဠိက ဆင်းသက်သယောင် ကြံဆထားတာလေ။ 'ကြ' ဆိုတာ 'ဗဟုကရ' ဆိုတဲ့ ပါဠိက ဆင်းသက်တယ်၊ 'ကုန်' ဆိုတာ 'ဧကုန' ဆိုတဲ့ ပါဠိစကားက ဆင်းသက်တယ်ဆိုတာမျိုးတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကျမ်းနာမည်တွေတော့ မပြောတော့ပါဘူး။ အဲဒီလို အနက်ဖွင့်တာကို ဝိဂြိုဟ်ကျင်းတယ်လို့ သုံးတယ်။ ပါဠိကထာနဲ့ ဝိဂြိုဟ်ကျင်းတာပေါ့။ ဝိဂြိုဟ်ကျင်းပုံတစ်ခုကို ပြောပြမယ်။ 'သား'ဆိုတဲ့ မြန်မာစကားကို ဝိဂြိုဟ်ကျင်းတာလေ။ 'မာတာပီ တုနံ ဝစနံ သုဏာတီတိသား'တဲ့။ ဒါက ပါဠိလို။ အဲဒါကို နိဿယပြန်တော့၊ 'ယော ပုရိသော၊ အကြင်ယောကျာ်းသည်။ မာတာပီတုနံ၊ အမိအဖ တို့၏။ ဝစနံစကားကို။ သုဏာတိ၊ နာတတ်၏။ ဣတိတသ္မာ၊ ထိုသို့ အမိအဖ တို့၏ စကားကိုနာတတ်သော သတ္တိကြောင့်။ သောပုရိသော၊ ထိုယောကျာ်းသည်။ သား၊ သားမည်၏' တဲ့"

"ဪ"

"သုဏာတိ(နာတတ်၏) ဆိုတဲ့ ပါဠိစကားက 'သု'ကို ယူပြီး 'သု'ကနေပြီး 'သား' ဖြစ်လာပုံကို ကြံဆပြထားတာလေ"။ ။

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## နှလုံးခွဲစိတ်မှုခံယူပြီးနောက် နေထိုင်ကောင်းလာတယ်ဟု အာနိုးပြော

Terminator ရုပ်ရှင်တွေရဲ့ ကြယ်ပွင့်ကြီးဖြစ်တဲ့ အာနိုးရှဝပ်ဇင်နေဂါကတော့ နှလုံးခွဲစိတ်မှုပြုလုပ်ပြီးတဲ့နောက်ပိုင်း နေရထိုင်ရတာကောင်းတယ်လို့ သူ့ရဲ့ ပရိသတ်တွေကို ပြောပါတယ်။ အသက် ၇၃ နှစ်အရွယ် ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးဟောင်း အာနိုးဟာ နှလုံးအဆို့ရှင်အတွက် ခွဲစိတ်မှုပြုလုပ်ခဲ့ရတာနဲ့ ပတ်သက်ပြီး ရှင်းပြခဲ့ပါတယ်။

အာနိုးဟာ သူ့ရဲ့မွေးရာပါနှလုံးချို့ယွင်းမှုကြောင့် ၁၉၉၇ ခုနှစ်က အစားထိုးထားတဲ့အဆုတ်နဲ့ ဆက်စပ်တဲ့ အဆို့ရှင်ကို ၂၀၁၈ ခုနှစ်မှာ ထပ်မံလဲလှယ်ခဲ့ရပါတယ်။ အိုဟိုင်းယိုးပြည်နယ်က ကလဲဗားလန်း ဆေးခန်းမှ ဆရာဝန်တွေကို အာနိုးက ကျေးဇူးတင်ကြောင်း ဆိုရှယ်မီဒီယာကနေတစ်ဆင့် ပြောကြားခဲ့ပါတယ်။

အခုဆိုရင် ခွဲစိတ်မှုခံယူပြီးတဲ့နောက် ပြင်ပကရှုခင်းတွေကို ကြည့်ရှုခံစားခွင့် ပြန်ရနေပြီလို့ အာနိုးက ပြောပါတယ်။ ခွဲစိတ်မှုပြုလုပ်စဉ်အတွင်း အသက်ဆုံးရှုံးသွားနိုင်ကြောင်း အာနိုးက ပြီးခဲ့တဲ့မေလတွင်းမှာ ပြောကြားခဲ့ပါတယ်။

ဘွဲ့နှင်းသဘင် အခမ်းအနားအတွက် အွန်လိုင်းကနေ မိန့်ခွန်းပြောကြားရာမှာလည်း ဘဝမှာ ဘယ်လောက်ပဲအောင်မြင်နေစေကာမူ အတားအဆီးတွေကတော့ လမ်းကြောင်းပေါ်မှာရှိနေဆဲပဲလို့ အာနိုးက ပြောကြားခဲ့ပါတယ်။

**စကိုင်းနယူးစ်**



နှလုံးခွဲစိတ်မှုမှ ပြန်လည်ကျန်းမာလာပြီဖြစ်သည့် မင်းသားကြီး အာနိုး။

## သီချင်းတိုင်းဟာ ကမီလာကာဘယ်လိုအတွက် ရည်ရွယ်ပြီးရေးခဲ့တာပါလို့ ရှောင်မန်းဒက်စ် ပြော

အဆိုတော်ရှောင်မန်းဒက်စ်ရဲ့ မှတ်တမ်းရုပ်ရှင်သစ်ဖြစ်တဲ့ In Wonder ရဲ့ နမူနာကတော့ ထွက်ရှိလာပါပြီ။ အဲဒီမှတ်တမ်းရုပ်ရှင်မှာ ရှောင်မန်းဒက်စ်ရဲ့ လူမှုရေးရာဘဝနဲ့ အချစ်အကြောင်းတွေပါ ပါဝင်နေပါတယ်။

ရှောင်မန်းဒက်စ်နဲ့ ကမီလာကာဘယ်လိုတို့ တွဲလာကြတာ တစ်နှစ်ကျော်လာပြီပဲ ဖြစ်ပါတယ်။ ကမီလာအတွက် ရည်ရွယ်ပြီး သီချင်းဘယ်နှပုဒ်ရေးခဲ့သလဲ ဆိုတာနဲ့ ပတ်သက်ပြီးလည်း ဒီမှတ်တမ်းရုပ်ရှင်မှာ ဖြေကြားထားတာ ရှိပါတယ်။ ရှောင်မန်းဒက်စ်ကတော့ သူရေးခဲ့တဲ့ သီချင်းတိုင်းဟာ ကမီလာအတွက် ရည်ရွယ်ပြီးရေးခဲ့တာပါလို့ ဝန်ခံပြောကြားခဲ့ပါတယ်။

သူတို့မတွဲခင်က ရေးခဲ့တဲ့ သီချင်းတွေကတောင် ကမီလာအတွက်ပဲလို့ ပြောခဲ့ပါတယ်။ လက်ရှိမှာ Netflix မှာ ရှောင်မန်းဒက်စ်ရဲ့ မှတ်တမ်းရုပ်ရှင်ပြသဖို့ရှိပြီး နမူနာထွက်ရှိပြီးနောက် မကြာခင်မှာပဲ အခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။ မှတ်တမ်းရုပ်ရှင်နမူနာမှာတော့ ရှောင်မန်းဒက်စ်နဲ့ ကမီလာတို့ နှစ်ဦးစလုံးကို တွေ့ရှိရပါတယ်။

၂၀၁၉ ဇူလိုင်လကတည်းက ရှောင်မန်းဒက်စ်ဟာ အမေရိကန် ကျူးဘားအဆိုတော် ကမီလာနဲ့ တွဲခဲ့တာဖြစ်ပြီး သူတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းမှာ အငြင်းပွားစရာလေးတွေ ရှိနေခဲ့ပါတယ်။ လူသိများ ထင်ရှားဖို့အတွက် တွဲနေကြတာဆိုပြီး စွပ်စွဲမှုတွေ ရှိခဲ့ပေမယ့် မန်းဒက်စ်ကတော့ ဒါဟာ စတန့်ထွင်ပြီး တွဲတာမဟုတ်ဘူးလို့ အတိအကျပဲ ငြင်းဆိုခဲ့ပါတယ်။



အဆိုတော် ရှောင်မန်းဒက်စ်နှင့် ချစ်သူ ကမီလာကာဘယ်လို။

ခြူး

# ပြောင်းသီးနှံတွင် ဖောင်မြှောင်တောင် ကျရောက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ကာကွယ်နှိမ်နင်းခြင်း

ကျော်သက် (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

**အစေ့ထုတ်ပြောင်း (Zea mays L.) သည် တောင်သူ့ဝင်ငွေ နှစ်ဆတိုးစေရန်အတွက် အလားအလာကောင်းသော သီးနှံတစ်ခုဖြစ်ပြီး လူတို့စားသုံးရန်နှင့် တိရစ္ဆာန်စာ၊ ကျွဲ၊ နွားစာနှင့် စက်မှုကုန်ကြမ်းများအတွက် အရေးအကြီးဆုံး နှံစားသီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ပြောင်းသီးနှံသည် အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းအတွက် အာဟာရနှင့် စားနပ်ရိက္ခာ ဖူလုံစေရေးတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုတွင် ပါဝင်နေသည်။**

ပြောင်းသီးနှံတွင် ဖျက်ပိုးမျိုးစိတ်ပေါင်း ၂၀၀ ခန့် ကျရောက်ကြောင်း တွေ့ရှိရပြီး ဖျက်ပိုးများကို အမျိုးအစား ခွဲခြားရာတွင် -

(၁) ပင်စည်ထိုးပိုးများ (stalk borers/ stem borers)

(၂) စုပ်ယူစားသောက်၍ ဖျက်ဆီးသော ပိုးများ (Sucking insects)

(၃) အရွက်စားသော ဖျက်ပိုးများ (leaf feeders) ဟူ၍ ခွဲခြားထားပါသည်။

ယင်းဖျက်ပိုးများအနက်မှ ပြောင်းသီးနှံတွင် ဆိုးရွားစွာ ကျရောက်တတ်ပြီး အရွက်စားဖျက်ပိုး တစ်မျိုးဖြစ်သော ဖောင်မြှောင်တောင် (Fall Armyworm–FAW) (Spodoptera frugiperda) အကြောင်းကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။

### ဖောင်မြှောင်တောင် ပျံ့နှံ့ရွှေ့လျားခြင်း

ဖောင်မြှောင်တောင်သည် အမေရိက အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများတွင် စတင်ခဲ့ပြီး၊ ၁၇၉၇ ခုနှစ် ကတည်းက အမေရိကန်နိုင်ငံတွင် သီးနှံဖျက်ပိုးတစ်ခု အဖြစ် သိရှိခဲ့သည်။ ဖောင်မြှောင်တောင် ဖလံများသည် တစ်ညလျှင် ၁၀၀ ကီလိုမီတာ ပျံသန်းနိုင်ခြင်းကြောင့် နိုင်ငံအတော်များများကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ဖောင်မြှောင်တောင်သည် အာဖရိကနှင့် ကပ်လျက်တည်ရှိသည့် Yemen မှတစ်ဆင့် အာရှသို့ ၂၀၁၈ ခုနှစ်တွင် ဝင်ရောက်လာခဲ့ပြီး အိန္ဒိယနိုင်ငံ၌ ၂၀၁၈ ခုနှစ် မေလတွင်လည်းကောင်း၊ နိုင်ငံနယ်နိမိတ်ချင်း ထိစပ်နေသည့် သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနိုင်ငံတို့သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံသို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် နီပေါနိုင်ငံ၊ ၂၀၁၉ ခုနှစ်တွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် ပျံ့နှံ့ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

### လက်ခံပင်အမျိုးအစားများ

ဖောင်မြှောင်တောင်သည် သီးနှံဖျက်ပိုး တစ်မျိုးဖြစ်သည်။ ဖောင်မြှောင်တောင် နှစ်မျိုး ရှိပြီး၊ ပြောင်းနှင့် အခြားနှံစားသီးနှံတွင် ကျရောက်သော မျိုး ( Corn strain “C”) နှင့် စပါးနှင့် မြက်မျိုးနွယ်ဝင် အပင်များတွင် ကျရောက်တတ်သောမျိုး (Rice strain “R”) တို့ဖြစ်ကြသည်။ Corn strain “C” သည် နှံစား ပြောင်း၊ အစေ့ထုတ်ပြောင်းနှင့် ဝါသီးနှံတို့အဓိက စားသုံးပြီး Rice strain “R” စပါးနှင့် turf မြက်မျိုးများကို အဓိက စားသုံးကြသည် (Juarez et al. 2014, Nagoshi and Meagher 2016)။

### အမျိုးအစားခွဲခြားခြင်း


ဖောင်မြှောင်တောင် လောက်ကောင်သည် ကျောဘက်ပိုင်း အဆစ်တိုင်းတွင် အနက်ရောင် အစက်လေးစက်နှင့်တကွ မီးခိုးရောင်၊ သံလွင်ရောင်၊ သံရောင်၊ အစိမ်းရောင်ကလေး စတင်ထွက်လာသည်။ ၎င်း၏ ကျောဘက်တွင် အောက်ဘက်သို့ ဆင်းသွားသော အဝါနှစ်ရောင် အစင်းသုံးစင်းပါရှိသည်။ ဖောင်မြှောင်တောင်သည် အမြီးဘက်အဆုံး ကျောဘက်အဆစ်- ၈ တွင် လေးထောင့်ကျကျ အနက်ရောင်အစက် လေးစက်ပါရှိခြင်းဖြင့်လည်းကောင်း၊ ကျောဘက် အဆစ်- ၉တွင် စတုဂံ ပုံပြားပြားသဏ္ဌာန် ရှိခြင်းဖြင့်လည်းကောင်း၊ အခြားသော ငမြှောင်တောင်များနှင့် အလွယ်တကူ ခွဲခြားနိုင်သည်။ ဦးခေါင်း၌ မျက်လုံးများကြားတွင် သိသာထင်ရှားသော အဖြူရောင် “Y” ဇောက်ထိုးပုံ ရှိပါသည်။ ဖလံအထီးတွင် သိသာထင်ရှားသော အမှတ်အသား နှစ်ခုအဖြစ် ရှေ့တောင်ပံအလယ်တွင် သမင်ရောင် အစက်အပြောက်နှင့် ရှေ့တောင်ပံအနားထိပ်တွင် အဖြူရောင်အကွက်တစ်ကွက် ပါရှိသည်။ ဖလံအမ၏ ရှေ့တောင်ပံသည် အရောင်မှိန်၍ ဖျော့သည်။

### ဖောင်မြှောင်တောင်၏ ဘဝစက်ဝန်း

ဖောင်မြှောင်တောင် ဖလံအမတစ်ကောင်သည် ဥတစ်ထောင်ကျော်ကို တစ်လုံးချင်းသော်လည်းကောင်း၊ တစ်လုံးချင်းအစုလိုက်သော်လည်းကောင်း ဥဥလေ့ရှိပြီး ဥမြုံများကို အမွေးများဖြင့် ဖုံးအုပ်ထားသည်။ ဥမှ အကောင်ပေါက်ရန် လေးရက်မှ ခြောက်ရက်နီးပါးအထိ ကြာတတ်သည်။ ပေါက်ခါစ အကောင်ငယ်များသည် ပေါက်ဖွားသည့်နေရာမှ အပင်အရွက်နုများ၏ အောက်မျက်နှာပြင်ကို စားသောက်ရန် အုပ်စုလိုက် ပျံ့နှံ့သွားသည်။ ၁၄ ရက်မှ ၁၇ ရက်အတွင်းတွင် လောက်ကောင်ငယ်များ ကြီးထွားမှု အဆင့် ခြောက်ဆင့် တွေ့ရသည်။ ထို့နောက် ရုပ်ဖုံးပြုလုပ်ကြသည်။ ရုပ်ဖုံးသည် နီညိုရောင်ရှိပြီး အကောင်ကြီးထွက်လာရန် ခုနစ်ရက်မှ ရှစ်ရက်အထိ ကြာတတ်သည်။ အကောင်ကြီးသည် သုံးရက်မှ ခြောက်ရက်အထိ အသက်ရှင်နိုင်သည်။ စုစုပေါင်း ဘဝစက်ဝန်း ကြာချိန်မှာ ရက် ၃၀ မှ ၃၄ ရက်အထိ ဖြစ်ပါသည်။

### စစ်တမ်းကောက်ယူခြင်း

ဖောင်မြှောင်တောင် ဖျက်ဆီးမှု အပင်အနည်းငယ် တွေ့ရှိရုံမျှဖြင့် ဆေးဖျန်းရန် ညွှန်ကြားမှု မလိုအပ်ပါ။ ကာကွယ်နှိမ်နင်းမှုပြုလုပ်ရမည့် စီးပွားရေးအရ ထိခိုက်နိုင်သော အခြေအနေသည် သီးနှံသက်တမ်းအလိုက် မြင့်တက်လာသည်။ စီးပွားရေးအရ ထိခိုက်နိုင်သော ကာလအတွက် ကာကွယ်နှိမ်နင်းမှု ပြုလုပ်ရမည့် အခြေအနေကိုသိရှိရန် သီးနှံစိုက်ခင်း တစ်ကွင်းလုံးကို ကိုယ်စားပြုနိုင်သည့် လမ်းလျှောက်မှုပုံစံဖြင့် နမူနာပင်များကို သေချာလေ့လာ စစ်တမ်းကောက်ယူခြင်းဖြင့် သိရှိနိုင်သည်။



ဖောင်မြှောင်တောင်ဖျက်ပိုး၏ ဘဝစက်ဝန်း

### ဖျက်ဆီးမှု လက္ခဏာများ

အကောင်ပေါက်များသည် အရွက်နုများကို ရိုးတံချည်းကျန်အောင် ခြစ်စားကြပြီး ဖောက်ထွင်းမြင်နိုင်သော အလွှာဖြစ်သည်အထိ ဖျက်ဆီးစားသောက်ကြသည်။ နောက်ပိုင်းတွင် အရွက်ကတော့ အတွင်းသို့ ဝင်ရောက်ကြ၍ အရွက်များအကြား စားသောက်ဖျက်ဆီးသည်။ တတိယအဆင့် အကောင်ငယ်သည် အရွက်များကို ဖျက်ဆီးပြီး အရွက်ကတော့အတွင်း၌ မစင်အညစ်အကြေးများစွာကိုလည်း တွေ့ရသည်။ အပင်ပိုင်းကြီးထွားမှုအဆင့် ဖျက်ဆီးမှုသည် အရွက်ပျက်စီးမှု ဖြစ်စေသော်လည်း အသီးအနှံဖွံ့ဖြိုးမှုအဆင့်တွင် ဖြစ်ပေါ်ပါက ပြောင်းဖူးအမြိတ်များကို ထိခိုက်နိုင်သည်။ (သို့မဟုတ်) ပြောင်းဖူးထဲသို့ဝင်၍ ပြောင်းဖူးစေ့များကို စားသောက်ဖျက်ဆီးပစ်သည်။ ထို့ကြောင့် အရည်အသွေးရော အထွက်နှုန်းပါ ကျဆင်းစေသည်။

ပြောင်းသီးနှံတွင် ဖောင်မြှောင်တောင် ကျရောက်မှုအတွက် ဘက်စုံကာကွယ်နှိမ်နင်းမှုများ (Integrated Pest Management – IPM) အနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

### ကွင်းဆင်းစစ်ဆေးခြင်း

စောစောသိရှိပြီး စောစောနှိမ်နင်းခြင်းသည် ဖောင်ငမြှောင်တောင်၏ ဆောင်ပုဒ်တစ်ခု ဖြစ်သည်။ ငမြှောင်တောင်ကျရောက်မှု စောစီးစွာနှိမ်နင်း နိုင်ရန် ဖလံများ စတင်ရောက်ရှိလာပါက ဟော်မုန်းထောင်ချောက်များကို တစ်ဧကလျှင် လေးခု နှုန်းထားရှိ၍ ကြိုတင်စစ်တမ်းကောက်ယူထားရမည်။ တစ်နေ့လျှင် ဟော်မုန်းထောင်ချောက်တစ်ခုလျှင် ဖလံ တစ်ကောင်ဖမ်းမိပါက (သို့မဟုတ်) သီးနှံတွင် ၅ ရာခိုင်နှုန်း ပျက်စီးမှုတွေ့ရပါက ဥပေါက်နှုန်း လျော့ကျစေရန်၊ လောက်ကောင်ငယ်များ အစာစားလိုစိတ် လျော့ကျစေရန်၊ တိုက်ရိုက်သေစေရန်နှင့်ဥဥမည့်အမများ မလာရောက်စေရန်အတွက် ကနဦး ကာကွယ် နှိမ်နင်းမှုအဖြစ် ၅ ရာခိုင်နှုန်း တမာစေ့ကြိတ်ဖတ်စစ်ထုတ်ရည် (သို့မဟုတ်) Azadiractin , 1500 ppm (1 Lit/ac) ကို ၅ မီလီလီတာ/ လီတာနှုန်းဖြင့် ပက်ဖျန်းပေးရပါမည်။

### စိုက်ရေးပျိုးရေးဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများ

စိုက်ရေးပျိုးရေးဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများတွင် လယ်ယာထွန်ယက်ခြင်းအပြင် သီးညှပ်စိုက်ပျိုးခြင်း၊ ထောင်ချောက်သီးနှံစိုက်ပျိုးခြင်း၊ စိုက်ခင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မြေဩဇာများ အချိုးညီညီ အသုံးပြုခြင်းတို့ပါဝင်သည်။

ဖောင်မြှောင်တောင်များကို လက်နှင့်ကောက်ယူဖျက်ဆီးခြင်း၊ သဲနှင့် သဲခြောက်တို့ကဲ့သို့ ကြမ်းရှရှ ပစ္စည်းများ အသုံးပြုခြင်းနှင့် ဖလံအထီးအား ဆွဲဆောင်သော အင်းဆက်ဟော်မုန်း ထောင်ချောက်များ အသုံးပြုခြင်းတို့ ပါဝင်သည်။

သဘာဝ မိတ်ဆွေပိုးများကို ကာကွယ်ထိန်းသိမ်းခြင်း၊ ငှက်အိပ်တန်းများ ပြုလုပ်ထားရှိခြင်းများသည် ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းတွင် အကျုံးဝင်သည်။ ကပ်ပါးစားသောက်တတ်သည့် အင်းဆက်များ အများအပြား လွှတ်ပေးခြင်း၊ အပင်များမှ ထုတ်ယူရရှိသည့် ပိုးသတ်ဆေးများနှင့် မှိုသတ်ဆေးများ အသုံးပြုခြင်းတို့လည်း ပါဝင်ပါသည်။

ဓာတုနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းဆိုသည့် ထောက်ခံနှုန်းထားများအတိုင်း မျိုးစေ့ လူးနယ်ခြင်း၊ အရွက်ဖျန်းခြင်း၊ အစာအဆိပ်တုံးချခြင်းတို့ ပါဝင်ပါသည်။

### စိုက်နည်းစနစ်များဖြင့် ကာကွယ်ထိန်းချုပ်ခြင်း

သီးနှံဖျက်ပိုး ကာကွယ်နှိမ်နင်းခြင်းတွင် စိုက်နည်းစနစ်နှင့် ဂေဟဗေဒဆိုင်ရာ နည်းလမ်းများသည် သင့်လျော်ကောင်းမွန်သော လုပ်နည်းဓလေ့များ ဖြစ်သည့်အပြင် ကုန်ကျစရိတ်သက်သာခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးအတွက် လိုက်လျောညီထွေရှိခြင်းနှင့် တောင်သူများ ဝင်ငွေတိုးစေခြင်း စသည့်အကျိုးကျေးဇူးများ ပေးစွမ်းပါသည်။

### ထယ်ရေးမဲ့ စိုက်ပျိုးခြင်း

မြေမျက်နှာပြင်ပေါ်တွင် သီးနှံအကြွင်းအကျန်များ ကျန်ရှိခြင်းက ဖောင်မြှောင်တောင်၏ သဘာဝရန်သူများ နားခိုရန် အကူအညီဖြစ်စေပြီး ဖောင်မြှောင်တောင်၏ တိုက်ခိုက်စားသောက်ခြင်းနှင့် ကပ်ပါးပြုလုပ်ခြင်းတို့ ပိုမိုကောင်းမွန်လာစေသည်။ ပြောင်းဖူးသီးနှံကို ထယ်ရေးမဲ့ စိုက်ပျိုး၍ ပေါင်းမြက် မကြာခဏရှင်းပါက ဖောင်မြှောင်တောင် ကျရောက်မှုနည်းကြောင်း တွေ့ရှိရပြီး၊ ရွှေဖရုံသီးနှံနှင့် သီးညှပ်စိုက်ပျိုးခြင်းတွင် ဖောင်မြှောင်တောင် ကျရောက်မှု မြင့်မားစေကြောင်း တွေ့ရှိရသည်။

### ပဲမျိုးစုံနှင့် သီးညှပ်စိုက်ပျိုးခြင်း

ပဲမျိုးစုံသီးနှံများနှင့် သီးညှပ်စိုက်ပျိုးပါက မြေဆီဩဇာ ထက်သန်လာခြင်းနှင့်အတူ ပိုးဖျက်ဆီးမှုကို လျှော့ချနိုင်သည်။ ဖလံအမများ ဥဥခြင်းကို တားဆီးပေးခြင်း၊ အပင်များကြား ပိုးလောက်ကောင်များ လှုပ်ရှားမှု တားဆီးပေးခြင်း၊ သဘာဝ သားရဲကောင်များအတွက် နားခိုရာနေရာများ ရရှိစေခြင်းတို့ကြောင့် ပိုးမလာစေသော အနံ့ရှိသည့် Repellent အပင်များဖြစ်သော Tephro-siaandı Desmodium ပင်များနှင့် သီးညှပ်စိုက်ပျိုးပါကလည်း အရွယ်ရောက် အကောင်ကြီးအမများကို မလာစေရန် repel ပြုလုပ်ပြီး လက်ခံပင်များတွင် ဥဥခြင်းကို လျော့ကျစေကြောင်း Harrison နှင့် အပေါင်းပါများက ၂၀၁၉ ခုနှစ်တွင် ဖော်ထုတ်ခဲ့သည်။

### အကောင်းဆုံးပေါင်းမြက်နှိမ်နင်းနည်းများ

ပေါင်းမြက် မကြာခဏ ရှင်းလင်းပေးခြင်းသည် ဖောင်မြှောင်တောင်ဖျက်ဆီးမှုကို သိသာစွာ လျော့နည်းစေသည်။ Graminaceous ပေါင်းမြက်သည် ဖောင်မြှောင်တောင်အတွက် လက်ခံပင်အဖြစ် ထင်ရှားပြီး၊ ဖောင်မြှောင်တောင်ကို ဆွဲဆောင်သောကြောင့် Grami-naceous ပေါင်းမြက်များကို ကွင်းထဲတွင် စိုက်ပျိုးခြင်း၊ ပြောင်းပင်များနှင့် ရောနှောစိုက်ပျိုးခြင်းကို ရှောင်ကြဉ်ရန် အကြံပြုထားသည်။ သို့သော်လည်း ပိုးများကို ဆွဲဆောင်သော သီးနှံအဖြစ် ကွင်းဘေးပတ်လည်တွင် စိုက်ပျိုးနိုင်ကြောင်း ထောက်ခံထားသည်။ ဤသည်ပင် Push-pull technology ၏ နည်းလမ်းများမှ တစ်ခုဖြစ်ကြောင်း Kham နှင့် အပေါင်းပါများက ၁၉၉၇ ခုနှစ်တွင် ဖော်ထုတ်ထားသည်။

ဤနည်းလမ်းတွင် ပိုးများကို တွန်းထုတ်၊ နှင်ထုတ်သော ပဲမျိုးနွယ်ဝင် အပင်များဖြစ်သည့် Desmodium spp. သို့မဟုတ် Tephrosia plants အပင်များကို သီးညှပ်စိုက်ပျိုး၍ ကွင်းအပြင်ဘက်၌ ပိုးများကို ဆွဲခေါ်၊ ဆွဲဆောင်စေသည့် နေပီယာမြက် သို့မဟုတ် Brachi-ariaspp ပင်များကို စိုက်ပျိုးထားခြင်း နည်းပညာဖြစ်သည်။ ထို့ကြောင့် သီးညှပ်စိုက်ပျိုးထားသော ပဲမျိုးစုံသီးနှံမှ အနံ့ကြောင့် အဓိက စိုက်ပျိုးသီးနှံကို ပိုးဖျက်ဆီးခြင်းမှ ဟန့်တားမည်ဖြစ်သည့်အပြင် ဖျက်ပိုးများသည် အနံ့ဆွဲဆောင်မှုရှိသော ကွင်းအပြင်ဘက်သီးနှံဆီသို့ ပိုးများ ရွှေ့လျားသွားမည် ဖြစ်ပါသည်။

### ဖောင်မြှောင်တောင်အတွက် စစ်ဆေးမှု နည်းလမ်းများ

ဖောင်မြှောင်တောင်သည် ပြောင်းသီးနှံ၌ အဆင့်တိုင်းတွင် ကျရောက်သည်။ ပိုးသတ်ဆေး အသုံးပြုခြင်းသည် ဖောင်မြှောင်တောင် ကာကွယ်နှိမ်နင်းရာတွင် ထိရောက်မှုရှိသော်လည်း ပိုးသတ်ဆေးကို ခံနိုင်ရည်ရှိလာခြင်း၊ လူသားတို့၏ ကျန်းမာရေးကို ထိခိုက်မှုရှိခြင်း၊ မလိုလားအပ်သော သက်ရှိများကို အဆိပ်အတောက်ဖြစ်စေခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုရှိခြင်းစသည့် မကောင်းသော အကျိုး သက်ရောက်မှုများလည်းရှိသည်။ ခံနိုင်ရည်ရှိသော လက်ခံပင်ကို အခြေပြုထားသော နည်းစနစ်များသည် အကောင်းဆုံးနည်းစနစ်များ ဖြစ်သည်။

ပြောင်းသီးနှံတွင် ဖောင်မြှောင်တောင်ကျရောက်မှုကို ကာကွယ်ထိန်းချုပ်ရာတွင် နည်းလမ်းတစ်မျိုးတည်းကိုသာ အသုံးပြုနှိမ်နင်းခြင်းထက် ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် မစိုက်ပျိုးမီမှ ရိတ်သိမ်းပြီးနောက်အထိ အဆင့်တိုင်းတွင် စစ်တမ်းကောက်ယူခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်၍ စီးပွားရေးအရ ထိခိုက်နိုင်သော အဆင့်ရောက်မှသာ IPM လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရပါမည်။ IPM နည်းလမ်းများကို အသုံးပြုခြင်းနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးဖြစ်စေရေးအတွက် ဓာတုပိုးသတ်ဆေးများ အသုံးပြုမှုကို နောက်ဆုံးအဆင့်မှသာ အနည်းဆုံး လိုအပ်သည့် ပမာဏကို ထောက်ခံချက် ပေးထားသော အညွှန်းများအတိုင်း ပက်ဖျန်းရမည် ဖြစ်ပါသည်။ ဖောင်မြှောင်တောင်ကို IPM နည်းလမ်းများ ဖြင့် ကာကွယ်နှိမ်နင်းရာတွင် လူထုအခြေပြု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှသာ အောင်မြင်မှု ရှိလာမည် ဖြစ်ပါသည်။ ။

# ရန်ကုန်တွင် နွားနို့ထုတ်လုပ်နိုင်မှု လျော့ကျလာ၍ ဈေးနှုန်းများ မြင့်တက်နေ



အင်းစိန်မြို့နယ်မှ နွားနို့ဒိုင်တစ်ခုတွင် နွားနို့များရောင်းဝယ်နေစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီးအတွက် နေ့စဉ် နွားနို့များကို အဓိကထုတ်လုပ်ပေးနေသော အင်းစိန်နှင့် တာမွေမြို့နယ်ရှိ နွားနို့ဈေးကွက်နှစ်ခုမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နွားနို့ထုတ်လုပ်နိုင်မှု လျော့ကျလာသောကြောင့် ရန်ကုန် နွားနို့ဈေးကွက်အတွင်း နွားနို့ဝယ်လိုအားများလာပြီး ဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိကြောင်း အင်းစိန်မြို့နယ်ရှိ နွားနို့ဈေးကွက်မှ သိရသည်။

ပုံမှန်အားဖြင့် မိုးရာသီတွင် နွားနို့ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၈၀၀ ခန့်သာ ရှိတတ်သော်လည်း လက်ရှိအချိန်တွင် အင်းစိန်ဘူတာလမ်းနှင့် ဗဟိုလမ်း မီးပွိုင့်အနီးရှိ နွားနို့ဈေးကွက်၌ ဒိုင်ဈေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ နှုန်းဖြင့် ရောင်းချလျက်ရှိကာ နွားနို့ဈေးမြင့်လေ့ရှိသော နွေရာသီကာလကဲ့သို့ ဈေးမြင့်နေခြင်းဖြစ်သည်။ မိုးရာသီတွင် အစာရေစာပေါများ၍ နို့ထွက်ကောင်းသောကြောင့် ဒိုင်သို့ နွားနို့အဝင်များသည့်အတွက် ဈေးကျလေ့ရှိသော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးကွက်ထဲသို့ နွားနို့ပို့ဆောင်နိုင်မှု နည်းပါးပြီး နွားနို့ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် နွားနို့ဖြင့် စားသောက်ကုန်များထုတ်လုပ်ရာ၌ နွားနို့၏ အပူခာတ်၊ အဆီခာတ်နှင့် ရေခာတ်တို့ကို နွားနို့အရည်အသွေးတိုင်းတာသောစက်ဖြင့် စစ်ဆေးဝယ်ယူလေ့ရှိကြပြီး နွားနို့ အရည်အသွေးကို ၃၀ ဒီဂရီ၊ ကျွဲနို့ကို ၃၁ ဒီဂရီနှင့် ဆိတ်နို့ကို ၄၀ ဒီဂရီဟု သတ်မှတ်ထားကြောင်း၊ တီဘီရောဂါအတွက် ကောင်းမွန်သော ဆိတ်နို့များမှာ ယခုရက်ပိုင်းတွင် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ နှုန်းအထိ ဈေးမြင့်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် နို့စားနွားငါးမျိုးကို မွေးမြူလျက်ရှိပြီး ဖရေရှန်နို့စားနွားမှာ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီသောကြောင့် မွေးမြူသူအများဆုံးဖြစ်သည်။ နို့ထွက်နှုန်းကောင်းသော ပြင်သစ်နို့စားနွားမှာ တစ်ရက်လျှင် ၁၄ ပိဿာခန့်အထိ ထွက်ရှိသော်လည်း အသားအရေနူးညံ့၍ ရာသီဥတုဒဏ် မခံနိုင်သဖြင့် ရန်ကုန်မြို့တွင် မွေးမြူသူနည်းပါးသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကနေဒါ၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံတို့မှ နို့စားနွားမျိုးများကို အများဆုံးမွေးမြူထား၍ ရန်ကုန်တိုင်းဒေသကြီးအတွက် နွားနို့များ နေ့စဉ် ထုတ်လုပ်ကာ အင်းစိန်နှင့် တာမွေဒိုင်များမှတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိသည်။ အင်းစိန် နွားနို့ဒိုင်မှာ နံနက်ပိုင်းရောညနေပိုင်းပါ ရောင်းချပြီး တာမွေဒိုင်မှာ နံနက်ပိုင်းသာရောင်းချသည်။ လက်ရှိတွင် ရန်ကုန် နွားနို့ဈေးကွက်အတွင်း နွားနို့ထုတ်လုပ်နိုင်မှုနည်းပြီး စားသုံးမှုများ၍ ဈေးနှုန်းမြင့်တက်လျက်ရှိသလို လက်ရှိအခြေအနေအရ ဆောင်းရာသီတွင်လည်း ဈေးနှုန်းကျဖွယ်မရှိကြောင်း အင်းစိန်နွားနို့ဈေးကွက်မှ သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# အရည်အသွေးကောင်း ဈေးကွက်ဝင် မြန်မာ့ငှက်ပျောမျိုးများရရှိရန် သုတေသနပြုလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**
စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပင်ဇီဝနည်းပညာ သုတေသနဌာနစုရှိ သုတေသနပညာရှင်များအနေဖြင့် မျိုးထွန်းနည်းပညာနှင့် အပင်တစ်သျှူးမွေးမြူရေးတို့ကို ပူးတွဲအသုံးပြု၍ သီးနှံမျိုးသစ်များ သုတေသနပြု ရှာဖွေဖော်ထုတ်နေကြောင်း ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ဈေးကွက်ဝင် အရည်အသွေးကောင်း မြန်မာငှက်ပျောမျိုးဖြစ်သည့် ခွဲဝါငှက်ပျော မျိုးထွန်းလိုင်း သုတေသနကိုလည်း ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်း ဇီဝနည်းပညာ သုတေသနဌာနစု သုတေသနကွင်း၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စမ်းသပ်သုတေသနနှင့် စပ်လျဉ်း၍ စားသုံးမှုအရည်အသွေးကောင်းကာ ကြာရှည်အထားခံသည့် ဈေးကွက်ဝင် မြန်မာငှက်ပျောမျိုးများ ရရှိရန် ရည်ရွယ်၍ မျိုးထွန်းနည်းပညာနှင့် အပင်တစ်သျှူး နည်းပညာတို့ကို အသုံးပြု၍ ခွဲဝါငှက်ပျော မျိုးထွန်းလိုင်းများကို သုတေသနပြု ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ဇီဝနည်းပညာ သုတေသနဌာနစု တာဝန်ခံ ဒေါ်သက်သက်ဦးထံမှ သိရသည်။



သုတေသနပြုနေသည့် အရည်အသွေးကောင်း မြန်မာငှက်ပျောမျိုးများ

မြန်မာငှက်ပျောမျိုးများသည် စားသုံးမှုအရသာကောင်းသော်လည်း တာရှည်အထားမခံခြင်း၊ ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်မရှိခြင်း၊ အသီးအထွက်နှုန်းနည်းခြင်းနှင့် သယ်ယူပို့ဆောင်သည့်အခါ ထိခိုက်မှုများခြင်းတို့ကြောင့် ဈေးကွက်အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိသဖြင့် ဇီဝနည်းပညာ သုတေသနပညာရှင်များအနေဖြင့် ငှက်ပျောစိုက်ပျိုးတောင်သူများအတွက် လိုအပ်ချက်ဖြစ်သော ဈေးကွက်ဝင် အရည်အသွေးကောင်း ငှက်ပျောမျိုးများကို သုတေသနပြု၍ တစ်သျှူးနည်းပညာဖြင့် အမြောက်အမြားမွေးမြူထုတ်လုပ်ကာ တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ယခုလို သုတေသနများ ပြုလုပ်နေခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောကြားသည်။

ဇီဝနည်းပညာ သုတေသနဌာနစုမှ သုတေသနပညာရှင်များအနေဖြင့် ယခုနှစ် မိုးရာသီတွင် ခွဲဝါငှက်ပျော မျိုးထွန်းလိုင်းများကို မိဘမျိုးလိုင်းများနှင့် နှိုင်းယှဉ်ရွေးချယ်၍ ငှက်ပျောမျိုးသစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်ဖြင့်စိုက်ပျိုးသည့် မိုးစပါး ၆၀၄ဧက အောင်မြင် ဖြစ်ထွန်းနေ

**ညောင်ဦး အောက်တိုဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်မှပေးလွှတ်သော လျှပ်စစ်မြစ်ရေတင်ရေဖြင့် မိုးစပါး ၆၀၄ဧက စိုက်ပျိုးပြီးစီးအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း ငါ့သရောက်လျှပ်စစ်မြစ်ရေတင် တာဝန်ခံ ဦးအောင်အောင် (ဦးစီးအရာရှိ)က ပြောသည်။

ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဩဂုတ်လတွင် စတင်ပျိုးထောင်ခဲ့ကြောင်း၊ ပျိုးထောင်ပြီး ၂၁ရက်သား ပျိုးပင်များအား လယ်ကွင်းအတွင်း ပြောင်းရွှေ့စိုက်ပျိုးကြကြောင်း သိရသည်။ ငါ့သရောက်မြစ်ရေတင်ဖြင့် ဆင်းသုခ၊ မနောသုခစပါးမျိုးတို့ တောင်သူများ စိုက်ပျိုးကြကြောင်း၊ ငါ့သရောက်မြစ်ရေတင်ဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းစနစ်လည်းစိုက်ပျိုးကြကြောင်း၊ တိုက်ရိုက်စပါးအစေ့ချစိုက်ပျိုးခြင်းသည် ပျိုးထောင်စိုက်ပျိုးခြင်းထက် အထွက်နှုန်းလျော့သော်လည်း စရိတ်စက၊ လုပ်ပန်းမှု အလွန်သက်သာကြောင်း၊ မြစ်ရေဖြင့်စိုက်ပျိုးရခြင်းကြောင့် စပါးခင်းများ ကောင်းမွန်ကြကာ မရမှာလည်းမစိုးရိမ်ရကြောင်း အုန္နဲကျောင်းရွာ စပါးစိုက်တောင်သူ ဦးဌေးက ရှင်းပြသည်။ မြစ်ရေတင်ဖြင့်စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်း စရိတ်ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ပေးသွင်းရကြောင်း သိရသည်။ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင်ရေသွင်းရကြောင်း တစ်ဧကသွင်းဈေးလည်းတန်လွန်းကြောင်း မိုးစပါးစိုက် တောင်သူများကရှင်းပြသည်။မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧကကောက်စိုက်သမစိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ ဖြင့် စိုက်ဧက ပြတ်စိုက်ပျိုးလာကြကြောင်း မိုးစပါးစိုက်တောင်သူ ဦးဌေးက ပြောသည်။

ငါ့သရောက်မြစ်ရေတင်ရေသည် သောက်သုံးရေအတွက်လည်း ကျေးရွာသုံးရွာအား ရေလွှတ်ပေးထားကြောင်း၊ ညောင်ဦးမြို့နယ်တွင် လက်ပံခြေပေါ်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင် လျှပ်စစ်မြစ်ရေတင်ငါးခုရှိကြောင်း၊ ငါ့သရောက်မြစ်ရေတင် တာဝန်ခံ ဦးအောင်အောင်(ဦးစီးအရာရှိ)က ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



# တီးတိန်ပိုးချည်စက်ရုံ၌ နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်မည့် ခေတ်မီပိုးချည်စက်သစ် ဖွင့်လှစ်

**တီးတိန် အောက်တိုဘာ ၂၅**
ချင်းပြည်နယ် တီးတိန်မြို့ရှိ တီးတိန်ပိုးချည်စက်ရုံ၌ ခေတ်မီ ပိုးချည်စက်သစ် ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က တီးတိန်မြို့ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၌ ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါးလ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဦးတို့က ပိုးချည်စက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆလိုင်းဒယ်နီရယ်ထွန်းတင်က ခေတ်မီ ပိုးချည်စက်သစ် ဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဝန်ကြီးနှင့် တာဝန်ရှိသူများက စက်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ တီးတိန်ပိုးချည်စက်ရုံ၌ အဆိုပါ ပိုးချည်စက်သစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော်နှင့် ဝယ်ယူကာ ခေတ်ကာလနှင့် လျော်ညီသည့် အရည်အသွေးမြင့် ပိုးချည်များထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ရည်ရွယ်ကြောင်း၊ ရစ်တိုင် ၄၀ ပါသော ခေတ်မီ ပိုးချည်စက်ဖြစ်ပြီး ထွက်ရှိလာသော ပိုးချည်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်၍ ဒေသခံ ပိုးစာပင်စိုက်ပျိုးသူများနှင့် ပိုးမွေးမြူသည့် တောင်သူများ၏ လူနေမှုဘဝကို မြင့်မားစေမည်ဖြစ်သလို ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**



စစ်ကိုင်းခရိုင်အတွင်းမှ နွေစပါးစိုက်ပျိုးထားသော လယ်မြေများ

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၃၇၅၀၀၀ စိုက်ပျိုးသွားရန် လျာထား

**မုံရွာ အောက်တိုဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နွေသီးနှံစိုက်ရာသီအတွင်း နွေစပါး ဧက ၃၇၅၀၀၀ ကို စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခရိုင်အလိုက် စိုက်ပျိုးရန် လျာထားမှုမှာ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ၁၀၁၂၇ ဧက၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ဧက ၅၀၀၀၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ဧက ၃၃၆၀၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ခြောက်ခုနှင့် မြို့တစ်မြို့တွင် ၂၆၉၃၂၉ ဧက၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် ဧက ၃၃၀၀၀၊ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်ခုတွင် ဧက ၃၀၀၀၀၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ဧက ၃၇၀၀၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် ၉၂၇၅ ဧက၊ တမူးခရိုင်အတွင်းရှိ မြို့နယ်တစ်ခုနှင့် မြို့နယ်ခွဲနှစ်ခုတွင် ဧက ၅၀၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် ၁၁၁၅၉ ဧက ဖြစ်သည်။

"နွေစပါးကို အဓိကအားထားစိုက်ရတဲ့ သဖန်းဆိပ်ဆည်ရေက ပြီးခဲ့တဲ့နှစ်က ရေဝင်ရောက်မှု နည်းခဲ့တဲ့အတွက် ဧက ၆၀၀၀၀ ကျော်လောက်ပဲ စိုက်နိုင်ခဲ့တယ်၊ အခုနှစ် နွေစပါးစိုက်ရာသီမှာတော့ ရှိတဲ့ဆည်ရေကို အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် ဆည်မြောင်းနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ တင်မာမာဦးက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ နွေစပါးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ဧက ၃၆၉၄၉၀ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ၆၂၉၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်ခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံ

**ပြည် အောက်တိုဘာ ၂၅**

ပြည်ခရိုင်အတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အောက်တိုဘာ ၂၄ ရက်တွင် ပြည်မြို့ သီရိခေတ္တရာရာဇာနာ မြို့တော်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင် ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိတို့လိုလားသည့် အစိုးရတစ်ရပ်ကို လွတ်လပ်စွာ ရွေးချယ်မဲပေးနိုင်ရေး အလွန်အရေးကြီးကြောင်း၊ မဲရုံအပြင်တွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရေးအတွက် လိုက်နာဆောင်ရွက်သွားရမည့် အချက်အလက်များကို အသိပေးဆိုင်းဘုတ်များ စိုက်ထူထားရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအလိုက် လိုအပ်ချက်များ တင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်က ပြည်သူများ မဲပေးရာတွင် ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ညွှန့်က ခရိုင်အတွင်းရှိ မဲရုံများ၏ အခြေအနေ၊ ယာယီမဲရုံဆောက်လုပ်ရန် အခြေအနေ၊ မဲရုံသုံးပစ္စည်းများရရှိမှု အခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ အခြေအနေ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား သင်တန်းပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။


အတည်ပြုလူနာများ ထားရှိကုသနေသည့် ဆေးရုံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သွားရောက်ကြည့်ရှုစဉ်။

ထို့နောက် ပြည်ခရိုင်အတွင်းရှိ ပြည်၊ ပန်းတောင်း၊ ရွှေတောင်၊ ပေါင်းတည်၊ သဲကုန်း၊ ပေါက်ခေါင်းမြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အခက်အခဲများ၊ လျှပ်စစ်မီးမရရှိသည့် မဲရုံများတွင် မီးရအောင် ဆောင်ရွက်ထားမှု အခြေအနေများ၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့် မဲရုံများအလိုက် လိုအပ်ချက်များကို တင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ခရိုင်အတွင်း မဲဆန္ဒရှင်ဦးရေ ၇၂၇၁၁၂ ဦးရှိပြီး နိုင်ငံရေးပါတီ ရှစ်ခုမှ ကိုယ်စားလှယ်ပေါင်း ၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံပေါင်း ၉၉၅ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကာ ဝန်ထမ်းအင်အားအနေဖြင့် မဲရုံ ပရိဝုဏ်အတွင်း၌ ပညာရေးဝန်ထမ်းနှင့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်း ၁၂၃၅၃ ဦး၊ မဲရုံပြင်ပ၌ ပညာရေး၊ ကျန်းမာရေး၊ Volunteer၊ အုပ်ချုပ်ရေးနှင့် ထွေ/အုပ်ဝန်ထမ်း ၄၉၇၅ ဦး၊ လုံခြုံရေးအတွက် အထူးရဲအင်အား ၉၉၅ ဦးကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ငွမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**စစ်တွေ အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အောက်တိုဘာ ၂၄ ရက်တွင် ငွမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်ချွန်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဒေသ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီးနောက် သီရိရတနာဘုန်းတော်ကြီးကျောင်း၌ ဓမ္မာရုံ မျက်နှာကျက်ပြုလုပ်ရန် ကျပ်သိန်း ၂၀၊ တာလောင်ကြီးကျေးရွာ အစွန်ကုန်းဘုန်းတော်ကြီးကျောင်း၌ သိမ်ဆောက်လုပ်ရန် ကျပ် ၁၀ သိန်းနှင့် တောင်ပေါက်ရွာလယ်ဘုရားကျောင်း မျက်နှာကြက်ပြုလုပ်ရန် ကျပ်သိန်း ၂၀ တို့ကို လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရွှေရချိုင်ကျေးရွာ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးကြကာ ပြည်နယ်အစိုးရက ရွှေရချိုင်ကျေးရွာ ရွာဦးကျောင်းဟောင်း ပြုပြင်ရန် ကျပ် ၁၀ သိန်း၊ ရွှေရချိုင်တောင်ပေါ်ကျောင်း၌ ညဘုရားပလ္လင် တည်ဆောက်ရန် ကျပ် ၁၀ သိန်း၊ သင်ပေါင်းတောကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆွမ်းစားဆောင် ဆောက်လုပ်ရန် ကျပ် ၁၀ သိန်းနှင့် ဒွဲချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဘုရားခန်းတိုးချဲ့ဆောင် ဆောက်လုပ်ရန် ကျပ် ၁၀ သိန်းတို့ကို လှူဒါန်းခဲ့သည်။



ဆက်လက်၍ မကျေးငူကျေးရွာ၌ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးကာ မကျေးငူကျေးရွာ၌ ဓမ္မရက္ခိတကျောင်းဆောင် ဆောက်လုပ်ရန် ကျပ် ၁၀ သိန်း၊ မကျေးငူကျေးရွာ တောင်ပေါ်ဘုန်းတော်ကြီးကျောင်း သွပ်မိုးရန် ကျပ် ၁၀ သိန်းနှင့် မကျေးငူကျေးရွာ ကိုယ်ထူကိုယ်ထ မူကြိုကျောင်းတွင် လျှပ်စစ်မီတာတပ်ဆင်ရန် ကျပ်နှစ်သိန်းတို့ကို လှူဒါန်းထောက်ပံ့ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မကျေးငူကျေးရွာ၌ တံတားတည်ဆောက်ရေး(၂) တံတားအထူးအဖွဲ့(၈)က တာဝန်ယူ တည်ဆောက်နေသည့် ငွမြို့နှင့် မကျေးငူကျေးရွာကြား ဆက်သွယ်မည့် ငွချောင်းကူးတံတား တည်ဆောက်ရေး စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ (ဝဲပုံ)

**တင်ထွန်း(ပြန်/ဆက်)**

# ဒီးမော့ဆိုမြို့နယ်အတွင်းမှ ဘာသာရေးလိုအပ်ချက်များနှင့် ကျေးရွာအားကစားကွင်းများအတွက် ထောက်ပံ့ငွေပေးအပ်

**ဒီးမော့ဆို အောက်တိုဘာ ၂၅**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာ ၂၄ ရွာ၌ ဘာသာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်နှင့် ကျေးရွာအားကစားကွင်းများ ဖော်ဆောင်နိုင်ရန်အတွက် ထောက်ပံ့ငွေ ကျပ် ၉၄၁၂၅၀၀၀ ကို အောက်တိုဘာ ၂၃ ရက်က ထောက်ပံ့ပေးခဲ့သည်။

ခေတ္တ ပြည်နယ်ဝန်ကြီးချုပ် ဦးဘော့စ်ကို ဦးဆောင်၍ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ခေတ္တ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ ဘာသာရေးဆိုင်ရာ လိုအပ်ချက်၊ ပြည်သူများ၏ တင်ပြချက်များအပေါ် အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၄ ရွာမှ ဘာသာရေးဆိုင်ရာ လိုအပ်ချက်များအပြင် ကျေးရွာများ၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာအဆင့် အားကစားကွင်းများ ဖော်ဆောင်နိုင်ရန် ထောက်ပံ့ငွေများပေးအပ်ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ငွေများပေးအပ်ရာတွင် တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ပေးအပ်ခြင်းဖြစ်၍ ပြီးပြည့်စုံမည်မဟုတ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြရန်ရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ စာဖြင့် တင်ပြဆွေးနွေးနိုင်ကြောင်း ပြောကြားခဲ့သည်။

**ရီရယ်(ဒီးမော့ဆို)**


ခေတ္တပြည်နယ်ဝန်ကြီးချုပ်က ဘာသာရေးဆိုင်ရာထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ကျောင်းကုန်းမြို့၌ ဒါးကမြစ်ကူးတံတားတည်ဆောက်ရန် နေရာရွေးချယ် အတည်ပြု

**ကျောင်းကုန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ဒါးကမြစ်ကူးတံတား တည်ဆောက်ရန် တိုင်းဒေသကြီး လမ်းဦးစီးဌာနက အဆိုပြုထားသည့် တံတားနေရာနှစ်ခုအနက် တစ်ခုကို မြို့မိမြို့ဖများ၏ သဘောတူညီမှုအရ အောက်တိုဘာ ၂၄ ရက်က ရွေးချယ်အတည်ပြုခဲ့သည်။

ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ပြုလုပ်သည့် ဒါးကမြစ်ကူးတံတား နေရာရွေးချယ်ရန် ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့မမြို့ဖများ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးက တံတားဆောက်လုပ်မည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်က တံတားဒီဇိုင်းထုတ်ချိန်တွင် မြေနေရာအတွက်ပါ ထည့်သွင်းစဉ်းစားရကြောင်း၊ ယခုအဆိုပြုသည့် နေရာနှစ်ခုမှာ သင့်တင့်သော ကုန်ကျစရိတ်အနည်းဆုံးဖြစ်သည့် ဒီဇိုင်းနှင့် နေရာကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလွင်က တံတားတည်ဆောက်ရာတွင် မြစ်ကြောင်းအတွင်း ရေယာဉ်သွားလာမှု အနေအထားအရ ပုံမှန်တံတားနှင့် ကျောက်တင် သဲတင် ယာဉ်များအတွက် မတင်တံတား ပုံစံနှစ်မျိုးဖြင့် တံတားအူကြောင်း(၁)နှင့် (၂)ကို ပရိုဂျက်တာဖြင့် တင်ပြခဲ့သည်။ ထို့နောက် တံတားတည်ဆောက်ရန် အဆိုပြုနေရာ နှစ်ခုအနက် မြို့မိမြို့ဖများ၏ သဘောတူညီချက်အရ တံတားအူကြောင်း အမှတ်(၁)ကို ရွေးချယ်ခဲ့ကြပြီး အဆိုပါတံတားအတွက် ရေလမ်းကင်းလွတ်အကျယ် ပေ ၆၀ နှစ်ခန်း ထားပေးမည်ဖြစ်ကြောင်း၊ တံတားပုံစံကို အမြန်ဆုံး ရေးဆွဲ၍ လာမည့်နှစ်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ယခုဘဏ္ဍာနှစ်တွင် တံတားအတွက် ကျပ်သိန်း ၃၀၀၀ ရရှိထားပြီးဖြစ်ကာ ဆက်လက် တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

ဒါးကမြစ်သည် ကျောင်းကုန်းမြို့အလယ်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြစ်၏အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းသည် ဖွံ့ဖြိုးတိုးတက်မှု ကွာခြားကာ လက်ရှိတွင် တံတားတစ်စင်းရှိသော်လည်း အနောက်ဘက်ကမ်းသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့တွင် နောက်ကျလျက်ရှိကြောင်း၊ တံတားတည်ဆောက်ပြီးသွားပါက ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချနိုင်မည်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပုဂံမြို့တွင် ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

**ပုဂံ အောက်တိုဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)က စီစဉ်ဖွင့်လှစ်သည့် Hotel Guest List Management System (HGLMS)သင်တန်းကို ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲ၌ အွန်လိုင်းစနစ်ဖြင့် အောက်တိုဘာ ၂၄ ရက်က ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ပုဂံရုံးခွဲမှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က(HGLMS)စနစ်ကို ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် အသုံးပြုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများအား စဉ်ဆက်မပြတ်ဆက်လက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်း ဒေသများရှိ ဟိုတယ်၊ တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖေလိန်း(ပုဂံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွန်ပြည်နယ်
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ မွန်ပြည်နယ်အတွင်း အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များအိတ်ဖွင့်တင်ဒါထည့်သွင်းနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | မွန်ပြည်နယ် | အားကစားပဒေသာဥယျာဉ်ခြံခြံစည်းရိုးကာရံခြင်း၊ မြေဧရိယာရှင်းလင်းခြင်း။ |
| (ခ) | သထုံခရိုင် | (ကျိုက်ထို၊သထုံ၊ပေါင်)ဖူဆယ်အားကစားကွင်း တည်ဆောက်ခြင်း။ |
| (ဂ) | မော်လမြိုင်ခရိုင် | (ကျိုက်မရော၊ချောင်းဆုံ၊မုဒုံ၊ရေး)ဖူဆယ်အားကစားကွင်း တည်ဆောက်ခြင်း၊ |
| (ဃ) | မုဒုံမြို့နယ် | ပွဲကြည့်စင်တည်ဆောက်ခြင်း(၁၂၀ပေx၂၉ပေ)နှင့် လမ်းခင်းခြင်းလုပ်ငန်း။ |
| (င) | ချောင်းဆုံမြို့နယ် | မီတာ(၄၀၀)ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ |
| (စ) | ချောင်းဆုံမြို့နယ် | အားကစားကွင်း အုတ်တံတိုင်းကာရံခြင်းနှင့်ဂိတ်တံခါး တည်ဆောက်ခြင်းလုပ်ငန်း။ |
| (ဆ) | မွန်ပြည်နယ် | (၅)ခန်းတွဲRC(၂)ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း။ (၈၀ပေx၄၅ပေ) |
| (ဇ) | မုဒုံမြို့နယ် | အားကစားမှူးနေအိမ်+ဝန်ထမ်းအိမ်ရာRC(၂)ထပ် (၂၀ပေx၄၀ပေ)တည်ဆောက်ခြင်း။(အတွင်း/အပြင် ရေမြောင်း၊ Apron & Drainပါ) |
| (ဈ) | ကျိုက်မရောမြို့နယ် | အားကစားမှူးရုံး+နေအိမ်(၄၀ပေx၂၀ပေ)RC(၂)ထပ် တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊ Apron & Drainပါ) |
| (ည) | ကျိုက်ထိုမြို့နယ် | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာRC(၁)ထပ်(၇၂ပေx၄၀ပေ) တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊ Apron & Drainပါ) |
| (ဋ) | ဘီးလင်းမြို့နယ် | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာRC(၁)ထပ်(၇၂ပေx၄၀ပေ) တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊Apron & Drainပါ) |
| (ဌ) | ပေါင်မြို့နယ် | အားကစားမှူးရုံး+နေအိမ်(၄၀ ပေx၂၀ပေ)RC(၂)ထပ် တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊Apron & Drainပါ) |
| (ဍ) | ကျိုက်မရောမြို့နယ် | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာRC(၁)ထပ်(၇၂ပေx၄၀ပေ) တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊ Apron & Drainပါ) |
| (ဎ) | ချောင်းဆုံမြို့နယ် | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာRC(၁)ထပ်(၇၂ပေx၄၀ပေ) တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊ Apron & Drainပါ) |
| (ဏ) | ရေးမြို့နယ် | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာRC(၁)ထပ်(၇၂ပေx၄၀ပေ) တည်ဆောက်ခြင်း။(အတွင်း/အပြင်ရေမြောင်း၊ Apron & Drainပါ) |
| (တ) | သထုံမြို့နယ် | ခရိုင်နှင့်မြို့နယ်ရုံးRC(၂)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်း။ (၃၀ပေx၄၀ပေ) |
| (ထ) | ကျိုက်ထိုမြို့နယ် | ခြင်းလုံးရုံတည်ဆောက်ခြင်း။(၃၀ပေx၃၅ပေ) |
| (ဒ) | သိမ်ဇရပ်မြို့ | ခြင်းလုံးရုံတည်ဆောက်ခြင်း။(၃၀ပေx၃၅ပေ) |
| (ဓ) | သိမ်ဇရပ်မြို့ | GYMအားကစားခန်းမတည်ဆောက်ခြင်း။(၄၀ပေx၆၀ပေ) |
| (န) | သံဖြူဇရပ်မြို့ | GYMအားကစားခန်းမတည်ဆောက်ခြင်း။(၄၀ပေx၆၀ပေ) |
| (ပ) | မွန်ပြည်နယ် | ဘိလိယက်ရုံအတွက်ဘိလိယက်ခုံဝယ်ယူခြင်း။ |
| (ဖ) | သထုံခရိုင် | ဘောလုံးကွင်းရှေ့ကွန်ကရစ်ခင်းခြင်းလုပ်ငန်း။ (၁၆၀ပေx၁၀၀ပေ) |
| (ဗ) | ကျိုက်ထိုမြို့နယ် | ဖက္ကလိပ်အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း (၁၂၆ပေx၁၈ပေ) |
| (ဘ) | ဘီးလင်းမြို့နယ် | 50KVAထရန်စဖော်မာတည်ဆောက်ခြင်း။ |
| (မ) | သထုံမြို့နယ် | ရုံးခြံစည်းရိုးကာရံခြင်း |
| (ယ) | ပေါင်မြို့နယ် | အားကစားကွင်းအဝင်ဝမှပွဲကြည့်စင်အထိ ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း။(၆၃၀ပေx၁၅ပေx၆လက်မ) အသစ် |
| (ရ) | ကျိုက်မရောမြို့နယ် | အားကစားကွင်းအဝင်ကွန်ကရစ်လမ်းခင်းခြင်း။ (၇၅၀ပေx၁၂ပေ) |
| (လ) | သံဖြူဇရပ်မြို့နယ် | အားကစားကွင်းအဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်း။ (၇၀၀ပေx၁၆ပေ)အသစ် |
| (ဝ) | မော်လမြိုင်ခရိုင် နှင့်သထုံခရိုင် | GYMပစ္စည်းများဝယ်ယူခြင်းလုပ်ငန်း။ |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၁၁-၂၀၂၀(၁၆:၀၀)နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရာမညအားကစားပြိုင်ဝင်း၊ မော်လမြိုင်မြို့
၅။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၅၇-၂၄၈၃၂၊၂၄၉၆၅( မွန်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန)

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ AKARI CHO CONSTRUCTION COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း ၅၅၀ မှ ကျပ်သိန်း ၁၀၀သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**AKARI CHO CONSTRUCTION COMPANY LIMITED**

## အစည်းအဝေးအကြောင်းကြားစာ

Nay Gabar Myanmar Construction Co.,Ltd. သည် မတည်ငွေရင်းလျှော့ချခြင်းအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ပုဒ်မ ၁၁၆ (င)(၂)အရ မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့်အများသိစေရန် အကြောင်းကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၇-၁၀-၂၀၂၀
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀:၃၀
**အစည်းအဝေးကျင်းပမည့်နေရာ** - ကုမ္ပဏီရုံးခန်း




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မြန်မာ့စီးပွားရေးဘဏ်(ပဲခူးတိုင်းဒေသကြီးရုံး)
## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးတိုင်းဒေသကြီးရုံးလက်အောက်ခံ ရွှေကျင်မြို့နယ်ဘဏ်ခွဲတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ(ပြည်ထောင်စု)ဖြင့် ဘဏ်ခွဲအဆောက်အဦသစ် (၆၀ပေx၄၀ပေ) RC(၁)ထပ် ဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ခြံစည်းရိုးအုတ်တံတိုင်း(၅၅၂ပေx၈ပေ)ကာရံခြင်းနှင့် ဘဏ်အဆောက်အအုံဟောင်း ဖြိုဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဈေးပြိုင်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာ** ရောင်းချမည့်ရက် - ၂၈-၁၀-၂၀၂၀ ရက်မှ ၆-၁၁-၂၀၂၀ ရက်ထိ ရုံးဖွင့်ရက် နံနက် ၉:၀၀ နာရီ ညနေ ၄:၀၀ နာရီထိ
တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၂၀-၁၁-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ
တင်ဒါလျှောက်လွှာဝယ်ယူ တင်သွင်းရမည့်နေရာ - မြန်မာ့စီးပွားရေးဘဏ် (တိုင်းဒေသကြီးရုံး) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့် တင်ဒါဖွင့်လှစ်မည့်နေရာအား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို မရှင်းလင်း၍ သိရှိလိုပါက မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၀၀၂၄၆၊ ၀၅၂-၂၂၂၂၆၈ သို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုသင်တန်းကျောင်း၊နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုသင်တန်းကျောင်း၊နေပြည်တော်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု(လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ)ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **ဆောင်ရွက်လိုသည့် လုပ်ငန်းများ**
(က) RCC သင်တန်းသူအိပ်ဆောင်(၃)ထပ်ဆောက်လုပ်ရန်(၁၀၈ ပေx၄၆ ပေ) Sub-Structure(၁၀၈ပေx၄၆ပေ)၊Foundation & Superstructure (၁၀၈ပေx ၄၆ပေx ၃ ထပ်)(အတွင်း ရေမြောင်းမိလ္လာ Apron & Drain အပါအဝင် )
(ခ) အဝင်လမ်းခင်းခြင်း(မြေညှိလုပ်ငန်းအပါအဝင်)(၆၀ပေx၁၂ပေx၈လက်မ)

၃။ တင်ဒါတင်သွင်းသူသည် အထက်ဖော်ပြပါ လုပ်ငန်းများကို တင်ဒါ အချက်အလက်ပါ စည်းကမ်းအတိုင်း တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ ရက်၊ (၉:၀၀)နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၁၁-၂၀၂၀ ရက်၊(၁၆:၀၀)နာရီ
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်
**အိတ်ဖွင့်တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်နေရာ** - သူနာပြုသင်တန်းကျောင်း၊နေပြည်တော် (အစည်းအဝေးခန်းမကြီး)

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၆၇-၄၂၀၂၀၁၊ ၀၉-၇၈၉၇၉၁၉၈၂၊ ၀၉-၄၃၁၆၀၆၉၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သူနာပြုသင်တန်းကျောင်း၊နေပြည်တော်**




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ပါလယ်ယာသုံးစက်နှင့်စက်ကိရိယာ(၆) မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | Mini Tractor(24-28HP) (ထွန်၊ထယ်၊Rotervator)အပါ | Nos | 20 |
| ၂ | ပုဇင်းခေါင်းထော်လာဂျီ (32/33HP) | Nos | 10 |
| ၃ | Transplaner | Nos | 10 |
| ၄ | Mini Backhoe | Nos | 5 |
| ၅ | Tractor-48-50HP With Front Dozer 16 Disc Harrow,6Disc Ploug Rotary | Nos | 3 |
| ၆ | Tractor 80 HP With Front Dozer Blade | Nos | 3 |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၃-၁၁-၂၀၂၀မှ ၂-၁၂-၂၀၂၀အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး၇-၁၂-၂၀၂၀ရက်(၁၃:၀၀)နာရီနောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအားOnline မှရောင်းချသွားမည်ဖြစ်ပြီးဆက်သွယ်ဝယ်ယူနိုင်သောလိပ်စာမှာ coffeeseason0@gmail.comဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ကော်ဖီ-ရာသီသီးနှံဌာနခွဲ)ရုံးအမှတ်(၅၀) ၊နေပြည်တော်တွင် ရုံးချိန်အတွင်း ဖုန်း-၀၆၇၃-၄၃၁၂၀၀၊၀၆၇၃-၄၃၁၃၁၅ တို့သို့ ဆက်သွယ်၍လည်းကောင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့
## (ပစ္စည်းတင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများကို ပစ္စည်းတင်ဒါခေါ်ယူအပ်ပါသည်-

(က) ကွန်ကရစ်လမ်းလုပ်ငန်း - (၂)လမ်း
(ခ) ကတ္တရာလမ်းလုပ်ငန်း - (၄)လမ်း
(ဂ) ကျောက်ချောလမ်းလုပ်ငန်း - (၄)လမ်း
(ဃ) မြေသားလမ်းလုပ်ငန်း - (၂)လမ်း
(င) ကွန်ကရစ်တံတား - (၃)စင်း
(စ) Box Culvert - (၇)စင်း
(ဆ) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး - (၁)လုံး
(ဇ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆက်စပ်လုပ်ငန်း - (၁)လုံး

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ရက်၊ (တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၅-၁၁-၂၀၂၀ ရက်၊ (ဗုဒ္ဓဟူးနေ့) ၁၆:၃၀ နာရီ
(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** - ၂၆-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့)၊၁၆:၃၀နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်။

၃။ **တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

၄။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ကျိုင်းတုံမြို့ ဖုန်း-၀၈၄-၂၀၂၁၆၇၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ AYEYARWADDY UNITED CONSTRUCTION CO.,LTD. သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း ၅၅၀ မှ ကျပ်သိန်း ၁၀၀ သို့ လျှော့ချမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**AYEYARWADDY UNITED CONSTRUCTION CO.,LTD.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၅၊ အောင်ချမ်းသာ-ဂ)၊ဦးပိုင်အမှတ်(၈၃)၊ဧရိယာ ၀ ဒသမ ၁၁၈ ဧကရှိမြေကို အမှုတွဲအမှတ် ၁၈၅ V၂၀၀၁-၂၀၀၂ အရ ၁၁-၁-၂၀၀၂ မှ ၁၀-၁-၂၀၃၂ ထိ ဒေါ်မြရင်အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသည့်မြေကို ဦးတင်မောင်စိုး၊ ဒေါ်နုနုဝင်းမှ မြေငှားစာချုပ် (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှား စာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈၃/အောင်သုခ)၊ ဦးပိုင်အမှတ်(၁၄၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား ဦးသန်းနိုင်အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည့်လည်းလှ**

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)အထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င ) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net. mm/ nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၀ ရက်နေ့မှ ၁၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် သတ်မှတ်ရက်တွင် တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင်လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင်မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၂ ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန် အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net. mm/ nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၀ ရက်နေ့မှ ၁၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် သတ်မှတ်ရက်တွင် တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ** အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်း သူနာပြု/ ကျွမ်းကျင်သူ (ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါကမိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၉/မမ/CE | ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဖြူးဘူတာတွင် Reinfored Concrete ဖြင့် Column, Slab, Stair နှင့် Aluminium Composite Panel With Steel Frame Roofing, Cellullar Lite Concrete & Colour Glass ဘောင်အကာတို့ဖြင့် လူကူးခုံးကျော်တံတား တည်ဆောက်ခြင်း |
| ၂ | ၃၀/မမ/CE | တိုင်း(၁၁)ပုဂံ၊ အိုးပေါက်-တောင်တွင်းကြီးလမ်းပိုင်း၊ ကိုက္ကိုကုန်း-ကုလားမကြား၊ မိုင်(၂၇၂/၉-၁၀)တံတား(၁၉၆)(6'-0")Span Slabတံတားတည်ဆောက်ခြင်း |
| ၃ | ၃၁/မမ/CE | ပြည်-အောင်လံ-ဆတ်သွားလမ်းပိုင်း၊ ကေရာဇ်-လှေဝန်းကြား၊ မိုင်(၂၁၆/၂၁-၂၂)တွင် တံတား(၂၅၅-က)(6'-0")PC Girder Slab တံတားတည်ဆောက်ခြင်း |
| ၄ | ၃၂/မမ/CE | နေပြည်တော်ဘူတာကြီးဝန်းကျင်တွင် ဂျပန်မြက်၊ ဘဲစားမြက်များနှင့် အလှပန်းပင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၂၃.၁၁.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃.၁၀.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994




# ဖျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၂၁၄/၀၆၁၈

GENEVA GOLDSTAR FOR QUALITY

## ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလုံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၂၇၊အလုံတောင်)၊ ဦးပိုင်အမှတ်(၂၁-ခ)၊ဧရိယာ ၀ ဒသမ ၁၁၄ ဧကရှိမြေကို အမှုတွဲအမှတ် ၃၂၈ V ၁၉၉၈-၁၉၉၉ အရ ၂၇-၁-၁၉၉၉ မှ ၂၆-၁-၂၀၂၉ ထိ ဦးစိန်မောင် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားသည့်မြေကို ဒေါ်တင်တင်ဌေးမှ မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### မိခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ အထက(ဇောင်ချမ်းတောင်) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေဖြိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်လှလှဝင်း ၈/ဆပဝ(နိုင်)၀၁၁၇၂၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ အထက(ဇောင်ချမ်းတောင်) တက္ကသိုလ်ဝင်တန်းမှ မယွန်းနီလာ ၏ဖခင်အမည်မှန်မှာ ဦးသန့်ဇင် ၈/ဆပဝ(နိုင်)၀၆၇၇၄၃ ဖြစ်ပါကြောင်း။

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ ဗလမင်းထင်(၄)လမ်း၊ အိမ်အမှတ်(၁၆၂၃)မှ ဦးထွန်းဝင်း (၁၂/အစန(နိုင်) ၀၁၇၅၉၀) -ဒေါ်သန်းအေး L/RGN-၀၄၀၄၅၇ တို့၏သား မောင်သန်းကျော်ဌေး (၁၂/ဒဂဆ(နိုင်)၀၂၈၉၀၅ အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဦးထွန်းဝင်း-ဒေါ်သန်းအေး**

## ကြော်ငြာစာ

### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၄၃၁(စ)အရကင်းလွတ်ခွင့် ပြုပါရန်လျှောက်ထားခြင်းအပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ
### မုံရွာခရိုင်တရားရုံး
### ၂၀၂၀ပြည့်နှစ်၊တရားမ အထွေထွေမှုအမှတ်-၁၀

၁။ ဦးအောင်အောင်ဦး
၂။ ဦးဝင်းထင် **လျှောက်ထားသူများ။**
၃။ ဦးမြင့်မောင်
၄။ ဒေါ်ခင်မြင့်ရီ
၅။ ဒေါ်တင့်တင့်ကြည်

"လရိပ်ဝန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ လမ်းသွယ်(၁)နေ ၁။ဦးအောင်အောင်ဦး(မန်နေဂျင်းဒါရိုက်တာ)၂။ဦးဝင်းထင်(ဒါရိုက်တာ) ၃။ဦးမြင့်မောင်(ဒါရိုက်တာ) ၄။ဒေါ်ခင်မြင့်ရီ(ဒါရိုက်တာ) ၅။ဒေါ်တင့်တင့်ကြည် (ဒါရိုက်တာ) "လရိပ်ဝန်း"ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ Online မှတ်ပုံတင်စနစ်သစ်တွင်ပြန်လည်မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၄၃၁(စ) အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆိုမိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့မှ နည်းလမ်းတကျလွှဲအပ်ထားသည့်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါကင်းလွတ်ခွင့်အားရသင့်၊ မရသင့်ကို ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ(၂၀)ရက် နံနက်(၁၀)နာရီတွင်ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်၊ မသင့်စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူမည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာထုတ်ဆင့်လိုက်သည်။ ကန့်ကွက်လိုသူတစ်ဦးတစ်ယောက်မျှမရှိပါက အဆိုပါလျှောက်ထားချက်အားစစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေစိုး)**
**ခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ မြတ်လေးလမ်း၊ မြေကွက်အမှတ်(၁၁၃၇)၊နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'x၆၀')၊(၂၄၀၀)စတုရန်းပေ၊ (၀ဒသမ၀၅၅)ဧကအကျယ်ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးအောင်နိုင်ဦး ၁၄/ရကန(နိုင်)၀၀၅၈၅၉က အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်းတာဝန်ယူဝန်ခံလျက်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်+ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စများကို ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| LL.B(၁၆၂၀၆) | LL.B(၅၀၅၉၅) |
| ဖုန်း-၀၉-၄၃၀၉၄၆၇၂ | ဖုန်း-၀၉-၇၉၉၈၉၀၄၉၂ |

တိုက်(၁၄)၊အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## လုပ်ငန်းသုံးပစ္စည်းဝယ်ယူခြင်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လင်းခေးမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွမ်းလုံမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များအတွင်း စုစုပေါင်းနေရာ ၁၁ ခုတွင် ဆောင်ရွက်မည့် မြစ်၊ ချောင်း ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ မှ ၂၆-၁၁-၂၀၂၀အထိ (ရုံးချိန်အတွင်း)
၂။ **တင်ဒါလျှောက်လွှာပေးသွင်းရမည့်ရက်** - ၁-၁၂-၂၀၂၀ ရက် (၀၉:၃၀)နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်** - ၁-၁၂-၂၀၂၀ ရက် (၁၃:၀၀)နာရီ
၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၈၁-၂၁၃၂၂၇၁ ကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
### (ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန် နှိုးဆော်ခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်း သိုလှောင်ခွင့်လိုင်စင်များသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ (၁၁၉)အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။

၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၂၀ ရက်မှ ၃၁-၁၂-၂၀၂၀ ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၂၁ ရက်မှ စတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏၂ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြသွားရန်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်-

(က) သက်တမ်းတိုးလျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသော သိုလှောင်ခွင့်လိုင်စင်(မူရင်း)၊
(ဂ) ဤဦးစီးဌာနမှ နောက်ဆုံးကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း(မိတ္တူ)
(ဃ) စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်/သိုလှောင်ရုံများ၏ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၁၉)၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၀၉၃၇၆**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် တာယာဆိုဒ်စုံ(၉၈၆)လုံးနှင့် ဘက်ထရီမျိုးစုံ(၅၆၇)လုံးတို့အား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်း (၉-၁၁-၂၀၂၀ မှ ၁၃-၁၁-၂၀၂၀)ရက်ထိ ၆၂လမ်း၊ (၁၀၆လမ်းx၁၀၇လမ်းကြား) စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်-

| စဉ် | အမျိုးအစား | လုံးရေ | လျှောက်လွှာဈေးနှုန်း |
|---|---|---|---|
| (က) | တာယာဆိုဒ်စုံ | ၉၈၆ | ၁၀၀၀၀/- |
| (ခ) | ဘက်ထရီမျိုးစုံ | ၅၆၇ | ၅၀၀၀/- |

၂။ အိတ်ဖွင့်တင်ဒါများအား(၂-၁၂-၂၀၂၀)ရက်၊ နံနက်(၀၉:၀၀)နာရီတွင် ၂၆လမ်း၊(၇၁လမ်းx၇၂လမ်းကြား) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ မရှင်းလင်းပါက လာရောက်ဆွေးနွေးနိုင်ပြီး လူကိုယ်တိုင် လာရောက်တင်သွင်းရပါမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ဖုန်း ၀၂-၄၀၈၀၁၅၇၊၀၂-၄၀၈၁၃၁၆၊ ၀၉-၄၀၂၅၂၆၂၆၀)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ်(ဂ)၊ တိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ်(၁၁၈)၊ မြေဧရိယာ(၀ဒသမ၁၀၈)ဧကရှိ မြေနေရာသည် ဒေါ်လှဝင်း အမည်ဖြင့် မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေငှားဂရန်မှာ ပျောက်ဆုံးသွားပြီး ဒေါ်လှဝင်း နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးစံမောင်တို့မှာ အသီးသီးကွယ်လွန်သွားပြီဖြစ်၍ သမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်ဝင်း ၆/ကသန(နိုင်)၀၃၀၈၄၈နှင့် ဒေါ်သန်းသန်းနွဲ့(ကွယ်လွန်) ၆/လလန(နိုင်) ၀၀၄၁၂၇ တို့က မြေငှားဂရန် မူရင်းခွဲထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ကြည်ကြည်ဝင်း ၆/ကသန(နိုင်)၀၃၀၈၄၈**
**ဒေါ်သန်းသန်းနွဲ့ (ကွယ်လွန်) ၆/လလန(နိုင်) ၀၀၄၁၂၇**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ တိုင်းဒေသကြီး မျိုးစေ့ဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(ငြိမ်း)၊ ရွှေဒူးခြံ၊ သရက်ချောင်းမြို့နယ်နှင့် ပုလောမြို့နယ်တို့တွင် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးအဆင့်(ငွေလုံးငွေရင်း)အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

တိုင်းဒေသကြီးအဆင့်
(က) တိုင်းဒေသကြီးမျိုးစေ့ဌာနခွဲဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း
(ခ) တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်း
(ဂ) (၄၀'x၂၈'x၁၀') RC(၁)ထပ် သရက်ချောင်းမြို့နယ်နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း
(ဃ) (၄၀'x၂၀'x၁၂') RC(၁) ပုလောမြို့နယ် မြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်ခြင်း
(င) (၄၀'x၂၄'x၁၁') ပုလောမြို့နယ် Knowledge Center(KC) (၁)ခု ဆောက်လုပ်ခြင်း
(စ) (၄၀'x၃၀'x၁၁') RC(၁)ထပ် မြိတ်မြို့နယ်၊ နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန(မြိတ်)မြေဆီလွှာဓာတ်ခွဲခန်း ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၂၈-၁၀-၂၀၂၀ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၈-၁၁-၂၀၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး -ဖုန်း-၀၅၉-၂၀၂၁၁၃၈၊ ၀၅၉-၂၀၂၂၆၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော ဆင်ဖြူရှင်တံတား ၏ ၁-၁၂-၂၀၂၀ရက်မှ ၃၀-၁၁-၂၀၂၃ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
ဆင်ဖြူရှင်တံတား
(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၁၀) တိုင်း၊ ပခုက္ကူ
(ဂ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် နေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၁၀)တိုင်း၊ ပခုက္ကူ
(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်နှင့် ဖွင့်လှစ်မည့်ရက်၊ အချိန်ကို ထပ်မံအကြောင်းကြားပေးသွားပါမည်။
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
**မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၁၀)တိုင်း၊ ပခုက္ကူ။ အစည်းအဝေးခန်းမ**

မှတ်ချက်။ (၁) အိတ်ဖွင့်တင်ဒါ ဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၁၀၀၀၀/-)ကျပ်နှုန်းဖြင့် ၉-၁၁-၂၀၂၀ ရက်မှ ၁၈-၁၁-၂၀၂၀ ရက် ညနေ ၄နာရီအထိ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၁၀) တိုင်း၊ ပခုက္ကူရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၂-၂၂၅၀၇၊ ၀၉-၈၉၃၇၅၀၁၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ဟင်္သာတခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ်၊တရားမအယူခံမှုအမှတ်-၃၄

ကိုငြိမ်းချမ်းအောင်(ဘ)ဦးခင်ကျော်ဦး **နှင့်** မသိင်္ဂီဝင်းမင်းထွန်း(ဘ)
တာကြီးတန်း၊ စစ်ကျွန်းကွက်သစ် ဦးတင်ထွန်း
ညောင်ကျိုးကျေးရွာအုပ်စု၊ အင်္ဂပူမြို့နယ်
**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်မှစ၍ အင်္ဂပူမြို့နယ် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၁၉၈/၂၀၁၉ ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် အင်္ဂပူမြို့နယ်၊ ညောင်ကျိုးကျေးရွာအုပ်စု၊ (ဃ)ရပ်ကွက် (ယခုနေရပ်လိပ်စာ မသိ)ရပ်နေ မသိင်္ဂီဝင်းမင်းထွန်း (ဘ) ဦးတင်ထွန်း သိစေရမည်။

ယခုအမှုတွင် အင်္ဂပူမြို့နယ်တရားရုံးတော်ကချပေးသည့် ဒီကရီကို ကိုငြိမ်းချမ်းအောင်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၃ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်အတွင်း ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီအေး)**
**ခရိုင်တရားသူကြီး**
**ဟင်္သာတခရိုင်တရားရုံး**

## ဒေါ်ခင်ကြည်(မှော်ဘီ)

**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ပင်လုံ(၁)လမ်း၊ တိုက်(၂၃)၊ အခန်း(၀၀၁) နေ (ဦးဘသိန်း-ဒေါ်သေးသေး)တို့၏သမီး၊ (ဦးအင်ဆိုင်)၏ဇနီး၊ ဦးဘိုကြီး-ဒေါ်ခင်ဆွေမြ၊ ဦးသိန်းလွင်-ဒေါ်ကြင်စော၊ ဦးဝင်းကိုကို-ဒေါ် ဝင်းဝင်းရွှေ၊ (ဦးသန်းထွဋ်)-ဒေါ်ခင်မြတ်မော်၊ ဦးခင်မောင်လွင်-ဒေါ်တင်တင်ဝင်းတို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်လေး ယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၅-၁၀-၂၀၂၀ရက် (တနင်္ဂနွေ နေ့) မွန်းလွဲ ၁:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၂၀ရက်(တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်အေး (B.A,BL)

**ယခင် ရေကျော် ကုန်ပဒေသာတိုက်**

**ကုန်သွယ်ရေး-၅(ငြိမ်း)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့နေ (ဦးကြင်ပို့-ဒေါ်ရွှေမှန်)တို့၏သား၊ (ဦးစိန်-ဒေါ်စိန်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၇၇)နေ (ဒေါ်စိန်စိန်)၏ခင်ပွန်း၊ ဒေါက်တာမျိုးသန့်-ဒေါ်သန္တာမောင်၊ ဦးသန်းဌေး-ဒေါ်ခင်မျိုးသက်၊ ဦးစိုးသန့်၊ ဒေါက်တာအောင်စိုး-ဒေါ်ဆန်းဆန်းကျော်၊ ဦးအောင်မိုး-ဒေါ်လှလှအောင်တို့၏ဖခင်၊ ဒေါက်တာရန်နိုင်မျိုး၊ မောင်မျိုး မင်း-မစုစန္ဒီမျိုး၊ စန္ဒီမြတ်နိုးဦး၊ သီဟအောင်သူ၊ ကျော်ထင်ဇေယျ၊ စုလဲ့ဖြူစင်စိုး၊ သွန်းဖြူစင်မိုး၊ အုပ်စိုးခန့်၊ အိန္ဒြေဖြူစင်ကျော်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့) ညနေ ၄:၀၇ နာရီတွင် အနော်ရထာလမ်း၊ အမှတ်(၁၃၈)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဆရာ ဦးခင်မောင်မြင့်

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၈)လမ်း၊ တိုက်(၂၉၊ပထမထပ်)နေ ဒေါ်ခင်ထားရီ၏ခင်ပွန်း၊ ဦးအောင်သူလတ်-ဒေါ်စန်းစန်းနွယ်၊ ဦးစိုင်းဝေယံ-ဒေါ်အေးအေးသန်းတို့၏ဖခင်၊ မောင်ခေတ်အောင်သူ၊ မောင်သူရအောင်၊ မောင် ဗညားဝင်းတို့၏အဘိုးသည် ၂၄-၁၀-၂၀၂၀ရက် (စနေနေ့) ည ၁၁:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၂၀ရက် (တနင်္ဂနွေ နေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်း (ညောင်စာရေးမြို့)

**ကိုယ်ရေးအတွင်းရေးမှူး၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့**

**အသက်(၈၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်စာရေးမြို့နေ (ဦးမောင်မြင့်-ဒေါ်မယ်ရှင်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးအေးမောင်)-ဒေါ်ခင်သောင်းတို့၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၆၉၂)နေ ဒေါ်ခင်ဝါ၏ခင်ပွန်း၊ ဦးငွေစိုး(မြောက်ပိုင်းခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး-ငြိမ်း)-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ထွန်း-ဒေါ်သိန်းသိန်းနွဲ့၊ ဒေါ်သန်းသန်းဝင်း(စင်ကာပူ)၊ ဦးစိုးနိုင်-ဒေါ်ကြည်ကြည်စိုး၊ ဦးမောင်မောင်တင်-ဒေါ်စန္ဒာမိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၉-၁၀-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ဝင်း

**(မိဘမေတ္တာ ကုန်စုံဆိုင်)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ ကြိတ်တန်းလမ်း၊ အမှတ်(၁၉/ဘီ)နေ (ဦးသံပြား-ဒေါ်ကျင်ရွှေ) တို့၏သမီး၊ (ဦးကျော်စိန်) ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအစ်ကာ)၊ (ဦးစိန်ဟုတ်)-ဒေါ်ကျင်ဝင်းတို့၏ညီမ၊ ဦးမြင့်အေး-ဒေါ်ခင်ခင်ဝင်း၊ ဦးကျော်မြင့်-ဒေါ်နီလေးတို့၏အစ်မ၊ ကိုသန့်ဇော်ဦး-မဇင်ဇင်အောင်၊ မရင်ရင်ဝင်း၊ မောင်စိန်အောင်(ခ)ရှိုးတီ - မဇာခြည်ထက်ခိုင်၊ ကိုဇော်ဇော်အောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၅-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၄:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း(ခ)ဦးမိုးဟိန်း

**အသက်(၇၀)**

ပြင်ဦးလွင်မြို့နေ (ဦးလှဘော်-ဒေါ်ကြည်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင် ညို(၁)လမ်း၊ အမှတ်(၉)နေ ဒေါ်လေးခိုင်၏ခင်ပွန်း၊ ဦးဇော်ဝင်းနောင်-ဒေါ်တင်မာလာ၊ ဦးကျော်မင်းနောင်-ဒေါ်ခင်မမမော်၊ ဦးမော်လင်း နောင်၊ ဦးမင်းထွေးနောင်-ဒေါ်သီတာဝင်းလွင်၊ မနှင်းမိုးမိုးခိုင်-ကိုစိုးဝေမောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၁၀- ၂၀၂၀ရက် (စနေနေ့) နံနက် ၇:၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ကြည်း ၅၄၉၇ ဗိုလ်မှူးချုပ်လှထွန်း(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)၊**

**နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)**

**ဗိုလ်သင်တန်းကျောင်းအုပ်ကြီး(မှော်ဘီ)(ငြိမ်း)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅-ကေ/၂ နေ ဒေါ်တင်လှိုင်(အထက်တန်းပြ ဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ် လှထွန်း(ငြိမ်း)သည် ၂၂-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဗိုလ်မှူးချုပ်လှထွန်း(ငြိမ်း)ကောင်းရာသုဂတိသို့လားပါစေ။

**တပည့် OTS(31)ဒုဗိုလ်မှူးကြီး မြင့်အောင်(ငြိမ်း)နှင့် ဇနီး ဒေါ်သန်းရီ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကြည်း-၅၄၉၇

## ဗိုလ်မှူးချုပ်လှထွန်း(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီး(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊**

**ဗိုလ်သင်တန်းကျောင်းအုပ်ကြီး (မှော်ဘီ)(ငြိမ်း)**

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၁၃၅-ကေ/၂၊ သန်လွင်လမ်းနေ ဒေါ်တင်လှိုင် (အထက်တန်းပြဆရာ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်လှထွန်း(ငြိမ်း)သည် ၂၂-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်လှထွန်း(ငြိမ်း) ကောင်းရာသုဂတိသို့လားပါစေ**

**OTS-33 ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ကြည်(မြစ်ကျိုး/ပဲခူး)

**အသက်(၉၄)နှစ်**

အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးဝင်းနိုင် (ဌာနမှူး-ငြိမ်း၊ အသည်းရောဂါပညာဌာန၊ ရန်ကုန်အထူးကုဆေး ရုံကြီး)နှင့် ဒေါ်နီလာခင်တို့၏ချစ်လှစွာသောမိခင် ဒေါ်တင်ကြည်သည် ၂၁-၁၀-၂၀၂၀ရက် ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိရောက်ပါစေဟု ဆုကောင်းလိုက်ပါသည်။

**အသည်းရောဂါပညာဌာနမိသားစု**

**ဆေးတက္ကသိုလ်(၂)၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

## သက်ကြီးကန်တော့ခံ ဦးအုံးမောင်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်-၆၈(A-2)နေ ဒေါ်ကြည်ကြည်အေး(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရန်ကုန် အဝေးသင်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးကန်တော့ခံသည် ၂၃-၁၀-၂၀၂၀ ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဗိုလ်မှူးဇော်ဝင်းမြင့်(ငြိမ်း) (ရန်ကင်း၊ ရန်ကုန်)

**O.T.S အပတ်စဉ်(၆၆)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၂၅)၊ အခန်း(၁)နေ ဦးခင်စိုး-(ဒေါ်ခင်လှမြင့်)တို့၏သား၊ (ဦးကျော်ဇင်)-ဒေါ်စုစုအုန်းတို့၏ညီ၊ ဦးထွန်းထွန်း၊ ဦးတိုးလွင်-ဒေါ်ကေသီခိုင်၊ ဦးအောင်အောင်၊ ဦးလွင်မောင်မောင်-ဒေါ်လဲ့လဲ့နှင်းတို့၏အစ်ကို၊ မောင် ထင်လင်း-မမေသူဇာဟန်၊ မရတနာ၊ မောင်လွင်ကိုဦး၊ မခင်ရှုပါချောစု၊ မောင်သားဦးစံတို့၏ဘကြီးသည် ၂၄-၁၀-၂၀၂၀ ရက် ညနေ၆နာရီ တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၂၀ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇော်ဝင်းမြင့်(ငြိမ်း)

**အသက်(၅၉)နှစ်**

သူငယ်ချင်း ဗိုလ်မှူး ဇော်ဝင်းမြင့်(ငြိမ်း)သည် ၂၄-၁၀-၂၀၂၀ ရက်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိ ရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S (၆၆)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## Mr.JOSEPH RAJAN (သံလွင်တောင်ပုံနှိပ်တိုက်)

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့နေ (Mr.Silva Rajan-ဒေါ် Betcy Rajan)တို့၏သား၊ (ဦးစိန်ခန်းလျှန်)-ဒေါ်မာလာတို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၄၀)နေ ဒေါ် MOLLYLEN LAM NIANG ၏ခင်ပွန်း၊ U Peter Rajan-ဒေါ်တင်လေးရီ၊ (U Sylvester Rajan)၊ ဒေါ် Rani Rajan Phillips-Mr.Nish Phillips, U Paul Rajan -ဒေါ်သင်းသင်းမာသိန်း၊ U David Rajan-နော်ဆဲထီမူးတို့၏အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီးသည် ၂၅-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၁၀-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း ပြီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/၉ရပ်ကွက်၊ ပင်းယလမ်း၊ ပင်းယပန်းခြံ၊ အမှတ် ၂၃၄(က)နေ (ဒေါ်မြတုတ်)၏ချစ်လှစွာသောခင်ပွန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ အာဆီယံ သတင်းမီဒီယာကောင်စီ ကွန်ရက် ဒုတိယ ဥက္ကဋ္ဌ ဓမ္မဝီရဂျာနယ် အယ်ဒီတာချုပ် ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) အသက် (၉၃)နှစ်သည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃:၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မူဆယ်မြို့သတင်းထောက်များကွန်ရက်**

## ကိုမင်းထွဋ်ဦး(ခ)မင်းသန့်ကျော်

**MPA,B.Sc.(Hons:)in Computing and information System, B.A.(BM),DBL**

**အလက(၂)ဒဂုံ၊ အထက(၃)ဒဂုံ ကျောင်းသားဟောင်း**

**Head of Project Management**

**Myanmar Ease Net Co.,Ltd**

**Former COO, MCC Group of Companies**

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးလွန်းဖေ-ဒေါ်အေးကြည်)၊ (ဝဏ္ဏကျော်ထင်ဦးထွန်းလှိုင်-ဒေါ်ခင်စန်း)၊ (ဒေါ်ခင်သန်း)၊ (ဒေါ်မမလေး)တို့၏မြေး၊ ဦးသိန်းထွဋ်(ငါးလုပ်ငန်းဦးစီးဌာန-ငြိမ်း)၊ ဒေါ်စန္ဒာလှိုင်(မြန်မာ့အသံ-ငြိမ်း)တို့၏သားကြီး၊ ဒေါ်သီတာလှိုင်( ဌာနမှူး-ငြိမ်း၊ မအူပင်နည်းပညာတက္ကသိုလ်)၏တူ၊ ကိုပြည်စိုးသိမ်း၊ မဖြူသီရိမွန်၊ ကိုမျိုးဇော်ထွန်းတို့၏အစ်ကိုသည် ၂၄-၁၀-၂၀၂၀ရက် (စနေနေ့) ညနေ ၄:၁၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုမင်းထွဋ်ဦး(ခ)မင်းသန့်ကျော်

**MPA,B.Sc.(Hons:)in Computing and information System, B.A.(BM),DBL**

**အလက(၂)ဒဂုံ၊ အထက(၃)ဒဂုံ ကျောင်းသားဟောင်း**

**Head of Project Management**

**Myanmar Ease Net Co.,Ltd**

**Former COO, MCC Group of Companies**

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးမင်းထွဋ်ဦးသည် ၂၄-၁၀-၂၀၂၀ရက် (စနေနေ့) ညနေ ၄:၁၅နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**Management Team နှင့်ဝန်ထမ်းများ**

**Myanmar Ease Net Company Limited**

## အစည်းအဝေးအကြောင်းကြားစာ

Nay Gabar Myanmar Development Co.,Ltd. သည် မတည်ငွေရင်းလျှော့ချခြင်းအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆ (c) (၂)အရ မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့်အများသိစေရန် အကြောင်းကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၇-၁၀-၂၀၂၀

**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀:၃၀

**အစည်းအဝေးကျင်းပမည့်နေရာ** - ကုမ္ပဏီရုံးခန်း

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ကျွန်းတော/စကြံ့လမ်းသွယ်၊ အမှတ်(၄၀၈) ဟုခေါ်တွင်သော (၄၀ x ၆၀)ပေရှိ သွပ်မိုးပျဉ်ထောင်အိမ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ တလုတ်ထော်ကျေးရွာအုပ်စု၊ သပြုစမ်းကွင်းအရှေ့၊ ကွင်းအမှတ်(၁၁၄/င)၊ ဦးပိုင်အမှတ်(က/၃၀/၁)၊ ဦးပိုင်အမှတ်(၂၉) ဟုခေါ်တွင်သော ဒေါ်တင်ဥအမည်ဖြင့် ပုံစံ(၇)ထွက်ရှိထားသည့် ခြံမြေများနှင့် ယင်းခြံမြေပေါ်ရှိ သစ်ပင်ဝါးပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးသောင်းညွန့်နှင့်ဒေါ်တင်ဥတို့ ကျန်ရစ်ခဲ့သော အမွေပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ အမွေဆိုင်သားသမီးများ၏ အတိအလင်း ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အမွေဆိုင်တစ်ဦးဦးက ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း နည်းအမျိုးမျိုးဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်မြင့်မြင့်စိန် | ဒေါ်သိမ့်သိမ့်ထွန်း |
| ၁၂/တတန(နိုင်) ၀၁၆၄၇၃ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၇၆) |
| | အမှတ်(၄၃/စီ)၊ မယ်ဇီကုန်းလမ်း၊ (၈) |
| | ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| | ဖုန်း-၀၉-၄၅၉၀၀၀၇၁၁၊ |
| | ၀၉-၇၇၈၅၂၁၂၅၅ |

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလုံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၂၇၊ အလုံတောင်)၊ ဦးပိုင်အမှတ်(၂၁/၂)၊ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိမြေအား ဒေါ်တင်တင်ဌေး အမည်ဖြင့် မြေငှားစာချုပ် (အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမြန်ဆက်သွယ်ပါရန်

ကျွန်တော်များ DKT International Inc (Myanmar Branch) အနေဖြင့် company လုပ်ငန်းတွင် လိုအပ်သော van, light truck နှင့် AD van ကဲ့သို့ ကားများအား ငှားရမ်းအသုံးပြုလိုပါသဖြင့် စိတ်ပါဝင်စားသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ quotation များကို ပေးပို့နိုင်ပါသည်။

**ဦးမျိုးမင်းအောင်**

**ဖုန်း-၀၉-၄၂၁၀၅၂၆၅၇**

**သစ်တော**

**နှင့်**

**သစ်ပင်**

**ချစ်ခင်တဲ့**

**လူမျိုး**

**သစ်ပင်ကို**

**နှစ်စဉ်စိုက်**

**ရွှေတိုက်**

**ကိုစိုး**

# သတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေအတွင်းရှိ ကြိုတင်ဆန္ဒမဲပေးရမည့်နေရာများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်းများအတွက် ခြွင်းချက်ဖြင့် သွားလာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၁၃၅/၂၀၂၀
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ခတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိသည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)၊ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကဝမြို့နယ်၊ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်တို့တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ၂၆-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၉၇/၂၀၂၀၊ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀၊ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ နှင့် ၁၉-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၂၉/၂၀၂၀ တို့ဖြင့် ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထက်ပါမြို့နယ်များတွင် နေထိုင်သည့်ပြည်သူများအား သတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေအတွင်းရှိ ကြိုတင်ဆန္ဒမဲပေးရမည့်နေရာများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်းများအတွက် ခြွင်းချက်ဖြင့် သွားလာခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး



## ခေါင်လန်ဖူးမြို့တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး ရုပ်ပုံလွှာများပြသ

**ခေါင်လန်ဖူး အောက်တိုဘာ ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက်နံရံကပ်ဘုတ်တွင် နိုင်ငံအဝန်းဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် "ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးရုပ်ပုံလွှာများ" နံရံကပ်စာစောင်များကို ပြသပေးထားသည်။ **(အပေါ်ပုံ)**

အဆိုပါ နံရံကပ်စာစောင်တွင် သင်သည် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုရှိသော မိဘ/အုပ်ထိန်းသူတစ်ဦးဖြစ်ပါသလား၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုရှိသော မိဘ/အုပ်ထိန်းမှု အတတ်ပညာနှင့် ကျန်းမာရေး၊ ကလေးသူငယ်/လူငယ်နှင့် လူမှုမီဒီယာအသုံးပြုမှု သဘောတူညီချက်တစ်ရပ် ပြုလုပ်ပါ၊ လူမှုမီဒီယာပေါ်တွင် ဘေးကင်းလုံခြုံမှုအကြောင်း ဆွေးနွေးရာတွင် ဆောင်ရန်နှင့် ရှောင်ရန်များ၊ သတင်းခွဲခြမ်းစိတ်ဖြာမှုနှင့် ထင်မြင်ယူဆချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ စသည်တို့ပါဝင်ပြီး ယင်းနံရံကပ်စာစောင်ကို နိုဝင်ဘာ ၂၄ ရက်အထိ တစ်လကြာ ပြသမည်ဖြစ်သည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၂၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

## အရှေ့ဘက်မှလာသော လေပွေလှိုင်းများ အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## အချုပ်ပို (၈)မျက်နှာ ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ ၂၀၁၆ - ၂၀၂၀ အထိ လေးနှစ်ကျော် ကာလအတွင်း ပြည်သူ့အကျိုးပြု မှတ်တိုင်များ အချုပ်ပို(၈)မျက်နှာ ပါရှိပါသည်။

**မိုင်းဆတ်မြို့၊ ထားဝယ်မြို့နှင့် ကော့သောင်းမြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၅၄၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့်စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ** စာ ➤ ၁၁

**အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ ရုံးအဖွဲ့အကြီးအကဲ ကိုဗစ်- ၁၉ ကူးစက်ခံရ** စာ ➤ ၁၂

**လူ့အသက်ပေါင်းများစွာကိုကယ်တင်နိုင်သည့် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်း** စာ ➤ ၁၄

## ဘွန်ဒက်စ်လီဂါ ငါးပွဲကစားပြီးချိန်တွင် စံချိန်သစ်တင်နိုင်ခဲ့သည့် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါစကီး



ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၅)၌ ဖရန့်ဖတ်အသင်းကို ငါးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သောကြောင့် ၁၉၆၇-၁၉၆၈ ခုနှစ်တွင် ဘွန်ဒက်စ်လီဂါ ငါးပွဲကစားပြီးနောက် ဂိုးအများဆုံးသွင်းယူထားနိုင်သော မိုချန်ဂလာဘတ်အသင်းမှ ပီတာမေရာ၏ ကိုးဂိုးစံချိန်ကို ကျော်ဖြတ်ကာ ၁၀ ဂိုးဖြင့် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုလန်ကစားသမား လီဝမ်ဒေါစကီးသည် ဘွန်ဒက်စ်လီဂါ ငါးပွဲကစားပြီးချိန်တွင် ရှော်လ်ကေးအသင်းနှင့်ပွဲစဉ်၌ တစ်ဂိုး၊ ဟာသာဘာလင်အသင်းနှင့်ပွဲစဉ်တွင် လေးဂိုး၊ အာမေးနီးယား ဘီရယ်ဖီးလ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးနှင့် ဖရန့်ဖတ်အသင်းနှင့် ပွဲစဉ်တွင်သုံးဂိုးသွင်းယူထားနိုင်ပြီး စုစုပေါင်း ၁၀ ဂိုးဖြင့် စံချိန်သစ်တင်ထားနိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဖရန့်ဖတ်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ အသင်းမှ ဘယ်ခံစစ် ကစားသမားတစ်ဦးဖြစ်သူ အယ်ဖွန်ဆိုဒေးဗစ် ပွဲအစပိုင်းမိနစ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် လူးကပ်စ်ဟာနန်ဒက်ဇ်နှင့် လူစားလဲခဲ့ရသည်။ အဆိုပါ ဘယ်ခံစစ်ကစားသမား၏ ဒဏ်ရာသည် ပြင်းထန်ဖွယ်ရှိသောကြောင့်

*စာမျက်နှာ ၁၁ ကော်လံ ၅* ●

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

## အလုပ်သမားရေးရာဆိုင်ရာ

ပြည်တွင်းအလုပ်အကိုင်အတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများက **၅၄၃၀၂၈၄ ဦး**ကို အလုပ်သမားမှတ်ပုံတင်ပြုလုပ်ပေးခဲ့ပြီး **၁၀၆၉၅၄၅ ဦး**ကို ပြည်တွင်းအလုပ်အကိုင်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သလို ပြည်ပအလုပ်အကိုင်အတွက် အလုပ်သမား **၉၄၄၃၆၄ ဦး** ပြည်ပ ၉ နိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်ရွယ်လျက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ပြည်တွင်းပြည်ပကုမ္ပဏီများပူးပေါင်း၍ အလုပ်ရှာဖွေသူနှင့် အလုပ်ရှင်တို့ တွေ့ဆုံပြီး တစ်နေရာတည်းတွင် One Stop Service ဖြင့် ရွေးချယ်ခန့်ထားပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair )များ ကျင်းပခဲ့ပါသည်။

၁-၄-၂၀၁၆ ရက်နေ့မှ ၃၁-၈-၂၀၂၀ပြည့်နှစ်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် အကြိမ် ၂၀၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂ ကြိမ် ၊ ကရင်ပြည်နယ်တွင် (၃)ကြိမ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် (၂) ကြိမ်စီ၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် (၁) ကြိမ်စီ ကျင်းပဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၄၄ ကြိမ် ကျင်းပခဲ့ရာ ၁၁၇၄၈ ဦး အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

## မိသားစုလွှဲပို့ငွေ

ပြည်ပရောက်မြန်မာနိုင်ငံသားများမှ မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့သော မိသားစုလွှဲပို့ငွေစာရင်းများမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှရရှိသည့် စာရင်းအရ ၂၀၁၆ ခုနှစ် ဧပြီ လမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၀၈၀.၅၇၈ လွှဲပို့ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

## ကျွမ်းကျင်လုပ်သားများ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာခြင်းကို လက်ခံထားရာ မြန်မာလုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်းတည်မြဲရေး၊ ဘဝတစ်သက်တာလေ့လာသင်ယူကာ ကျွမ်းကျင်မှုများ အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန Focal Ministry အဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံသားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)မှ အတည်ပြုထားသည့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများမှ **၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အလုပ်အကိုင် ၃၀ မျိုးအတွက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ဖြေဆိုသူ ကျား ၁၂၂၇၆ ဦး၊ မ ၅၃၀၂ ဦး၊ စုစုပေါင်း ၁၇၅၇၈ ဦးနှင့် အောင်မြင်သူစာရင်းများမှာ ကျား ၁၀၉၇၉ ဦး၊ မ ၄၉၂၁ ဦး၊ စုစုပေါင်း ၁၅၉၀၀ ဦးအား ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီး လတ်တလော ဖြစ်ပေါ်နေသည့် COVID -19 ကပ်ရောဂါ ကာလအတွင်း Video Conference အသုံးပြု၍ သင်တန်းများအား ပို့ချပေးလျက်ရှိပါသည်။**

## အနည်းဆုံးအခကြေးငွေသတ်မှတ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု

အနည်းဆုံးအခကြေးငွေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇) ဖြင့် ၂၂-၃-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကို ၁၂-၇-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ် (၅) ရပ် ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းစဉ် (၅) ရပ်မှာ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရန် အစည်းအဝေးနှင့် ဆွေးနွေးပွဲ ကျင်းပခြင်း၊ မေးခွန်းလွှာများ ဖြန့်ဝေ၍ စစ်တမ်းကောက်ယူခြင်း၊ အဆိုပြုအနည်းဆုံး အခကြေးငွေထုတ်ပြန်ခြင်း၊ အတည်ပြုအနည်းဆုံး အခကြေးငွေထုတ်ပြန်ခြင်းတို့ ဖြစ်ပါသည်။

လုပ်ငန်းစဉ်များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပြီး အမျိုးသားကော်မတီမှ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ **တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀ ဖြစ်ကြောင်းနှင့်** ၎င်းသတ်မှတ်ချက်သည် **အလုပ်သမား ၁၅ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း** ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ပထမအကြိမ် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

**၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ပြည်ပနိုင်ငံသို့ အလုပ်သမားများစေလွှတ်မှု အခြေပြဇယား**

| စဉ် | စေလွှတ်သော နိုင်ငံများ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | မလေးရှား | ၃၃,၉၂၀ | ၃,၃၂၅ | ၂၄,၇၇၃ | ၇၈,၇၈၁ | ၁၀,၆၃၆ | ၁၅၁,၄၃၅ |
| ၂။ | ကိုရီးယား | ၅,၇၃၁ | ၅,၆၇၆ | ၆,၁၀၅ | ၄,၇၅၆ | ၅၃၈ | ၂၂,၈၀၆ |
| ၃။ | စင်္ကာပူ | ၇၀၇ | ၃၅၅ | ၅၀၄ | ၄၆၇ | ၈၆ | ၂,၁၁၉ |
| ၄။ | ထိုင်း | ၁၀၂,၇၂၂ | ၁၄၈,၉၄၂ | ၁၉၈,၀၁၇ | ၂၃၈,၀၈၂ | ၅၈,၆၄၂ | ၇၄၆,၄၀၅ |
| ၅။ | ဂျပန် | ၂,၃၈၄ | ၃,၃၃၁ | ၃,၈၈၉ | ၆,၆၉၀ | ၂,၁၁၄ | ၁၈၄၀၈ |
| ၆။ | ယူအေအီး | ၂၇၁ | ၁၂၇ | ၂၁၁ | ၃၂၃ | ၈၃ | ၁၀၁၅ |
| ၇။ | ကာတာ | ၇၃ | ၁၃၅ | ၉၆ | ၁၁၆ | ၁၉ | ၄၃၉ |
| ၈။ | မကာအို | - | ၆ | ၉ | ၉ | - | ၂၄ |
| ၉။ | ဂျော်ဒန် | - | - | ၄၃၄ | ၁,၁၁၅ | ၁၆၄ | ၁၇၁၃ |
| | စုစုပေါင်း | ၁၄၅,၈၀၈ | ၁၆၁,၈၉၇ | ၂၃၄,၀၃၈ | ၃၃၀,၃၃၉ | ၇၂,၂၈၂ | ၉၄၄,၃၆၄ |



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ Video Conference စနစ်ဖြင့်ကျင်းပပြုလုပ်သည့် “အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် Coronavirus Disease 2019 (COVID-19) ရောဂါ သက်ရောက်မှုများကိုတုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေး” သို့ ပါဝင်တက်ရောက်ဆွေးနွေးစဉ်။ (၁၄-၅-၂၀၂၀)

ခဲ့ပါသည်။

အမျိုးသားကော်မတီမှ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ **တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၆၀၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၄၈၀၀ ဖြစ်ကြောင်းနှင့်** ၎င်းသတ်မှတ်ချက်သည် **အလုပ်သမား ၁၀ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း** ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ၁၄-၅-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၈ ဖြင့် ဒုတိယအကြိမ် ပြင်ဆင်သတ်မှတ် ထုတ်ပြန်ခဲ့ပါသည်။

စက်ရုံ၊ အလုပ်ရုံများကို ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေ၊ အမိန့်ကြော်ငြာစာ ၂/၂၀၁၈ တို့နှင့်အညီ ဆောင်ရွက်နိုင်စေရန် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ **၁၄-၅-၂၀၁၈** ရက်နေ့တွင် ပြင်ဆင်သတ်မှတ်ထားသည့် **အနည်းဆုံးအခကြေးငွေသည် ၁၃-၅-၂၀၂၀ ရက်နေ့တွင် နှစ်နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။** ၁၁-၃-၂၀၂၀ ရက်နေ့တွင် **အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ညှိနှိုင်းအစည်းအဝေးမှ အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-**

**(က) အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရန်၊**

**( ခ ) အဆိုပြုနှုန်းထားတစ်ခုရရှိရေး စာရင်းစစ်တမ်းများ ကောက်ယူရန်နှင့် နောက်တစ်ကြိမ် အစည်းအဝေး၌ တင်ပြပေးရန်၊**

**(ဂ) တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများသို့ သတ်မှတ်သင့်သည့် အနည်းဆုံး အခကြေးငွေ အဆိုပြုနှုန်းထားကို အမျိုးသားကော်မတီသို့တင်ပြရန်၊**

## လုပ်သားအင်အားစာရင်းကောက်ယူမှုအခြေအနေ

လုပ်သားဈေးကွက်သတင်းအချက်အလက်များ၊ လုပ်သားဆိုင်ရာစာရင်းအင်းများရရှိရန် လုပ်သားအင်အားစစ်တမ်းများကို ကောက်ယူလျက်ရှိပြီး ယခင်က စာရင်းအင်းအချက်အလက်များအတွက် ခန့်မှန်းစာရင်းများကိုသာ အသုံးပြုခဲ့ရာမှ ယခုအခါ နှစ်စဉ် လုပ်သားအင်အားစစ်တမ်းမှ ကောက်ယူရရှိလာသည့် အချက်အလက်များကို အသုံးပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို ILO ၏ နည်းပညာနှင့် ငွေကြေးအကူအညီတို့ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကောက်ယူခဲ့ပြီး စစ်တမ်းအချက်အလက်များမှ တွက်ချက်ထားသည့် အစီရင်ခံစာတို့ကို ဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးလျှင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ဖြန့်ဝေထုတ်ပြန်ခြင်းဖြစ်ပါသည်။ အဆိုပါစစ်တမ်းမှ အောက်ပါအစီရင်ခံစာတို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်-

(က) ၂၀၁၅ ခုနှစ် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း အနှစ်ချုပ်အစီရင်ခံစာ၊
Myanmar Labour Force, Child Labour and School-to-Work Transition Survey, 2015 Executive Summary Report

( ခ ) မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာ၊
Myanmar Report on Labour Force Survey

(ဂ) မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်း အစီရင်ခံစာ၊
Myanmar Report on Child Labour Force Survey

( ဃ ) မြန်မာနိုင်ငံ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းအစီရင်ခံစာ။
Myanmar Report on School-to-Work Transition Survey

၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ် လုပ်သားအင်အားစစ်တမ်းကို တစ်နှစ်လျှင် နှစ်ကြိမ် ကောက်ယူလျက်ရှိပြီး စစ်တမ်းအချက်အလက်များမှ တွက်ချက်ထားသည့် အစီရင်ခံစာများကို အောက်ပါအတိုင်း ပြုစုထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်-

(က) ၂၀၁၇ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)၊ (ဒုတိယအကြိမ်)နှင့် နှစ်ပတ်လည်အစီရင်ခံစာ၊

( ခ ) ၂၀၁၈ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)၊ (ဒုတိယအကြိမ်)နှင့် နှစ်ပတ်လည်အစီရင်ခံစာ၊

( ဂ ) ၂၀၁၉ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)နှင့် (ဒုတိယအကြိမ်) အစီရင်ခံစာ။

**အချပ်ပို(ခ)သို့**

အချပ်ပို(က)မှ

(ဃ) စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းနှင့် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းတို့ကို တစ်နှစ်လျှင် တစ်ကြိမ် ကောက်ယူပြုစုလျက်ရှိရာ **၂၀၁၉ ခုနှစ် အစီရင်ခံစာ** ကို ဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါသည်။

(င) လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို တစ်နှစ်လျှင်တစ်ကြိမ် ပြုစုလျက်ရှိရာ **၂၀၁၈-၂၀၁၉ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် (အင်္ဂလိပ်+မြန်မာ)** ကို ဝန်ကြီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါသည်။

**၂၀၁၈ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်းတွင် အခန်း ၇ ခန်း၊ မေးခွန်း ၉၂ ခု**တို့ဖြင့် မေးမြန်းကောက်ယူခဲ့ပြီး **၂၀၁၉ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)**တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနနှင့် ILO ၏ အကြံပြုချက်အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ထိခိုက်ဒဏ်ရာရရှိမှု အခန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် IMF တို့၏ အကြံပြုချက်အရ နိုင်ငံရပ်ခြားတွင်နေထိုင်သည့် အိမ်ထောင်စုဝင်များအခန်းတို့ကို ထပ်တိုး၍ **အခန်း ၉ ခန်း၊ မေးခွန်း ၁၁၉ ခု** ဖြင့် မေးမြန်းခဲ့ပါသည်။

၂၀၁၉ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) မှစ၍ World Bank ၏ နည်းပညာအကူအညီဖြင့် Tablet များအသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူခဲ့ပြီး စစ်တမ်းမေးခွန်းလွှာတွင် CESD ၏ အကြံပြုချက်အရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အထောက်အကူဖြစ်စေရန် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်အခြေအနေ အခန်းထပ်တိုး၍ အခန်း ၁၀ ခန်း၊ မေးခွန်း ၁၂၇ ခုဖြင့် မေးမြန်းခဲ့ပါသည်။

၂၀၁၉ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)မှ ရရှိလာသည့် အချက်အလက်များကို အစီရင်ခံစာပြုစုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်)တွင် CAPI စနစ်ဖြင့် စာရင်းကောက်ယူနိုင်ရေး ကမ္ဘာ့ဘဏ်မှ Consultant Mr. JusteNitiema က နှစ်ပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ပြီး အရည်အသွေးပြည့်ဝစေရန် နိုင်ငံတကာစံနှုန်းများကို အသုံးပြုခဲ့ပါသည်။

လုပ်သားအင်အားစစ်တမ်းများကို CAPI စနစ်အသုံးပြု၍ ပုံမှန်ကောက်ယူခြင်းဖြင့် **e-Government စနစ်** အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အလုပ်ရှင်/ အလုပ်သမားစာရင်းများကို အချိန်မီရရှိနိုင်မည် ဖြစ်ပါသည်။

CAPI စနစ်အသုံးပြု၍ စစ်တမ်းကောက်ယူခြင်းဖြင့် အချက်အလက်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာစေခြင်း၊ အချိန်နှင့် ငွေကြေးကုန်ကျစရိတ်များ သက်သာခြင်းနှင့် စာရင်းအင်းအချက်အလက်များကို Data Entry သွင်းရန်မလိုအပ်ဘဲ တိုက်ရိုက်ကြည့်ရှုစစ်ဆေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

စက်မှုဇုန်များရှိ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းနှင့် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းများ ကောက်ယူရာတွင်လည်း CAPI စနစ်ဖြင့် ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူဦးရေဆိုင်ရာ စာရင်းအင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေးစာရင်းအင်း များစွာရှိသည့်အနက် လူဦးရေစာရင်းအင်းရရှိပြီးပါက လုပ်သားဆိုင်ရာစာရင်းအင်းများကို သိရှိလိုကြ၍ လုပ်သားအင်အားစစ်တမ်းကို ကောက်ယူလျက်ရှိပါသည်။

လုပ်သားအင်အားစစ်တမ်းများမှ အချက်အလက်များကို MSDP၊ SDGs၊ DWCP၊ SNA၊ IMF၊ ကမ္ဘာ့ဘဏ်၊ ILO Statistics Database၊ အာဆီယံနှင့် နိုင်ငံတကာစာရင်းအင်းစာစောင်များ၊ ပြည်တွင်း/ပြည်ပမှ စာတမ်းပြုစုမည့်သူများမှ တောင်းခံလာသည့် အချက်အလက်များကို ပံ့ပိုးပေးလျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ကောက်ယူမည့် လုပ်သားအင်အားစစ်တမ်းကို ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် ပြီးပြည့်စုံသည့် စစ်တမ်းကဲ့သို့ ကောက်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာနှင့် ငွေကြေးအကူအညီများ လိုအပ်လျက်ရှိပါသည်။

## အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းမှုအနေဖြင့်-

၂၀၁၂ ခုနှစ်မှစတင်၍ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အလုပ်သမားအဖွဲ့အစည်း ၁၃၁၂ ဖွဲ့၊ အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ စုစုပေါင်း ၁၃၁၃ဖွဲ့ ဖွဲ့စည်းထားရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှ စတင်၍ ယနေ့အထိ ဖွဲ့စည်းပြီးသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှာ အလုပ်ရှင်အဖွဲ့ ၂၉ ဖွဲ့၊ အလုပ်သမားအဖွဲ့ ၃၀၄၅ ဖွဲ့ စုစုပေါင်း ၃၀၇၄ ဖွဲ့ရှိပြီဖြစ်ပြီး အဆိုပါအဖွဲ့အစည်းများတွင် အလုပ်သမားအဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (Confederation of Trade Unions Myanmar -CTUM) မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Agricultur & Farmer Federation of Myanmar (Food Allied of Workers) - AFFM-IUF) နှင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှု လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Myanmar Industries Craft and Services Trade Unions Federation (MICS-TUsF)) တို့သည် အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများတွင် အလုပ်သမားကိုယ်စားလှယ်အဖြစ်ပါဝင်၍ အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## ၂၀၁၉ ခုနှစ်အတွင်း ILO ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအနေဖြင့်-

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် သုံးပွင့်ဆိုင်မြန်မာကိုယ်စားလှယ်အဖွဲ့က ပုံမှန်တက်ရောက်လျက်ရှိပါသည်။

**၂၀၁၂ ခုနှစ်မှစတင်၍ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အလုပ်သမားအဖွဲ့အစည်း ၁၃၁၂ ဖွဲ့၊ အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ စုစုပေါင်း ၁၃၁၃ဖွဲ့ ဖွဲ့စည်းထားရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှ စတင်၍ ယနေ့အထိ ဖွဲ့စည်းပြီးသည့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှာ အလုပ်ရှင်အဖွဲ့ ၂၉ ဖွဲ့၊ အလုပ်သမားအဖွဲ့ ၃၀၄၅ ဖွဲ့ စုစုပေါင်း ၃၀၇၄ ဖွဲ့ရှိ**

(၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ (ရာပြည့်) ကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့ထိ ကျင်းပခဲ့ရာမှာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ညီလာခံတွင် အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ILO ရာပြည့် ကြေညာချက်၊ ၂၀၁၉ (ILO Centenary Declaration for the Future of Work, 2019) ကို ထုတ်ပြန်နိုင်ခဲ့သည့်အပြင် အလုပ်ခွင်တွင်အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၉၀ နှင့် တိုက်တွန်းချက်အမှတ်၂၀၆ {Violence and Harassment Convention 190, 2019 & Recommendation No.206 ,2019 } အတည်ပြုချမှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံက ILO ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် အဓိက ပြဋ္ဌာန်းချက် (၈)ခုအနက် တစ်ခုဖြစ်သည့် အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ (၁၉၇၃) (Minimum Age Convention No.138, 1973) လက်ခံကျင့်သုံးရန် ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် သဘောတူအတည်ပြုခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ ၉-၆-၂၀၂၀ ရက်စွဲပါစာအမှတ် ၆၄၀-၁၂၁၈/၃-၂၃/၃၉ အရ ILO ၏ အငယ်ဆုံး အသက်ပြဋ္ဌာန်းချက် အမှတ် - ၁၃၈ (Minimun Age Convention 1973, No.138) အား လက်ခံကျင့်သုံးရေးနှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်ထားရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့မှစတင်၍ ကျင့်သုံးဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဌာနေအစီအစဉ် **{Decent Work Country Programme - DWCP (2018-2021)}** ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၁-၉-၂၀၁၈ ရက်နေ့တွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနဲ့ **ILO** တို့ **MoU** လက်မှတ်ရေးထိုးပြီး အောက်ပါဦးစားပေးလုပ်ငန်းစဉ် (၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) ဦးစားပေး ၁ - ၂၀၂၁ ခုနှစ်တွင် လူတိုင်းသင့်လျော်ကောင်းမွန်သော အလုပ်နှင့်စဉ်ဆက်မပြတ် စွန့်ဦးတီထွင်စီးပွားလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းတို့ကို ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်သင့်ခဲ့သော ခုခံကာကွယ်မှုအားနည်းကာ ဘေးအန္တရာယ်တွင်းသို့ အလွယ်တကူကျရောက်နိုင်သော ပြည်သူတို့အပါအဝင် အားလုံး လုပ်ကိုင်နိုင်စေရန်၊

(ခ) ဦးစားပေး ၂ - ၂၀၂၁ ခုနှစ်တွင် ပိုမိုကောင်းမွန်လာသည့် လုပ်သားဈေးကွက်စီမံအုပ်ချုပ်မှုဖြင့် လုပ်ငန်းခွင်အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများအား လိုက်နာကျင့်သုံးခြင်းကို အားကောင်းလာစေရန်၊




**လူမှုဖူလုံရေးအဖွဲ့က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)သို့ Mobile Medical Unit (MMU) ဖြင့် ဆေးကုသမှု ဆောင်ရွက်ပေးစဉ်။**

(ဂ) ဦးစားပေး ၃ - ၂၀၂၁ ခုနှစ်တွင် အားလုံးအတွက် အထူးသဖြင့် ထိခိုက်လွယ်သော အလုပ်သမားများနှင့် ပြည်သူများအတွက် လူမှုအကာအကွယ်စောင့်ရှောက်ရေးလွှမ်းခြုံမှု တိုးချဲ့နိုင်စေရန်။

ဦးစားပေးလုပ်ငန်းစဉ်များပါ အညွှန်းကိန်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ၂ ပတ် ၁ ကြိမ် ပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး စီးပွားရေးရာကော်မတီသို့ ပုံမှန်တင်ပြလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်မှစကာ Decent Work Country Programme (2018-2021) (DWCP) အရ အဓမ္မခိုင်းစေမှုပပျောက်ရေးကို မိမိနိုင်ငံအစီအစဉ်နှင့် ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးလုပ်ငန်းစဉ် (၄)ခု ပါဝင်သည့် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၁) မူကြမ်းကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်ဝန်ကြီးဌာနများနှင့် ILOတို့ ညှိနှိုင်း၍ အောက်ပါအတိုင်းရေးဆွဲခဲ့ပါသည်-

- ❖ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုယန္တရား ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်း၊
- ❖ အဓမ္မခိုင်းစေမှုနှင့် ပတ်သက်၍ အသိပညာမြှင့်တင်ရေးနှင့် သင်တန်းများပေးခြင်း၊
- ❖ အဓမ္မခိုင်းစေမှုအဆုံးသတ်ရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊

ပုဂ္ဂလိကကဏ္ဍများတွင် အဓမ္မခိုင်းစေမှုတားဆီးရေးအတွက် သုံးပွင့်ဆိုင်မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

Action Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ဝန်ကြီးဌာန ၁၆ ခုနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အပါအဝင် ကိုယ်စားလှယ် ၂၆ ဦးတို့ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂-၁၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

ယခုလက်ရှိတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ပါဝင်သည့် ကော်မတီဖြစ်စေရေး ပြင်ဆင်ဖွဲ့စည်းသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေပါသည်။

အဆိုပါလုပ်ငန်းစီမံချက်အပါအဝင် NCM ထူထောင်ဆဲကာလမှာ တိုင်ကြားမှုများကိုဖြေရှင်းပေးမည့် ကြားကာလလုပ်ငန်းစီမံချက်၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူခဲ့ပါသည်။

အမျိုးသားအဆင့်အဓမ္မခိုင်းစေမှု တိုင်ကြားမှုယန္တရား National Complaint Mechanism (NCM) ထူထောင်ဆဲကာလတွင် ကြားကာလယန္တရားနှင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း "အဓမ္မခိုင်းစေမှုများကို ILO အပါအဝင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မှမဆို တိုင်ကြားနိုင်စေရန် ၂၅-၆-၂၀၁၉ ရက်နေ့မှစ၍ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နေ့စဉ်ထုတ် သတင်းစာအသီးသီးတို့တွင် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို လက်ခံကာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

အချပ်ပို(ဂ)သို့




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ Video Conference စနစ်ဖြင့် ပြုလုပ်သည့် Covid-19 ကပ်ရောဂါကာလအတွင်း စက်ရုံ/အလုပ်ရုံများ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများ၊ လူမှုဖူလုံရေး အကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြု ထုတ်ပေးနေသည့် အခြေအနေများနှင့် ပတ်သက်၍ အလုပ်သမား အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးစဉ်။

အချပ်ပို(ခ)မှ

ယခုလက်ရှိတွင် အမျိုးသားအဆင့်အငြင်းပွားမှုတိုင်ကြားမှုယန္တရား National Complaint Mechanism (NCM) ကို ၃-၂-၂၀၂၀ ရက်နေ့မှ စတင်လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပြီး အငြင်းပွားမှုတိုင်ကြားမှုများကို မည်သူမဆို တိုင်ကြားနိုင်ကြောင်း အများပြည်သူသို့လည်း အသိပေးထုတ်လွှင့်ထားပြီးဖြစ်ပါသည်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံအလုပ်သမားရေးရာကိစ္စရပ်များအနေဖြင့် –

အာဆီယံအဖွဲ့ဝင် နိုင်ငံများကြား အာဆီယံအလုပ်သမားရေးရာကိစ္စများကို ဆွေးနွေးရန် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကို (၂)နှစ်တစ်ကြိမ် ပုံမှန်ကျင်းပပြီး ၂၀၁၈ ခုနှစ်တွင် (၂၅) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ပါသည်။

အနာဂတ်အလုပ်အကိုင်နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် ဧပြီလတွင် အာဆီယံအလုပ်သမားဝန်ကြီးများ၏ Special Session ကို စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့ပြီး "ASEAN Labour Ministers' Statement On The Future Of Work: Embracing Technology For Inclusive And Sustain-able Growth"ကို အာဆီယံအလုပ်သမားဝန်ကြီးများမှ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် "ASEAN Labour Minister's Joint Statement on Green Initiative" ကို ၁၀၈ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တင်ပြနိုင်ရေး အာဆီယံအလုပ်သမားဝန်ကြီးများမှ အတည်ပြုနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အာဆီယံအလုပ်သမားဝန်ကြီးများ လုပ်ငန်းအစီအစဉ် (၂၀၁၆-၂၀၂၀) အရ အာဆီယံအလုပ်သမားရေးရာကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အလွန်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအလုပ်သမားဝန်ကြီးများလုပ်ငန်း အစီအစဉ်အသစ် (၂၀၂၁-၂၀၂၅) တစ်ရပ် ရေးဆွဲနိုင်ရေး ဆွေးနွေးခဲ့ပါသည်။

၁၄-၅-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ Video Conference စနစ်ဖြင့် ကျင်းပပြုလုပ်သည့် "အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် Coronavirus Disease 2019 (COVID-19) ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေး" ကို ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံဖြစ်သော ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အလုပ်သမားဝန်ကြီးများ၊ အဆင့်မြင့် အလုပ်သမားအရာရှိကြီးများနှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အတွင်းရေးမှူးချုပ် **H.E. Dato Lim Jock Hoi** နှင့် ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## လက်ရှိဥပဒေပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းလုပ်ငန်းများအနေဖြင့်–

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လက်ရှိအလုပ်သမားရေးရာဥပဒေ(၇) ခု ကျင့်သုံးလျက်ရှိပြီး ယင်းဥပဒေများကို ခေတ်ကာလနှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ ဖျက်သိမ်းပြီး အသစ်ပြန်လည်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေး နိုင်ငံခြားသားအလုပ်သမားဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးသို့ အကြံပြုချက်များ တောင်းခံခြင်း၊ ရရှိလာသော အကြံပြုသဘောထားမှတ်ချက်များနှင့်အညီစုစည်း၍ ဝန်ကြီးဌာန ဥပဒေပညာရှင်များအဖွဲ့နှင့် ဌာနမှတာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ဆွေးနွေးခြင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဝန်ကြီးဌာနတွင်း ဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ၁-၁၀-၂၀၁၉ ရက်နေ့တွင် တင်ပြထားပါသည်။

၂၀၁၁ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေပြင်ဆင်ရေးတွင် အလုပ်သမားများ၏ တောင်းဆိုချက်၊ အလုပ်ရှင်များ၏ လိုလားချက်များကို အလေးထားစဉ်းစားပြီး နိုင်ငံ၏ ပကတိအခြေအနေနှင့် လျော်ညီစေရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သော အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-LLR) တွင် ညှိနှိုင်းရေးဆွဲလျက်ရှိပါသည်။

## လူမှုဖူလုံရေးအဖွဲ့

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အလုပ်ဌာန ၁၅၈၅၇၂ ဌာနရှိပြီး အကျုံးဝင်အာမခံအလုပ်သမား ၆၂၁၅၃၇၂ ဦး မှတ်ပုံတင်နိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအနေဖြင့် လက်ရှိအလုပ်သမားဆေးရုံကြီး ၃ ရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၉ ခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်း၊ PPS( Free for Service) ဆေးခန်း ခုနစ်ခန်း၊ PPS (Capitation) ဆေးခန်းခုနစ်ခန်းနှင့် ရွေ့လျားဆေးကုသယာဉ်နှစ်စီးတို့ဖြင့် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အာမခံအလုပ်သမားများအား ဆေးကုသမှုပေးလျက်ရှိပါသည်။

လူမှုဖူလုံရေးစီမံကိန်းအကြောင်း ပိုမိုသိရှိရေး၊ အသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ SSB Mobile Application ၊ SSB Website၊ SMS တို့ဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

အာမခံအလုပ်သမားများ၏ မှီခိုသူမိသားစုများ တစ်ဦး သို့မဟုတ် နှစ်ဦးအား အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဘဏ္ဍာငွေ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် မူတည်၍ အကောင်အထည်ဖော်နိုင်ရေးနှင့် အကျိုးခံစားခွင့်တောင်းခံသည့်ပုံစံများတွင် မလိုအပ်သောစာရွက်စာတမ်းများတောင်းခံခြင်းမှ ဖြေလျှော့နိုင်ရေးတို့အတွက် ILO နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် တောင်းခံသည့် လုပ်ငန်းစဉ် ကြာချိန်အား–

(က) ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့် ယခင် ၁၀၄ ရက်မှ ယခု ၂၄ ရက်

(ခ) အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ယခင် ၉၈ ရက်မှ ယခု ၂၆ ရက်

(ဂ) ကျန်ရစ်သူအကျိုးခံစားခွင့် ယခင် ၇၁ ရက်မှ ယခု ၄၈ ရက်

(ဃ) နာရေးစရိတ်အကျိုးခံစားခွင့် ယခင် ၃ ရက်မှ ယခု ၁ ရက်

ဖြေလျှော့နိုင်ခဲ့ပါသည်။

ဆေးဖိုးစိုက်ထုတ်ငွေများ ပြန်လည်ထုတ်ပေးရာတွင်လည်း Online Payment ဖြင့် ခွင့်ပြုထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး Wave Money ငွေကြေးဝန်ဆောင်မှုစနစ်ဖြင့် လွယ်ကူစွာထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ဌာနများ အကျုံးဝင်မှတ်ပုံတင်ခြင်း၊ အလုပ်သမားများမှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် e-Service လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**လူမှုဖူလုံရေးအဖွဲ့မှ** COVID – 19 **စီးပွားရေးကုစားမှုအစီအစဉ်အရ မတည်ထည့်ဝင်ငွေ ကျပ် ၅၀ ဘီလီယံ ထည့်ဝင်ခဲ့ပြီး** COVID-19 ဂယက်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်း၊ အလုပ်သမားလျှော့ချခြင်းများနှင့်စပ်လျဉ်း၍ ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို ဖြေလျှော့ပေးသွင်းခွင့်ပြုခြင်း၊ COVID-19 ကာလအတွင်း လုပ်ငန်းခွင်မှ အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများအတွက် မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်ကို ၂၆ ပတ်အထိ ခွင့်ပြုပေးခြင်း၊ ဆေးဖိုးနှင့် ခရီးစရိတ်ပြန်အမ်းငွေကို ၁ နှစ်အထိ ခွင့်ပြုပေးခြင်း၊ ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများကို မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့် ၆၀% အဖြစ် ၂၆ ပတ်ထိ ခွင့်ပြုပေးခြင်း၊ Quarantine ဝင်ရသည့် အာမခံအလုပ်သမားများအတွက် Quarantine ဝင်ရသည့် ကာလ ၂၈ ရက်အား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀% ကို ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်နှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် ဧပြီလ ၂၀ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ ခေတ္တပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀% အား ခွင့်ပြုထုတ်ပေးခြင်းများကို ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀% ခွင့်ပြုထုတ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများအတွက် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀% ခွင့်ပြုထုတ်ပေးခြင်းများနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များထုတ်ပြန်၍ ငွေကြေးအကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ခွင့်ပြုထုတ်ပေးခဲ့ပါသည်–

| စဉ် | ငွေကြေးအကျိုးခံစားခွင့် အမျိုးအစားများ | ခွင့်ပြုသည့် | | ခွင့်ပြုခဲ့သည့် ကာလ |
|---|---|---|---|---|
| | | အမှုတွဲ | ငွေ(ကျပ်သန်း) | |
| ၁ | လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် (၄၀%) | ၈၀၀,၂၆၀ | ၁၉,၆၄၀.၆၃၆ | ၅/၂၀၂၀ မှ ၉/၂၀၂၀ ထိ |
| ၂ | Quarantine ဝင်ရောက်သည့် အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀ %) | ၄၉၇ | ၄၅.၂၂၉ | ၃/၂၀၂၀ မှ ၉/၂၀၂၀ ထိ |
| ၃ | ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) | ၃,၂၉၄ | ၄၈၈.၀၃၁ | ၄/၂၀၂၀ မှ ၉/၂၀၂၀ ထိ |
| **စုစုပေါင်း** | | **၈၀၄,၀၅၁** | **၂၀,၁၇၃.၈၉၆** | |

လက်ရှိ ကျင့်သုံးအကောင်အထည်ဖော်နေသော အာမခံစနစ် (၂) မျိုးအတွက် အကျိုးခံစားခွင့် (၁၂) မျိုးရှိပြီး ၄ နှစ်ကျော်ကာလအတွင်း အကျုံးဝင်အာမခံအလုပ်သမားများအတွက် ဆေးကုသမှု ကုန်ကျစရိတ်များနှင့် ငွေကြေးအကျိုးခံစားခွင့်အဖြစ် ကျပ်သန်း (၁၀၅,၇၇၉.၆၇၃) အား ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ဌာနများ အကျုံးဝင်မှတ်ပုံတင်ခြင်း၊ အလုပ်သမားများ မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် e-Service လုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

အချပ်ပို(ဃ)သို့






COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများမှ လူမှုဖူလုံရေးအာမခံ အကျုံးဝင်အလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များ စိစစ်ခွင့်ပြုထုတ်ပေးစဉ်။

အချပ်ပို(ဂ)မှ

## အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ဆောင်ရွက်မှုများ

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒုတိယ သမ္မတဦးမြင့်ဆွေ ဦးဆောင်သော မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားကာ အစည်းအဝေး (၃) ကြိမ် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အမျိုးသားအဆင့် လုပ်ငန်း စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို မူအားဖြင့်အတည်ပြုခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ် အားလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးစီမံချက်နယ်မြေအဖြစ် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ အစီရင် ခံစာအား အစိုးရအဖွဲ့သို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကလေးများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစားများနှင့် လုပ်ငန်းခွင်များစာရင်း(မူကြမ်း) ရေးဆွဲကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြဋ္ဌာန်း နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံများအား၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် စစ်ဆေးစည်းကြပ်လျက်ရှိရာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီကို ဥပဒေအရ မဖြစ်မနေ ဖွဲ့စည်းရခြင်း မဟုတ်ဘဲလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ကို အလုပ်ရှင်/အလုပ်သမားများ ကိုယ်တိုင်ဆောင်ရွက် နိုင်ရေးဖွဲ့စည်းဆောင်ရွက်ရန်စည်းရုံးတိုက်တွန်း ဖွဲ့စည်းခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ပြည့်နှစ် ဩဂုတ်လထိ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ (၉၀၈) ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနသည် (က) အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ရန်၊ (ခ) အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာမှု ရှိစေရန်၊ (ဂ) အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာဖြင့် ရရှိခံစားနိုင်စေရန်ဆိုသည့်ရည်မှန်းချက်သုံးရပ်တို့ဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကိုလုပ်ငန်းညှိနှိုင်းရေး ကော်မတီ၊ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ သုံးပွင့်ဆိုင်ပါဝင်သော ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (၃၂၅) ဖွဲ့ဖြင့် ညှိနှိုင်း ဖျန်ဖြေခြင်း၊ ခုံသမာဓိအဖွဲ့ (၁၅) ဖွဲ့နှင့် ခုံသမာဓိကောင်စီ (၁) ဖွဲ့တို့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ လုပ်သား (၃၀) ဦးနှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံ များတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို ဖွဲ့စည်းရမည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ အထိ လုပ်သား (၃၀) ဦးနှင့် အထက် စက်ရုံ၊ အလုပ်ရုံ (၄၂၀၆) ရုံရှိပြီး ယင်းစက်ရုံများအနက် (၃၂၉၁) ရုံ၌ WCC ဖွဲ့စည်း ထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များအနေဖြင့် အငြင်းပွားမှု (၄၉၀၈) မှု လက်ခံရရှိခဲ့ပြီး (၄၁၀၆) မှုအား ဖျန်ဖြေပြီးစီးခဲ့သဖြင့် အလုပ်သမားဦးရေ (၄၉၉၅၅) ဦးအတွက် အကျိုး ခံစားခွင့်ငွေ ကျပ်သန်း (၆၁၉၇.၃၀၂)၊ US$ (၇၂၆၁၇) ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့များအနေဖြင့် အငြင်းပွားမှု (၉၁၆) မှု လက်ခံ ရရှိခဲ့ပြီး ဆုံးဖြတ်ပြီးစီးခဲ့သည့် (၇၁၀) မှုရှိရာ အလုပ်သမားဦးရေ (၂၁၈၀) ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ်သန်း (၃၅၈.၁၉၅)၊ US$ ၂၈၇၅ နှင့် ခုံသမာဓိကောင်စီအနေဖြင့် အငြင်းပွားမှု (၄၂၂) မှု လက်ခံရရှိခဲ့ပြီး ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အငြင်းပွားမှု (၄၁၃) မှုရှိရာ အလုပ်သမားဦးရေ (၅၂၆၉) ဦးအတွက် အကျိုးခံစားခွင့်ငွေ ကျပ်သန်း (၇၈၈.၈၂၂)၊ US$ ၆၄၇၃၁ ခံစားရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေအား ခေတ်ကာလနှင့်လျော်ညီစေရန် ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဒုတိယအကြိမ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ အဆိုပါဥပဒေနှင့် ကိုက်ညီသည့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး အတွက် ရေးဆွဲပြုစုထားသည့် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး နည်းဥပဒေများ (မူကြမ်း) နှင့်စပ်လျဉ်း၍ ၃၁-၈-၂၀၁၉ ရက်နေ့၊ ၇-၉-၂၀၁၉ ရက်နေ့၊ ၂၃-၁၁-၂၀၁၉ ရက်နေ့နှင့် ၂၂-၂-၂၀၂၀ ရက်နေ့များတွင် သုံးပွင့်ဆိုင်ဆွေးနွေး မှုများ ပြုလုပ်ခဲ့ပါသည်။

အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ခန့်အပ်ရာတွင် နည်းစနစ်ကျ စေရေးအတွက် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ အဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီ၏ ကောင်စီဝင်များ ရွေးချယ် ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) ကို သုံးပွင့်ဆိုင် ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ကြပြီး အတည်ပြုထုတ်ပြန်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်၊ အလုပ်သမားများအား အလုပ်သမားရေးရာဥပဒေများ သိရှိနားလည်နိုင်စေရေးအတွက် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ် ဌာနပေါင်း (၂၂၄၈) တွင် အလုပ်သမား (၆၆၀၇၀) ဦးအား အသိပညာပေးဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ပါသည်။

(အလုပ်သမားရေးရာဆိုင်ရာ) ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများနှင့် အသေးစိတ် အချက်အလက်များကို https://www.mol.gov.mm  တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

## ပြည်ဝင်ဗီဇာ

ပြည်ဝင်ဗီဇာနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို Focial Ministery အဖြစ် သတ်မှတ်တာဝန်ပေးအပ်ထားပြီး အောက်ဖော်ပြပါ ပြည်ဝင်ဗီဇာ (၁၄) မျိုးအား ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် ခွင့်ပြုပေးလျက်ရှိပါသည်-

(က) သံတမန်/သံအဖွဲ့ဝင်ဗီဇာ
(ခ) ကမ္ဘာလှည့်ဗီဇာ
(ဂ) လုပ်ငန်းဗီဇာ
(ဃ) လူမှုရေးဗီဇာ
(င) သာသနာရေးဗီဇာ
(စ) ဖြတ်သန်းဗီဇာ
(ဆ) နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ
(ဇ) အလုပ်သမားဗီဇာ
(ဈ) ပညာရေးဗီဇာ
(ည) စာနယ်ဇင်း/မီဒီယာဗီဇာ

အချပ်ပို(င)သို့

### မြို့နယ်အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းပေးနိုင်မှု

| စဉ် | အဖွဲ့အစည်းအမည် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | မြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ | ၁၀၆၁ | ၉၅၁ | ၁၃၆၀ | ၉၄၇ | ၈၃၈ | ၅၁၅၇ |
| ၂ | ခုံသမာဓိအဖွဲ့ | ၁၄၉ | ၁၆၄ | ၁၀၆ | ၆၉ | ၂၂၂ | ၇၁၀ |
| ၃ | ခုံသမာဓိကောင်စီ | ၁၀၂ | ၉၂ | ၆၈ | ၃၂ | ၁၁၉ | ၄၁၃ |
| | စုစုပေါင်း | ၁၃၁၂ | ၁၂၀၇ | ၁၅၃၄ | ၁၀၄၈ | ၁၁၇၉ | ၆၂၈၀ |

**ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာအား အစိုးရအဖွဲ့သို့တင်ပြနိုင်ရေး ဆောင်ရွက်လျက် ရှိပြီး ကလေးများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစား များနှင့် လုပ်ငန်းခွင်များစာရင်း(မူကြမ်း) ရေးဆွဲကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ**

အချပ်ပို (ဃ) မှ

(၄) ယာဉ်အမှုထမ်းဗီဇာ
(၅) အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ
(၃) သံတမန်၏ဧည့်သည်များပြည်ဝင်ဗီဇာ
(၁) သံတမန်မဟုတ်သည့် သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ပြည်ဝင်ဗီဇာ

## ဆိုက်ရောက်ဗီဇာ စနစ်

ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ကို (၁-၆-၂၀၁၂) ရက်နေ့တွင် စတင်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် (၃) ခုတို့တွင်နိုင်ငံပေါင်း (၅၅) နိုင်ငံမှ နိုင်ငံသားများကို လုပ်ငန်းဗီဇာ၊ အလုပ်ရုံ/ဆွေးနွေးပွဲ/ အစည်းအဝေး / သုတေသနဗီဇာ၊ ယာဉ်အမှုထမ်း ဗီဇာနှင့် ဖြတ်သန်းဗီဇာ စသည့် ဗီဇာအမျိုးအစားများအား ဆိုက်ရောက် ဗီဇာစနစ်ဖြင့် ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

## ကမ္ဘာလှည့်(ဆိုက်ရောက်ဗီဇာ) Visa On Arrival စနစ်ဖြင့် ဝင်ရောက်ခွင့်ပြုမှု

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလှည့်ဗီဇာအား ဆိုက်ရောက်ဗီဇာစနစ်ဖြင့် နိုင်ငံ (၁၃) နိုင်ငံအား (၁-၁၀-၂၀၁၈) ရက်မှစတင်၍ ခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ အထိ နိုင်ငံအလိုက်ဝင်ရောက်ခွင့်ပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တရုတ် | ၂၁၂၆၈၆၀၀ ဦး |
| (ခ) | ဂျာမနီ | ၁၂၇၁၅၀ ဦး |
| (ဂ) | အိန္ဒိယ | ၄၆၇၀၀ ဦး |
| (ဃ) | အီတလီ | ၁၃၅၅၅၀ ဦး |
| (င) | ဩစတြေးလျ | ၁၀၁၁၀၀ ဦး |
| (စ) | ရုရှား | ၂၇၇၀၀ ဦး |
| (ဆ) | စပိန် | ၁၉၈၅၀ ဦး |
| (ဇ) | ဆွစ်ဇာလန် | ၄၄၅၅၀ ဦး |
| (ဈ) | ချက် | ၃၉၀၀ ဦး |
| (ည) | ဩစတြီးယား | ၆၅၅၀ ဦး |
| (ဋ) | ဟန်ဂေရီ | ၁၇၀၀ ဦး |
| (ဌ) | နယူးဇီလန် | ၅၀၀ ဦး |
| (ဍ) | လူဇင်ဗတ် | ၁၁၅၀ ဦး |
| | စုစုပေါင်း | ၂၁၇၈၅၀၀၀ ဦး |

## ဆိုက်ရောက်ဗီဇာ လျှောက်ထားမှုနှင့်ဝင်ငွေရရှိမှု

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ဆိုက်ရောက်ဗီဇာ လျှောက်ထားမှုနှင့် ဝင်ငွေရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၁၂၄၉၄၂ ဦး | ၆.၀၂ သန်း (ဒေါ်လာ) |
| (ခ) | ၂၀၁၇ ခုနှစ် | ၁၁၈၆၉၅ ဦး | ၅.၆၂ သန်း (ဒေါ်လာ) |
| (ဂ) | ၂၀၁၈ ခုနှစ် | ၁၄၅၀၃၈ ဦး | ၆.၁၇ သန်း (ဒေါ်လာ) |
| (ဃ) | ၂၀၁၉ ခုနှစ် | ၅၀၅၂၀၆ ဦး | ၂၄.၈၉သန်း (ဒေါ်လာ) |
| (င) | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ | ၅၈၇၁၅ ဦး | ၂၈.၈၂ သန်း (ဒေါ်လာ) |

## eVisa စနစ်

ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံသို့ လာရောက်လိုသူများ အင်တာနက် (Online) မှ အဆင်ပြေချောမွေ့စွာ ဗီဇာ လျှောက်ထားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်၍ Online eVisa စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ eVisa စနစ်ဖြင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၀၀) မှ နိုင်ငံသားများအား ကမ္ဘာလှည့်ဗီဇာကိုလည်းကောင်း၊ နိုင်ငံပေါင်း (၅၅) နိုင်ငံမှ နိုင်ငံသားများအား လုပ်ငန်းဗီဇာကိုလည်းကောင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် (၃) ခုနှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက် (၃) ခု၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနှင့် ရိဒ်ခေါဒါရ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ ထွက်ပေါက် (၂) ခုတို့မှ ဝင်ခွင့်ပြုပါသည်။ eVisa စနစ်ဖြင့်ခွင့်ပြုသည့် ဗီဇာအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကမ္ဘာလှည့်ဗီဇာ
(ခ) ကမ္ဘာလှည့်ဗီဇာ (Express Service)
(ဂ) လုပ်ငန်းဗီဇာ

**အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန**
**ဗဟိုအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် (၂၀၁၆)ခုနှစ် မှ (၂၀၂၀)ပြည့်နှစ် ဩဂုတ်လ အထိ**
**နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ထုတ်ပေးပြီးစီးမှု**

| စဉ် | ခုနှစ် | နိုင်ငံသား | ဧည့်နိုင်ငံသား | နိုင်ငံသားပြုခွင့်ရသူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ၂၀၁၆ | ၄၀ | | ၆၂၉ | ၆၆၉ |
| ၂ | ၂၀၁၇ | ၁၂၀ | ၁၂ | ၆၅၉ | ၇၉၁ |
| ၃ | ၂၀၁၈ | ၁၂၄ | ၁၉ | ၁၅၉၄ | ၁၇၃၇ |
| ၄ | ၂၀၁၉ | ၂၂ | ၉၅ | ၁၁၁၉၄ | ၁၁၃၁၁ |
| ၅ | ၂၀၂၀ (ဩဂုတ်လ အထိ) | ၆၄ | ၁၃၁ | ၄၄၇၉ | ၄၆၇၄ |
| | စုစုပေါင်း | ၃၇၀ | ၂၅၇ | ၁၈၅၅၅ | ၁၉၁၈၂ |




ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (စက်စဲ) တွင် အုတ်စီ/အုတ်ညှပ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။

## e-Visa လျှောက်ထားမှုနှင့် ဝင်ငွေရရှိမှု

၂၀၁၆ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ e-Visa လျှောက်ထားမှုနှင့် ဝင်ငွေရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၂၈၉၂၀၅ ဦး | ၁၀.၈ သန်း (ဒေါ်လာ) |
| (ခ) | ၂၀၁၇ ခုနှစ် | ၃၇၇၃၁၀ ဦး | ၁၄.၃ သန်း (ဒေါ်လာ) |
| (ဂ) | ၂၀၁၈ ခုနှစ် | ၄၁၇၅၂၃ ဦး | ၁၆.၃ သန်း (ဒေါ်လာ) |
| (ဃ) | ၂၀၁၉ ခုနှစ် | ၅၃၁၉၉၈ ဦး | ၂၁.၅ သန်း (ဒေါ်လာ) |
| (င) | ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ | ၁၃၈၂၇၇ ဦး | ၆.၃ သန်း (ဒေါ်လာ) |

## ကမ္ဘာလှည့်ခရီးသည်များအား ဗီဇာကင်းလွတ်ခွင့်ပြုမှု

ဂျပန်၊ တောင်ကိုရီးယား၊ မကာအိုနှင့် ဟောင်ကောင်တို့မှ ကမ္ဘာလှည့်ခရီး သည်များအား (၁-၁၀-၂၀၁၈) ရက်နေ့မှစတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ဗီဇာ ကင်း လွတ်ခွင့်ဖြင့် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များမှ တစ်ဆင့် ဝင်/ထွက်ခွင့်ပြုမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဂျပန် | ၁၁၆၁၁၄ ဦး၊ |
| (ခ) | တောင်ကိုရီးယား | ၁၃၀၄၆၀ ဦး၊ |
| (ဂ) | မကာအို | ၄၂၉၂၆ ဦး၊ |
| (ဃ) | ဟောင်ကောင် | ၆၀၇၈ ဦး၊ |

## လေဆိပ်များနှင့် ဆိပ်ကမ်းတို့မှ ဝင်ရောက်မှု

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့မှ နိုင်ငံခြားသားဝင်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၈၄၅၃၁၆ ဦး၊ |
| (ခ) | ၂၀၁၇ ခုနှစ် | ၁၃၁၉၇၇၆ ဦး၊ |
| (ဂ) | ၂၀၁၈ ခုနှစ် | ၂၃၀၅၂၂၄ ဦး၊ |
| (ဃ) | ၂၀၁၉ ခုနှစ် | ၁၈၀၁၀၁၃ ဦး၊ |
| (င) | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ | ၃၂၇၀၃၁ ဦး၊ |

## နယ်စပ်ဝင်/ထွက်ပေါက်များမှဝင်ရောက်မှု

၂၀၁၆ ခုနှစ်မှ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လအထိ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ ထွက် ပေါက်များမှ နိုင်ငံခြားသား ဝင်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | Passport Visa ဖြင့် ဝင်ရောက်မှု | နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်ဖြင့်ဝင်ရောက်မှု | စုစုပေါင်း ဝင်ရောက်မှု |
|---|---|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၆၀၆၆၇ ဦး | ၁၆၃၄၆၁၁ ဦး | ၁၆၉၅၂၇၈ ဦး |
| (ခ) | ၂၀၁၇ ခုနှစ် | ၄၁၈၆၅ ဦး | ၂၀၈၀၁၈၅ ဦး | ၂၁၂၂၀၅၀ ဦး |
| (ဂ) | ၂၀၁၈ ခုနှစ် | ၅၃၀၁၄ ဦး | ၂၁၅၈၀၁၃ ဦး | ၂၂၁၁၀၂၇ ဦး |
| (ဃ) | ၂၀၁၉ ခုနှစ် | ၁၂၉၃၇၁ဦး | ၂၄၃၄၂၅၅ ဦး | ၂၅၆၃၆၂၆ ဦး |
| (င) | ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ | ၄၀၄၀၁ ဦး | ၄၉၅၂၄၄ ဦး | ၅၃၅၆၄၅ ဦး |

အချပ်ပို (စ) သို့

**ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံသို့ လာရောက်လိုသူများ အင်တာနက် (Online) မှ အဆင်ပြေချောမွေ့စွာ ဗီဇာ လျှောက်ထားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်၍ Online eVisa စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ eVisa စနစ်ဖြင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၀၀) မှ နိုင်ငံသားများအား ကမ္ဘာလှည့်ဗီဇာကိုလည်းကောင်း၊ နိုင်ငံပေါင်း (၅၅) နိုင်ငံမှ နိုင်ငံသားများအား လုပ်ငန်းဗီဇာကိုလည်းကောင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် (၃) ခုနှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက် (၃) ခု၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနှင့် ရိဒ်ခေါဒါရ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ ထွက်ပေါက် (၂) ခုတို့မှ ဝင်ခွင့်ပြု**

**နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အခြားနိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ပြည်ပရောက်မြန်မာနိုင်ငံ သားဟောင်းမှ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့် လျှောက်ထားသူ (၃၂၆) ဦးရှိပြီး (၂၇၆) ဦးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့**

အချပ်ပို (င)မှ

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်ဖွင့်လှစ်ခြင်း

၂၀၁၈ ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့၏ နှစ်နိုင်ငံအကြားနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အား ချုပ်ဆိုနိုင်ခဲ့ပါသည်။ အဆိုပါနယ်စပ်ဖြတ်သန်းသွားလာရေးသဘောတူ စာချုပ်အရ (၈-၈-၂၀၁၈)ရက်နေ့တွင် တမူး-မိုရဲရေး၊ ရိခေါဒါရ်-ဇိုခေါသာရ်တို့ နှစ်ခုအား အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များအဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့သဖြင့် နှစ်နိုင်ငံသားများ၊ တတိယနိုင်ငံသားများကို နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်၊ နိုင်ငံကူးလက်မှတ်များဖြင့် ဝင်ရောက်ထွက်ခွာခွင့်ပြုနိုင်ခဲ့ပြီးဖြစ်ပါသည်။

## မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားမှုများ

နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အခြားနိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ပြည်ပရောက်မြန်မာနိုင်ငံ သားဟောင်းမှ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့် လျှောက်ထားသူ (၃၂၆) ဦးရှိပြီး (၂၇၆) ဦးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်။

## နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဆောင်ရွက်ပေးမှု

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် မြန်မာနိုင်ငံ၌ ကာလရှည်ကြာစွာလာရောက်နေထိုင် ရင်းနှီးမြှုပ်နှံလိုသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားများအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ နည်းဥပဒေကို(၁၈-၁၁-၂၀၁၄) ရက်နေ့တွင် အတည်ပြုထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ၂၀၁၆ မှ ၂၀၂၀ ဩဂုတ်လအထိ လျှောက်ထားသူ (၄၂၇) ဦးရှိသည့် အနက် ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုထားသူ (၉၅) ဦးအပါအဝင် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ခွင့်ပြုသူ (၄၄၄) ဦးရှိပြီး ဖြစ်ပါသည်။

## အမျိုးသားမှတ်ပုံတင်ရေးနှင့်နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း

အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနအနေဖြင့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း

အစိုးရသစ်ကာလအတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည့် အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ခုနှစ် | ထုတ်ပေးမှုအရေအတွက် |
|---|---|---|
| ၁။ | ၂၀၁၆ | ၁၂၇၅၅၈၇ |
| ၂။ | ၂၀၁၇ | ၁၂၆၃၅၂၁ |
| ၃။ | ၂၀၁၈ | ၁၃၆၆၀၁၂ |
| ၄။ | ၂၀၁၉ | ၁၄၅၂၀၇၅ |
| ၅။ | ၂၀၂၀ | ၆၇၄၂၄၆ |
| | စုစုပေါင်း | ၆၀၃၁၄၄၁ |

## နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ထုတ်ပေးရေးဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် တိုင်းရင်းသား ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ခြင်းမရှိသူများနှင့် နိုင်ငံသား သံသယရှိသူများ၊ NV ကတ်ကိုင်ဆောင်ထားသူများအား မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅ ပါ ပြဋ္ဌာန်းချက်များ အတိုင်း ဗဟိုအဖွဲ့မှ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် ဆုံးဖြတ်ပေးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး လျှောက်ထားသူများအား ဗဟိုအဖွဲ့မှ ဥပဒေနှင့်အညီ သတ်မှတ်ဆုံးဖြတ်သည့်အတိုင်း ကိုင်ဆောင်ရမည့် လက်မှတ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

## ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်း

ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ပြည်သူ့အင်အားစာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ၁၉၈၃ ခုနှစ် နောက်ပိုင်း နှစ်ပေါင်း (၃၀) ကျော်ကြာ ကောက်ယူနိုင်ခဲ့ခြင်းမရှိသည့် လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ခရိုင်အဆင့်အချက်အလက်များ ရရှိရေးအတွက် ကောက်ယူနိုင်ခဲ့ပါသည်။

## ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း၏ရလဒ်များမှ စာတမ်းနှင့် အစီရင်ခံစာများထုတ်ပြန်ခြင်း

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရလဒ်များအပေါ် အခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာမှုများပြုလုပ်ခဲ့ပြီး အောက်ပါသုတေသနစာတမ်းများ၊ အစီရင်ခံစာများကို ထုတ်ပြန်နိုင်ခဲ့ပါသည်-

| | ထုတ်ပြန်သည့်စာတမ်းအမည် | ထုတ်ပြန်သည့်ခုနှစ် |
|---|---|---|
| (က) | မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း | ၂၀၁၆ |
| (ခ) | သေဆုံးခြင်း | ၂၀၁၆ |
| (ဂ) | ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း | ၂၀၁၆ |
| (ဃ) | လူဦးရေပြောင်းလဲခြင်း | ၂၀၁၆ |
| (င) | ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း | ၂၀၁၇ |
| (စ) | ပညာရေးအကြောင်းအရာ | ၂၀၁၇ |
| (ဆ) | လုပ်သားအင်အားအကြောင်းအရာ | ၂၀၁၇ |
| (ဇ) | အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ | ၂၀၁၇ |
| (ဈ) | ကျား/ မ အလိုက် ခွဲခြားလေ့လာခြင်း | ၂၀၁၇ |
| (ည) | မသန်စွမ်းမှုအကြောင်းအရာ | ၂၀၁၇ |
| (ဋ) | သက်ကြီးရွယ်အိုအကြောင်းအရာ | ၂၀၁၇ |
| (ဌ) | ကလေးသူငယ်နှင့်လူငယ်လူရွယ်အကြောင်းအရာ | ၂၀၁၇ |
| (ဍ) | လူဦးရေခန့်မှန်းခြင်း | ၂၀၁၇ |
| (ဎ) | သန်းခေါင်စာရင်းရလဒ်မြေပုံများ | ၂၀၁၇ |
| (ဏ) | သန်းခေါင်စာရင်းအနှစ်ချုပ် | ၂၀၁၇ |
| (တ) | Multidimensional Welfare in Myanmar Report | ၂၀၁၈ |
| (ထ) | ခရိုင်နှင့် မြို့နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်း (၂၀၁၄-၂၀၃၁) | ၂၀၁၈ |
| (ဒ) | Population Estimates (၁၉၈၃-၂၀၁၄) | ၂၀၁၉ |
| (ဓ) | ၂၀၁၅ခုနှစ် မြန်မာနိုင်ငံ၏ အာဟာရအခြေအနေလေ့လာမှုစစ်တမ်း | ၂၀၂၀ |

ပြည်တွင်း/ပြည်ပမှ သန်းခေါင်စာရင်း အချက်အလက်အသုံးပြုလိုသူများ လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် သန်းခေါင်စာရင်းအစီရင်ခံစာများကို PDF format ဖြင့်လည်းကောင်း၊ ဇယားများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်အထိ လူဦးရေစာရင်းများအား Excel Format ဖြင့်လည်းကောင်း၊ www.dop.gov.mm Website တွင် (၂၃-၈-၂၀၁၈) ရက်နေ့မှ စတင်လွှင့်တင်ခဲ့ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များအားလုံးနှင့် မြို့နယ်ပေါင်း (၃၁၅) မြို့နယ်တွင် သန်းခေါင်စာရင်းအချက်အလက် အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းမှရရှိလာသော အချက်အလက်များကို ပွင့်လင်းမြင်သာစွာဖြင့် မီဒီယာမျိုးစုံမှ ထုတ်ပြန်ခဲ့သဖြင့် Open data Inventory 2017 Annual Report တွင် မြန်မာနိုင်ငံသည် အဆင့် (၈၁) တွင် ရပ်တည်နေပြီး အရှေ့တောင်အာရှတွင် အဆင့် (၅) ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

## ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ လက်ရှိနှင့်အနာဂတ် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာ ခန့်မှန်းနိုင်ရန်လိုအပ်ခြင်းနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လွှမ်းခြုံကိုယ်စားပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်နေသည့် အညွှန်းကိန်းများ ရရှိနိုင်ရေးကို အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတကာတွင် အသုံးပြုနေကြသည့် စာရင်းအင်းဆိုင်ရာ ခေတ်မီနည်းစနစ်များကို စမ်းသပ်အသုံးပြုခြင်းဖြင့် ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းအတွက် ကြိုတင်လေ့လာပြင်ဆင်ထားနိုင်ရန်တို့အတွက် ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းမှ ခရိုင်အဆင့်ကိုယ်စားပြုသည့် အညွှန်းကိန်းများရရှိနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နမူနာကောက်ကွက်ပေါင်း (၄,၂၀၀) ခန့်ကို ရွေးချယ်ခဲ့ပြီး နိုင်ငံတကာတွင် အသုံးအများဆုံးဖြစ်သည့် Computer-Assisted Personnel Interviewing (CAPI) နည်းစနစ်ကို အသုံးပြုပြီး Mobile Tablet ဖြင့် ကောက်ယူခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းရှေ့ပြေးရလဒ်ကို (၃၁-၈-၂၀၂၀) ရက်နေ့ တွင် ထုတ်ပြန်ပေးနိုင်ခဲ့ပြီး ရရှိသောအချက်အလက်များမှ ရှေ့ပြေးရလဒ်များ အစီရင်ခံစာ(PDF) နှင့် အစီရင်ခံစာပါ အကြောင်းအရာအလိုက် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အညွှန်းကိန်းအချက်အလက်များကို အများပြည်သူလွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် Excel Format တို့ဖြင့် ဌာန၏ Website တွင် လွှင့်တင်ထားပြီးဖြစ်ပါသည်။

## ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ ကို အခြေခံပြီး မြန်မာနိုင်ငံတွင် လူဦးရေဆုလာဘ်ရရှိနေမှုကို ရှေ့ဆက်ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် လူဦးရေပြောင်းလဲမှုဖြစ်စဉ် အခြေအနေအစီရင်ခံစာ၊ မြန်မာနိုင်ငံတွင် လူဦးရေဆုလာဘ် နှစ်ဆရရှိမှု (ကျား/မ ရေးရာနှင့် လူငယ်) ကို အသုံးချမည့်လမ်းပြမြေပုံ (Status of Demographic Transitions Report: A Roadmap for Harnessing the Demographic Double Dividend (Gender and Youth in Myanmar)) ခေါင်းစဉ်ဖြင့် အစီရင်ခံစာကို မြန်မာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့နှင့် ပူးပေါင်း၍ ပြုစုရေးသားလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် မကုန်မီ ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဘာသာရပ်အလိုက် အသေးစိတ် သုတေသနစာတမ်းများ ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့အင်အားဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ သန်းခေါင်စာရင်း လုပ်ငန်းစဉ်များ၊ လူဦးရေဆိုင်ရာ လှုပ်ရှားမှုများနှင့် အစီရင်ခံစာများထုတ်ပြန်ခြင်းများကို Department of Population Facebook စာမျက်နှာတွင်လည်း တင်ပြထားရှိပါသည်။

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှု

နိုင်ငံတော်အစိုးရ၏ ပြီးခဲ့သည့် (၄) နှစ် ကျော်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများအား ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းအား ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်း၊ ကောက်ယူထားသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်၍ အချက်အလက် အသုံးပြုသူများထံ အလွယ်တကူ ရယူအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ကြားဖြတ်လူဦးရေသန်းခေါင် စာရင်းကောက်ယူခြင်း စသည့်လုပ်ငန်းများကို သစ္စာစီမံချက်ရေးဆွဲကာ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများအဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဌာန၏အဓိကလုပ်ငန်းတာဝန်ကြီး (၃) ရပ်ကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

**ပင်စင်ဦးစီးဌာန**

ပင်စင်ဦးစီးဌာန၏ ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုကို လက်ရှိ မူဘောင်အတွင်း ပြောင်းလဲမှုများနှင့် စနစ်တစ်ခုလုံး ပြောင်းလဲမှု ဟူ၍ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်သည် နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံသည့် စနစ်ဖြစ်၍ ပင်စင်စားအင်အား နှစ်စဉ်တိုးတက်လာသည့်အပြင် ပင်စင်စားများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲနေရပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပင်စင်အသုံးစရိတ် စုစုပေါင်းကျပ်ဘီလီယံ (၁,၁၁၆.၀၈၄ ) ဖြစ်ပြီး GDP၏ (၁.၀၅%)၊ နိုင်ငံတော် ရငွေ၏ (၄.၈၉%) နှင့် နိုင်ငံတော်စုစုပေါင်းအသုံးစရိတ်၏ (၄.၀၄%) နီးပါးအထိရှိလာပြီဖြစ်၍ စုစုပေါင်း အခွန်ရငွေ၏ ၆ ပုံ ၁ ပုံ အား အသုံးပြုနေရပါသည်။

အဆိုပါ ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲနေရခြင်းကို လျော့ကျစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ရန်ပုံငွေစနစ်ဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရန်ပုံငွေကို အခြေခံ၍ ခံစားခွင့်ပြုသည့် စနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund–CPF) အား ထူထောင်နိုင်ရန် ဥပဒေကြမ်းရေးဆွဲခဲ့ပြီး အဆိုပါဝန်ထမ်း နောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ၆-၈-၂၀၂၀ ရက်နေ့တွင် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးနိုင်ရန် ပေးပို့ထားပြီး ဖြစ်ပါသည်။

ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အငြိမ်းစားအကျိုးခံစားခွင့်များကို အငြိမ်းစားယူသည့်လနှင့် တစ်ဆက်တည်းရရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ပင်စင်ဦးစီးဌာနသည် ဦးစီးဌာနများမှ အငြိမ်းစားယူသော ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ ခံစားနိုင်ရေးအတွက် ပင်စင်ငွေပေးမိန့်များ ထုတ်ပြန်ပေးခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားယူသော ဝန်ထမ်းများအတွက် အစီရင်ခံစာများ ထုတ်ပြန်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ပင်စင်စနစ်အား Parametric Reform အဖြစ် စတင်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ရာ အကျိုးသက်ရောက်မှုများအဖြစ် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူကြသည့်အခါ အကျိုးခံစားခွင့်များ လျင်မြန်စွာရရှိရေးအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပင်စင်ဦးစီးမှူးရုံးများကို ဖွင့်လှစ်ဆောင်ရွက်ပေးနေခြင်းကြောင့် အငြိမ်းစားယူသည့် ဝန်ထမ်းများအနေဖြင့် မိမိနေထိုင်ရာဒေသများတွင်ပင် အကျိုးခံစားခွင့်များ မြန်မြန်ဆန်ဆန်နှင့် ထုတ်ယူခွင့်ရရှိနေပြီဖြစ်ပါသည်။ ပြီးပြည့်စုံသည့် အမှုတွဲများကို လက်ခံရရှိသည့်နေ့မှ ( ၅ ) ရက်အတွင်း အပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

လျှော့ပေါ့ပင်စင်ခံစားခွင့်ပြုခြင်း အထူးပင်စင်ခံစားခွင့်ပြုခြင်းတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းသည် ပင်စင်ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူပြီး ၎င်းသဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆိုပြုတင်ပြ၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပင်စင်ခံစားခွင့်ပြုနိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

ကွယ်လွန်သွားသည့် အငြိမ်းစားများအတွက် ထုတ်ပေးရန်ကျန်ရှိသော ပင်စင်လစာငွေနှင့် ပတ်သက်၍ ယခင်က မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပင်စင်ဦးစီးဌာနသို့ လျှောက်ထားရာတွင် လစာ ကျန်ငွေပမာဏ ကျပ် ၂၅၀၀၀၀/- နှင့်အထက်အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရာမှ ယခုအခါ ငွေပမာဏကျပ် ၁၀ သိန်းအထိအား ပင်စင်ဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်ပေးပြီး ကျပ် ၁၀ သိန်း အထက်ကျော်လွန်သည့် ကိစ္စရပ်များကိုသာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ခွင့်ပြုချက်ရယူရေးကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အငြိမ်းစားလစာ ထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင် လစာ ထုတ်ယူရာတွင် ပင်စင်စားများ အချိန်ကုန်လူပန်းသက်သာစေရန်နှင့် လွယ်ကူအဆင်ပြေစေရန် Mytel Pay, MPT Money, Wave Money, Myanmar Mobile Money (mmm), Easy Pay အစရှိသဖြင့် Mobile Money အသုံးပြုမှု

■ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်သည် နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံသည့် စနစ်ဖြစ်၍ ပင်စင်စားအင်အား နှစ်စဉ် တိုးတက်လာသည့်အပြင် ပင်စင်စားများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲနေရပါသည်။

■ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပင်စင်အသုံးစရိတ် စုစုပေါင်းကျပ် ဘီလီယံ (၁,၁၁၆.၀၈၄) ဖြစ်ပြီး GDP ၏ (၁.၀၅%)၊ နိုင်ငံတော်ရငွေ၏ (၄.၈၉%) နှင့် နိုင်ငံတော်စုစုပေါင်းအသုံးစရိတ်၏ (၄.၀၄%) နီးပါးအထိ ရှိလာပြီဖြစ်၍ စုစုပေါင်း အခွန်ရငွေ၏ ၆ ပုံ ၁ ပုံ အား အသုံးပြုနေရ

❍ **ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အငြိမ်းစားအကျိုးခံစားခွင့်များကို အငြိမ်းစားယူသည့်လနှင့် တစ်ဆက်တည်းရရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

❍ **မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အငြိမ်းစားလစာ ထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာ ထုတ်ယူရာတွင် ပင်စင်စားများ အချိန်ကုန်လူပန်းသက်သာစေရန်နှင့် လွယ်ကူအဆင်ပြေစေရန်** Mytel Pay, MPT Money, Wave Money, Myanmar Mobile Money (mmm), Easy Pay **အစရှိသဖြင့်** Mobile Money **အသုံးပြုမှု တွင်ကျယ်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အငြိမ်းစားမိဘပြည်သူများအား အသိပညာပေး ဆောင်ရွက်လျက်ရှိ**

*အချပ်ပို (၈) သို့*

*အချပ်ပို (ဆ) မှ*

တွင်ကျယ်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အငြိမ်းစားမိဘပြည်သူများအား အသိပညာပေး ဆောင်ရွက်လျက်ရှိပါသည်။

ပင်စင်ဦးစီးဌာနသည် ၁-၄-၂၀၁၈ မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စား (၄၂၂၅၆၃) ဦးအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေးအတွက် ငွေပေးမိန့်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်အသီးသီးသို့ ပေးပို့ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်းပြည့် ပေးပို့ဆောင်ရွက်ပြီးစီးပါသည်။

မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူနေသော ပင်စင်စားများ၏ တိုးမြှင့်ပင်စင် လစာများအား မြန်မြန်ဆန်ဆန်ထုတ်ယူနိုင်ရေးနှင့် ပင်စင်စားများအားလုံး ထုတ်ယူခွင့်ရရှိရေးတို့အတွက် ပင်စင်ဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (One Stop Service) ကို မြန်မာ့စီးပွားရေးဘဏ်များသို့သွားရောက်၍ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။ ပင်စင်ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများနှင့် နီးစပ်သောဘဏ်များတွင် တိုးမြှင့်ပင်စင်လစာ ငွေထုတ်ယူနိုင်ရန် အခက်အခဲရှိနေသော ပင်စင်စားများကို အရာထမ်း (၁) ဦး၊ အမှုထမ်း (၂) ဦး ပါဝင်သော အဖွဲ့များမှ One Stop Service ဆောင်ရွက်နည်းဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။

**"ပင်စင်ဦးစီးဌာနသည် ၁-၄-၂၀၁၈ မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စား (၄၂၂၅၆၃) ဦးအား တိုးမြှင့် ပင်စင်ခံစားခွင့်ရရှိရေးအတွက် ငွေပေးမိန့်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်အသီးသီးသို့ ပေးပို့ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်းပြည့် ပေးပို့ဆောင်ရွက်ပြီးစီး"**

# မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏
## IBFT ( Inter Bank Fund Transfer ) ဝန်ဆောင်မှု

**နိုင်ငံတော်ပိုင်ဘဏ်များထဲတွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည်** MPU NEW IST Switch **နှင့်** (၂၂-၁-၂၀၁၉) **ရက်နေ့တွင် ပထမဆုံးချိတ်ဆက်နိုင်ခဲ့ပြီး** IBFT (Inter Bank Fund Transfer) **ဝန်ဆောင်မှုကို** (၄-၉-၂၀၂၀) **ရက်နေ့မှစတင်၍ နိုင်ငံတော်ပိုင်ဘဏ်များထဲတွင် ပထမဆုံးအသုံးပြုနိုင်ပြီးဖြစ်၍** MFTB **ရှိ** ATM **များမှ** IBFT **ဝန်ဆောင်မှုရရှိသည့် အခြားဘဏ်၏** MPU Card **များသို့ ငွေလွှဲပြောင်းခြင်းနှင့်** IBFT **ဝန်ဆောင်မှုရရှိသည့် ဘဏ်များ၏** ATM **များမှ** MFTB **၏** MPU Card **များသို့ ငွေလွှဲပြောင်းခြင်း ဝန်ဆောင်မှုကို ရယူနိုင်ပြီဖြစ်ပါသည်။** COVID-19 **ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း** MPU Card **အသုံးပြုသည့် ပြည်သူများအနေဖြင့် ဘဏ်သို့သွားရောက်ရန်မလိုဘဲ** MPU Card **များဖြင့် ငွေလွှဲဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။**

